
mgyoe.com SAMPLE BOOK



နေလင်း

# သောတာပတ္တိ မဂ်ခရီး

2024.GRAPHIC DESIGN : KYAW MINN MOUNG

mgyoe.com

mgyoe.com SAMPLE BOOK

နေလင်း

# သောတာပတ္တိ မဂ်ခရီး

ISBN 978-99986-52-22-4
9 789998 652224 >

mgyoe.com


mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပုံနှိပ် –အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်–၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းပုံနှိပ် –မျိုးမျိုး ပုံနှိပ်တိုက် (၀၁၅၃၃)
အမှတ်–၁၁၊ ၅၆–လမ်း၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။
ပထမအကြိမ် – ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီ၊ ကံ့ကော်ဝတ်ရည်။
မျက်နှာဖုံးသရုပ်ဖော်– ကျော်မင်းမောင်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၉၅၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

# မာတိကာ

mgyoe.com
SAMPLE BOOK


၁။ လူသားပဓာနဝါဒ မှ အနတ္တဝါဒသို့ (အပိုင်း ၁) ၁
၂။ လူသားပဓာနဝါဒ မှ အနတ္တဝါဒသို့ (အပိုင်း ၂) ၆
၃။ အနတ္တ နှင့် ဖြစ်တည်မှု ပဓာနဝါဒ ၉
၄။ အနတ္တ ၁၂
၅။ မိဘ နှင့် သားသမီး ၁၄
၆။ အာသဝ ၁၅
၇။ မောဟ ၁၇
၈။ နာမ်ရုပ် သိသောဉာဏ် နှင့် ကြောင်းကျိုးသိမ်းဆည်းသိသောဉာဏ် ၁၉
၉။ ငါ သူ ဆိုသည်မှာ ဖန်တီးထားသော ပညတ်သာ ၂၂
၁၀။ ဝိနိပါတိကဘေး ၂၃
၁၁။ ဝိနိပါတိကဘေး (၂) ၂၅
၁၂။ လောကဓာတ်ခံ ၂၇
၁၃။ ဒုက္ခသစ္စာ ပိုင်းခြားသိရမယ့်အရာ ၂၉
၁၄။ ပညတ် နှင့် ပရမတ် ၃၁
၁၅။ ဗုဒ္ဓဘာသာ သို့မဟုတ် တစ်ခုတည်းသော အမှန်တရား ၃၃
၁၆။ ဖြစ်တည်မှု ပျောက်ဆုံးခြင်း (သုညတဓမ္မ) ၃၅
၁၇။ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး ၃၇
၁၈။ သေခြင်းတရားဆိုတာ ၄၁
၁၉။ သင်္ခါရဒုက္ခ ၄၃
၂၀။ မပိုင်သောရုပ်နာမ် ၄၅
၂၁။ တရားအားထုတ်တယ်ဆိုတာ – အပိုင်း(၁) ၄၈
၂၂။ တရားအားထုတ်တယ်ဆိုတာ – အပိုင်း(၂) ၅၃
၂၃။ ဗုဒ္ဓဘာသာ ၅၈
၂၄။ ဗုဒ္ဓသာသနာ ၆၀
၂၅။ မထိန်လင်းနိုင်သည့် သာသနာ ၆၂
၂၆။ ဘာသာရေးမှိုင်း ၆၄
၂၇။ အခြားဘာသာဝင်များအပေါ် ဗုဒ္ဓဘာသာ၏ သဘောထား ၆၈
၂၈။ အရိပ်ပြပွဲ ၇၁


mgyoe.com

၂၉။ အဓိပ္ပာယ်ပျောက်ဆုံးသွားသော စကားလုံးများ ၇၄
၃၀။ ဒိဋ္ဌိကို ပွားများမှုနှင့် ပယ်သတ်ခြင်း ၇၆
၃၁။ ဆေးခါးကြီး ၇၉
၃၂။ သက္ကာယဒိဋ္ဌိ ၈၀
၃၃။ ငါ သူ ပုဂ္ဂိုလ်သတ္တဝါ မရှိပါ ၈၄
၃၄။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ၈၆
၃၅။ သမ္မာဒိဋ္ဌိ၏ သဘော ၈၈
၃၆။ မဂ္ဂင်ရှစ်ပါး ၉၀
၃၇။ ဒိဋ္ဌိ အရှုံးပေးရသော ရုပ်နာမ် ဖြစ်ပျက် ၉၂
၃၈။ ဒုက္ခသစ္စာ သမုဒယသစ္စာ သံသရာ ၉၇
၃၉။ ပကတိ အမှန်တရား ၉၉
၄၀။ စိတ္တေန နီယျတေ လောကော ၁၀၃
၄၁။ သစ္စာလေးပါး ၁၀၅
၄၂။ သဗ္ဗေ ဓမ္မာ အနတ္တာ (၁) ၁၀၈
၄၃။ သဗ္ဗေ ဓမ္မာ အနတ္တာ (၂) ၁၁၀
၄၄။ သင်္ခါရမှ အနတ္တကို သိမ်းဆည်းခြင်း ၁၁၄
၄၅။ မောဟဆိုတာ ၁၁၈
၄၆။ သင်္ခါရတရား နှင့် အတ္တမရှိခြင်း ၁၂၂
၄၇။ ပညာဆိုတာ ၁၂၄
၄၈။ နိရောဓ သို့မဟုတ် အဖြစ်သင့်ဆုံး အမှန်တရား ၁၂၇
၄၉။ န အတ္တ = အနတ္တ (အတ္တမရှိ) ၁၂၉
၅၀။ ဒုက္ခ အမှန်တရား ၁၃၂
၅၁။ ကိုယ့်ကိုကိုယ် အပြစ်တင်စိတ်ကို ကျော်ဖြတ်ခြင်း ၁၃၄
၅၂။ နောက်ဘဝ၊ ဘဝတဏှာ နှင့် ဝိဘဝတဏှာ ၁၃၈
၅၃။ အရာအားလုံးသည် တရားများသာ ၁၃၉
၅၄။ ဝိပဿနာ လို တို ရှင်း ၁၄၁
၅၅။ သောတာပတ္တိမဂ်ခရီး ၁၄၅
၅၆။ သောတာပတ္တိမဂ်ခရီး (၂) ၁၅၀
၅၇။ သောတာပတ္တိမဂ်ခရီး (၃) ၁၅၀
၅၈။ သောတာပတ္တိမဂ်ခရီး (၄) ၁၅၃

mgyoe.com SAMPLE BOOK
mgyoe.com

၅၉။ သောတာပတ္တိမဂ်ခရီး (၅) ၁၅၇

၆၀။ သောတာပတ္တိမဂ်ခရီး (၆) ၁၅၉

၆၁။ နိုင်ငံတွင်း သာသနာပြုမှုနှင့် ပတ်သက်၍ ၁၆၃

၆၂။ အမှန်သိမြင်ခြင်း သမ္မာဒိဋ္ဌိ ၁၆၅

၆၃။ ရီဇော်လူးရှင်း သီအိုရီနှင့် တက်ကပ် ဆုပ်ကပ် ၁၆၇

၆၄။ Truth, the whole truth, nothing but the truth ၁၆၈

၆၅။ ကိလေသာ ခိုအောင်းရာ ၁၇၀

၆၆။ ကမ္မဝဋ်မှ လွတ်ခြင်း ၁၇၂

၆၇။ သံသရာ၊ လူ့ဘဝတန်ဖိုး နှင့် မရဏာ နုဿတိ ၁၇၅

၆၈။ ဘုရားဖူးကြရအောင် ၁၈၀

၆၉။ ဖြစ်ပျက် နှင့် မဂ် ၁၈၃

၇၀။ သမထ ယာနိက နှင့် ဝိပဿနာ ယာနိက ၁၈၅

၇၁။ ဗုဒ္ဓ နှင့် ဓမ္မ ၁၈၈

၇၂။ အနတ္တ (သတ္တဝါ ဆိုတာ မရှိပါ) ၁၉၁

၇၃။ "ငါတွေးသည်၊ ထို့ကြောင့် ငါရှိသည်" ၁၉၅

၇၄။ လူငယ်များ နှင့် ဘာသာတရား ၁၉၇

၇၅။ ဆိုးရွားယုတ်မာသော ဒိဋ္ဌိ နှင့် တဏှာ ၂၀၂

၇၆။ ခရီတရားမှ သိမ်းဆည်းခြင်း ၂၀၄

၇၇။ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ၂၀၆

၇၈။ တရားအားထုတ်ရန် လိုအပ်ချက်များ ၂၁၁

၇၉။ တစ်ကြိမ်တွင် တစ်ခုသာ ဖြစ်သော တရားများ ၂၁၅

၈၀။ မြတ်စွာဘုရား အောင်တော်မူခြင်း ၂၁၈

၈၁။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား ၂၂၁

၈၂။ သဗ္ဗေ ဓမ္မာ အနတ္တာ ၂၂၅

၈၃။ မဖြစ်သင့်သော လူမျိုးရေး နှင့် ဖြစ်သင့်သော ဘာသာရေး ၂၃၁

၈၄။ ဥပါဒန် ၂၃၆

၈၅။ ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံးပန်းတိုင် ၂၄၀

၈၆။ အတ္တဒိဋ္ဌိ အပါယ်ပို့ပုံ ၂၄၁

၈၇။ အသက်ထက် အရေးကြီးသော ပညာ ၂၄၂

၈၈။ တူညီသော တရားများသာ ၂၄၆


mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK


၈၉။ ဒိဋ္ဌိ ကိလေသာ ၂၄၉

၉၀။ ဒိဋ္ဌိ ဖြစ်ကြောင်းနဲ့ ဒိဋ္ဌိ ပြုတ်ကြောင်း ၂၅၅

၉၁။ အတ္တာဟိ အတ္တနော နာထော ၂၅၈

၉၂။ အရေးကြီးဆုံးသော ပယ်ရှားရမည့် ကိလေသာ ၂၆၄

၉၃။ ရှူးခါနေသော ပုထုဇဉ် ၂၆၉

၉၄။ ဘယ်မှ မရောက်သော ဥပါဒါန်များ ၂၇၄

၉၅။ အပျက်မှသည် နိဗ္ဗာန်ဆီသို့ ၂၈၀

၉၆။ မြစ်တစ်ခုရဲ့ သဘာဝ ၂၈၃

၉၇။ ဝင်လေ ထွက်လေ ရှုမှတ်ကြသူများအတွက် ၂၈၈

၉၈။ သမိုင်းဆိုတာ ၂၈၉

၉၉။ နာမရူပ ပရိစ္ဆေဒ ဉာဏ် ၂၉၀

၁၀၀။ ဝိပဿနာ သမ္မာဒိဋ္ဌိ ၂၉၄

၁၀၁။ ဗုဒ္ဓဘာသာ ဉာဏ်ပညာ နဲ့ အကြွေး ၂၉၈

၁၀၂။ အတ္တဒိဋ္ဌိနှင့်ပတ်သက်၍ ၃၀၁

၁၀၃။ အဓိပ္ပာယ် မရှိသော ငရဲမင်း ၃၀၂

၁၀၄။ တရားအားထုတ်ဖို့ ထိုင်စရာမလို ၃၀၃

၁၀၅။ သင်္ခါရုပေက္ခာရဲ့ သီလ ၃၀၇

၁၀၆။ အတိတ်ဆိုတာ ဘယ်မှာလဲ ၃၁၁

၁၀၇။ သတ္တဝါမရှိခြင်းနှင့် ဝိဘဇ္ဇဝါဒ ၃၁၄

၁၀၈။ နာမရူပ ပရိစ္ဆေဒ ဉာဏ်မှ သည် သင်္ခါရုပေက္ခာဉာဏ်သို့ ၃၁၅

၁၀၉။ အရိယူပဝါဒ အန္တရာယ် ၃၁၆

၁၁၀။ ဒိဋ္ဌိရဲ့ နောက်ဆုံးခံတပ် ၃၁၆

၁၁၁။ သစ္စာတရားနှင့် မှန်ကန်စွာ ဆိုခြင်း ၃၁၇

၁၁၂။ ဉာဏ်စဉ်များနှင့် ပတ်သက်၍ ၃၁၈

၁၁၃။ ဝိပ္ပလ္လာသတရား ၁၂ ပါး ၃၂၂

၁၁၄။ အားထုတ်သူ မရှိ ၃၂၃

၁၁၅။ နှုတ်ထွက်ခြင်း ၃၂၅


mgyoe.com

mgyoe.com SAMPLE BOOK

## လူသားပဓာနဝါဒ မှ အနတ္တဝါဒသို့ (အပိုင်း ၁)

လောကကြီးမှာ လူသားတစ်ယောက်ဖြစ်ပြီဆိုရင် လူသားရဲ့စွမ်းအားကို အပြည့်အဝ အသုံးချပြီး အမှန်တရား ရှာဖွေခြင်း၊ လူသားရဲ့ စွမ်းအားမှတစ်ပါး ဘာကိုမှ ယုံကြည်ကိုးကွယ်ခြင်း မရှိတဲ့ ဝါဒကို လူသားပဓာနဝါဒ၊ ဖြစ်တည်မှု ပဓာနဝါဒလို့ ခေါ်ပါတယ်။ ဒီလိုဝါဒလက်ကိုင်ထားသူများအတွက် moral value (စိတ်ပိုင်းဆိုင်ရာ စံသတ်မှတ်ချက်) ကတော့ ကိုယ်ချင်းစာတရားပဲ ဖြစ်ပါတယ်။ ဒီလို ဝါဒကနေ အနတ္တဝါဒ တစ်နည်း ပုဂ္ဂိုလ်သတ္တဝါမရှိဆိုတဲ့အယူဝါဒကို ပြောင်းလဲလာပုံကို ပြောပြချင်ပါတယ်။ ဒီနေရာမှာ ကျနော့်အကြောင်းကို အခြေခံ အကြောင်းတရားအနေနဲ့ ပြောရမှာမို့ ကိုယ့်အကြောင်းကိုယ်ပြောခွင့်ပြုပါ။

ကျနော့်ဟာ သဒ္ဓါဆိုတဲ့ ယုံကြည်မှု၊ ဆိုဆုံးမလွယ်သော စိတ်ဆိုတာတွေ မရှိခဲ့ပါဘူး။ တကယ်ကို ဆိုးသွမ်းတဲ့ ဆုံးမမှုမှန်သမျှကို လက်မခံနိုင်တဲ့ ဘာကိုမှ အလွယ်တကူမယုံတတ်တဲ့ အရာရာပေါ်တွယ်ငြိမှု ကိလေသာထူပြောတဲ့သူ တစ်ယောက် ဖြစ်ပါတယ်။ ပြဿနာတွေထဲကို တိုးဝင်ချင်တဲ့စိတ်တွေ၊ အနိုင်လိုချင်တဲ့ စိတ်တွေ၊ မာန်မာနတွေ၊ ပြင်းပြင်းထန်ထန်ကြိုးစားရတာကို ပျော်မွေ့မှုတွေ၊ အပင်ပန်းခံနိုင်မှုတွေ၊ အသိပညာသည်သာ ပထမ၊ ဒုတိယ နဲ့ တတိယ ဆိုတဲ့ စိတ် အပြည့်အနှက်ရှိနေခဲ့ပါတယ်။

အဲဒီအပြင် အယူအဆရေးရာ တိုက်ခိုက်ဖို့ ငြင်းခုန်ဖို့ အင်မတိ အင်မတန်စိတ်ဝင်စားပါတယ်။ လူသားပဓာနဝါဒီ ဖြစ်ခဲ့တာကြောင့် ကိုယ့်ဟာကိုယ် ကြိုးစားပြီးကိုယ်ယုံကြည်ရာ ကိုယ်လုပ်တယ် ဆိုတာအပြင် တခြားလူတွေကိုပါ မငြင်းနိုင်အောင်အမှန်အမှား ခွဲပြချင်ခဲ့ပါတယ်။ လူတစ်ယောက်ဟာ သူမမွေးခင် ရှေးလူများရဲ့ အတွေးအခေါ်တွေ ဉာဏ်ပညာတွေ စုံလင်အောင် သိသင့်ပြီး၊ ပညာဗဟုသုတ ပြည့်စုံချိန်မှာအမှန်တရားကို ရှာဖွေရမယ်၊ ပြီးရင်တော့ ကိုယ်လက်ခံယုံကြည်တဲ့ အမှန်တရားကိုနောက်လူတွေအတွက် လက်ဆင့်ကမ်းခဲ့သင့်တယ်ဆိုတဲ့ အယူအဆရှိပါတယ်။ နာမည်ကြီးဖို့ဆိုတာ မျိုးတော့ လုံးဝကို စိတ်မဝင်စားတာပါ။ အဲလိုတွေပေါ်တော့ မသာယာတတ်ပါဘူး။ အတွေးအခေါ်ပဲ ပြိုင်ချင်တာပါ လူမပြိုင်ချင်ပါဘူး။ ကဂျိုးကကျောင်နဲ့ ဆူးလှည်းကြီးဆွဲပြီးဝင်လာသလိုမျိုး ပြဿနာရှာချင်စိတ်သာအပြည့်ရှိတာပါ။ ဘဝတစ်လျှောက်မှာလည်းကိုယ်မှန်တယ်ထင်တာကို ထင်တဲ့အတိုင်း လုပ်ခဲ့ပါတယ်။ ဆူးလှည်းလို့ နာမည်ပေးရလောက်အောင်လည်း လူတော်တွေ ကြားထဲမှာ အငြင်းအခုန်လုပ်ပြီး ပြဿနာ အကြီးအကျယ် ရှာခဲ့ဖူးပါတယ်။ ဘဝရည်မှန်းချက်တော့ လူတိုင်းလက်ခံနိုင်တဲ့ တစ်ကမ္ဘာလုံးဆိုင်ရာ အတွေးအခေါ်နဲ့ စံသတ်မှတ်ချက်တွေကို သတ်မှတ်ချင်ခဲ့တာပါ။

mgyoe.com

ကျနော် ငယ်ငယ်ကတည်းက စာဖတ်အလွန်ဝါသနာ ပါလေတော့ အဖေ စာအုပ်စင် ကုန်အောင်ဖတ်ခဲ့ဖူးပါတယ်။ အဖေရော အမေရောကလည်း စာဖတ် ဝါသနာ ပါသူတွေမို့ စာအုပ်စင်အကြီး သုံး လေး စင်လောက် ရှိမယ်ထင်ပါတယ်။ အတော်ငယ် သေးတဲ့ အရွယ်မို့ အတိအကျ မမှတ်မိတော့ပါဘူး။ ငယ်စဉ်က ရပ်ကွက်အတွင်း ကစားဖော် ကစားဖက် သူငယ်ချင်း မရှိနိုင်တဲ့ အခြေအနေမို့ စာအုပ်စင်သာရှိတာမို့ စာဖတ်နေရင် ဘဝက ပြီးပြည့်စုံနေတဲ့ လူတစ်ယောက် ဖြစ်ခဲ့ပြီး စာတွေ အများကြီး ဖတ်ခဲ့ပါတယ်။ ၁၉၇၉ မှာ မွေးပြီး ၇ နှစ် ၈ နှစ် လောက်မှာ အဖေစာအုပ်စင်က စာတွေ ဖတ်ခဲ့တာ ဆိုတော့ အဲဒီခေတ်က စာပေတွေနဲ့ ကြီးပြင်းခဲ့တာပေါ့။ ဒီလိုစာအုပ်ပေါင်းစုံ ဖတ်ပြီး နောက်ဆုံးထွက်လာတဲ့ အဖြေကတော့ ဘဝတိုးတက်အောင် လုပ်ဖို့၊ စိတ်ကောင်းရှိဖို့ နဲ့ အောင်မြင်ဖို့အတွက် ဘာမဆို စွန့်လွှတ်ဖို့ ဆိုတာမျိုး ဖြစ်ခဲ့ပါတယ်။ အချစ်စာအုပ်တွေ ကျေးဇူးနဲ့ လူဖြစ်စောတယ်ပြောရမှာပါပဲ သူများတွေ ဘောလုံးကန်ဖို့ ဆော့ဖို့လောက် စဉ်းစားနေတဲ့အချိန်မှာ ကျနော်က ချစ်တတ်နေပါပြီ၊ ရည်းစားထားဖို့ စဉ်းစားနေပါပြီ။ ပထမဆုံး ကောင်းမလေးတစ်ယောက်ကို ပန်းသွားပေးတာ နှစ်တန်း သို့မဟုတ် သုံးတန်း မှာပါ။ စာအုပ်စင် ကုန်အောင်ဖတ်ထားတဲ့ ကျေးဇူးနဲ့ အဲဒီအရွယ်တည်းက ကျနော်အတွေး အခေါ် ပေါင်းစုံ အားကျစရာ ပုဂ္ဂိုလ်ပေါင်းစုံ ဖြစ်နေပါပြီ။ အားအကျဆုံးကတော့ ဗိုလ်ချုပ် အောင်ဆန်းပါ။ တစ်ကြောင်းတည်းသောစိတ် ဆန္ဒာအဓိပတိ ဆိုတာကို အရမ်းကို သဘောကျပါတယ်။ ဦးတည်ချက်တစ်ခုကို သွားတဲ့အခါမှာ လူတွေရဲ့ အမြင်တွေ အပြော တွေ စံသတ်မှတ်ချက်တွေကို ပစ်ပယ်ပြီး ဦးတည်ရာကို ရောက်အောင် သွားခြင်းပေါ်ကို ရင်ထဲအသဲထဲက သဘောကျပါတယ်။ ယောယိမ်းလိုက် ဘာသာယိမ်းလိုက် လောကကြီး ကိုလည်း အပေအတေ လောကကြီးလို့ မြင်လာခဲ့ပါတယ်။ အိုင်းစတိုင်းကိုလည်း အရမ်း သဘောကျပါတယ်။ Day dreaming ခေါ်တဲ့ မယ်မယ်ရရ ရည်ရွယ်ချက်မရှိဘဲ တွေတွေ ဝေဝေနဲ့ တွေးချင်ရာတွေးနေတာမျိုးကိုလည်း လုပ်တတ်ပါတယ်။

ဘာသာတရားနဲ့ပတ်သက်လို့လည်း အဲဒီအရွယ်ထဲက ဘာသာကြီး လေးမျိုး တို့၊ ငါ့ရာ့ ငါးဆယ် နိပါတ်တော်တို့၊ ဓမ္မပဒတို့ ဒါတွေအကုန် ဖတ်ဖြစ်ခဲ့ပါတယ်။ အဖေနဲ့ အမေကလည်း စာအလွန်ဖတ်ကြသူတွေ ဖြစ်တာမို့ ကျနော့် မွေးနေ့တိုင်းမှာလည်း စာအုပ်ပဲ လက်ဆောင်ပေးခဲ့တာပါ။ ဇိနတ္ထပကာသနီတို့၊ ညီတော်အနန္ဒာ၏ တစ်သက်တာ မှတ်တမ်းတို့ ဆိုတာ မှတ်မိနေတဲ့ စာအုပ် တချို့ပါ။ ကျနော့်ရဲ့ အားနည်းချက်ကတော့ မှတ်ဉာဏ်ပါပဲ။ ဖတ်တဲ့စာမှန်သမျှကို နားလည်လွယ်သလောက် မှတ်ဉာဏ် အင်မတန် ညံ့ဖျင်းပါတယ်။ အဲဒီတော့ ကျောင်းစာနဲ့ ပတ်သက်ရင် နောက်တစ်တန်း မတက်ခင် ကတည်းက သင်ရိုးတွေ ကြိုဖတ်ပြီးသား နားလည်ပြီးသား ဖြစ်ပေမယ့် မှတ်ဉာဏ်

အင်မတန်နည်းပါတယ်။ အဲဒီအတွက် ကျောင်းစာမှာ သင်္ချာကလွဲရင် အင်မတန်ညံ့တယ်လို့ ပြောရပါမယ်။ အမြဲတန်းလိုလို အဆင့် ၁၀ နဲ့ ၁၅ ကြားထဲမှာပဲ ရှိပါတယ်။ လုပ်ချင်ပြီဆို မဖြစ်မနေ ခိုးလုပ်တတ်တဲ့အကျင့်၊ ကျောင်းစာကို စိတ်မဝင်စားတဲ့ ကိစ္စ၊ လူဖြစ်မြန်တဲ့ ကိစ္စ၊ ဘယ်လိုဆုံးမ ဆုံးမ ကိုယ်ပိုသိတယ်ဆိုတဲ့ စိတ်မျိုးနဲ့ ပြန်မပြော နားမထောင် အကျင့်တွေကြောင့်လည်း မကြာခဏ အပြင်းအထန် အရိုက်ခံရပါတယ်။ မိဘနဲ့ပတ်သက်ရင် အမြဲဟုတ်ကဲ့ပြောပေမယ့် ကိုယ့်ဟာကိုယ် အထင်ကြီးပြီး လုပ်ချင်ရာကို မရမနေလုပ်တာပါ။ သားသမီး ပြုစုပျိုးထောင်နည်း ဆိုတာလည်း ကိုယ့်ဟာကိုယ် ဖတ်ပြီးသားပဲမို့ပါ။ မိဘပြောတာ နားမဝင်ဘဲ စာအုပ်ပြောတာပဲ နားဝင်တော့ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်မယ်ဆိုတဲ့ စိတ်အပြည့်ပါ။

အရိုက်ခံရမှု အပြောအဆိုခံရမှုတွေကြောင့် အငုံ့စိတ်ရှိသူတစ်ဦးဖြစ်ခဲ့ပါတယ်။ တကယ်တော့ ဆိုဆုံးမရ မလွယ်ကူတဲ့ ကိုယ့်ကိုကိုယ်အထင်ကြီးသူတစ်ယောက် ဖြစ်တဲ့အလျှောက် ထင်ရာစိုင်းတဲ့ အကျင့်ကြောင့် ကိုယ်လုပ်ချင်တာကို ခိုးဝှက်ပြီး လုပ်တယ်၊ အရိုက်ခံရမှာ အပြောခံရမှာ စိုးတဲ့အတွက် လိမ်ညာတယ်၊ အလိမ်ပေါ်တဲ့အချိန်မှာ မင်းဟာလူလိမ်ပဲ အစရှိသဖြင့် အပြောခံရတဲ့အခါမှာတော့ မှန်နေတဲ့အတွက် ကိုယ့်ဟာကိုယ် သိမ်ငယ်တဲ့စိတ်ဖြစ်တာပါ။ ဘယ်သူမပြု မိမိမှုဆိုသလို ကိုယ့်အပြစ်လို့ပဲ ပြောရမှာပါ။ ဘယ်လောက်တောင် ဆိုးသလဲဆိုရင်ဖြင့် ဆေးလိပ် အရက်စသောက်တတ်တာ ၇ တန်းပါ။ အသဲ အကြီးအကျယ် ကွဲတာလည်း ၇ တန်းပါပဲ။ ပထမဆုံးကောင်မလေး အငြင်း ခံရတာက ၅ တန်းပါ။ ဆေးခြောက် စသုံးတာ ၁၀ တန်းပါ။ ရည်းစား အတည်တကျ ရတာလည်း ၁၀ တန်းပါပဲ။ ၁၀ တန်းမှာ ကျနော့်ကို ကျောင်းထားနိုင်အောင် အဖေက R/O အနေနဲ့ သင်္ဘောလိုက်နေတဲ့ အချိန်မှာ ကျနော်က ကောင်မလေးနဲ့ပဲ တစ်ချိန်လုံး အပြင်သွား ကျူရှင်ပိုက်ဆံမှန်သမျှကို ခိုး၊ ပြီးတော့ သူငယ်ချင်းတွေနဲ့ အရက်သောက် ဖဲရိုက်၊ ဒါပေမယ့် ရည်းစားပေါ် အရမ်းသစ္စာရှိလေတော့ ရည်းစားက လွဲရင် မိန်းမကိစ္စ ကင်းခဲ့ပါတယ်။ ဒီလိုနဲ့ အဖေ သင်္ဘောက ပြန်လာတဲ့ အချိန် ၁၉၉၆ ဇန်နဝါရီလ မတိုင်ခင်ထိ ကဲချင်သလို ကဲခဲ့တာပါ။ အဖေပြန်လာချိန်မှာ ဆယ်တန်း ငါးဘာသာ ဖြေဖို့ရာမှာ ဘယ်ဘာသာတွေမှာ ဘယ်အခန်းတွေရှိလဲဆိုတာတောင် မသိပါဘူး။ အခြေအနေ အတော်ဆိုးနေတာပါ။ အဲလိုနဲ့ ဂိုက်သင် ရွေးကျက်ဆိုတာမျိုးလုပ်ပြီး ဆယ်တန်းစာကို တစ်လကျော်လောက် ကျက်ပြီး ဖြေခဲ့တာပါ။ အဲဒီအချိန်မှာတော့ အပြင်းအထန်ကြိုးစားခဲ့ပါတယ်။ ဒီလိုနဲ့ အောင်စာရင်းထွက်တော့ ၂၇၃ မှတ်နဲ့ အောင်ခဲ့ပါတယ်။ စာလည်း အနည်းငယ်ခိုးချခဲ့ပါသေးတယ်။

mgyoe.com

ငယ်စဉ်ဘဝကနေ အိမ်ပေါ်ကဆင်းတဲ့အချိန်ထိ လိမ်ညာမှုပေါင်းစုံ စိတ်ဆင်းရဲမှုပေါင်းစုံနဲ့ ပြောသမျှကို ငုံခံနေပေမယ့် အင်္ဂစိတ်ရဲ့ သဘာဝအတိုင်း စိတ်ထဲမှာ မကျေနပ်မှုတွေ ပေါင်းစုံနဲ့ ငါ့တိုးတက်မှုကို အဖေ့အဆုံးအမတွေက တားဆီးနေတယ် ဆိုတဲ့ အမြင်ရှိခဲ့ပါတယ်။ အဖေနဲ့ ပြဿနာတက်ရခြင်းရဲ့ အဓိက ကိစ္စ၊ အိမ်ပေါ်က ဆင်းရတဲ့ကိစ္စကတော့ ကွန်ပျူတာ တက္ကသိုလ်ကို တစ်ဆင့်ခံ ဒီပလိုမာကနေ တက်ဖို့ လုပ်ခဲ့တာကစတဲ့ ကိစ္စပါပဲ။ ကွန်ပျူတာ တက္ကသိုလ်အတွက် ဒီပလိုမာ အိုင်ကျူတက်စ် အောင်အောင်အသဲအသန် ကြိုးစားခဲ့ပြီး အောင်တဲ့အချိန်မှာတော့ ထုံးစံအတိုင်း ဆယ်တန်းထဲက ကြိုက်ခဲ့တဲ့ ရည်းစားနဲ့ပဲ အချိန်ဖြုန်းနေခဲ့တာပါ။ အဲဒါကြောင့် ကျောင်းက ဘယ်လိုမှ အအောင်ပေးလို့ မရလောက်အောင် ဖြစ်ခဲ့ပြီး အဲဒီပြဿနာ နောက်မှာတော့ အဖေက အိမ်ပေါ်က မောင်းချတော့တာပါပဲ။ အဖေက ဒေါသ အလျှောက်ပြောတာဖြစ်ပေမယ့် သုံးကြိမ်လောက် တောင်းပန်ပြီးချိန်မှာတော့ အိမ်ပေါ်က ဆင်းဖို့ ဆုံးဖြတ်လိုက်ပါတော့တယ်။ အဲဒီအချိန်မှာ ကွန်ပျူတာဒီပလိုမာကို Informatic ကွန်ပျူတာ စင်တာ ကနေ ရပြီး ဖြစ်သလို ရန်ကုန်တက္ကသိုလ်မှာလည်း အိုင်တီ ဒီပလိုမာ တက်နေပါပြီ။ အဲဒီကနေ B.Engg(IT) ဘွဲ့ယူဖို့ လုပ်နေတဲ့ အချိန်ပါ။ Programming အရမ်း စိတ်ဝင်စားပြီး Programmer လုပ်ဖို့ မွေးလာတာလို့ ကိုယ့်ဟာ ကိုယ် သတ်မှတ်တဲ့ထိ Programming ကို စိတ်ဝင်စားပါတယ်။ ဘာသာရေးနဲ့ ပတ်သက်လို့ကတော့ ၇ တန်းမှာပဲ ကိုရင်ဝတ်ဖူးသလို၊ မိုးကုတ်ရိပ်သာကိုလည်း ကိုးတန်းလောက်မှာ ဝင်ဖူးပါတယ်။ ဦးကိုအင်ကာ ရိပ်သာဝင်ဖူးသလို ချမ်းမြေ့မှာလည်း တရားအားထုတ်တာ လုပ်ဖူးပါတယ်။ အဲလိုနဲ့ အိမ်ပေါ်က ဆင်း အစ်ကိုဝမ်းကွဲ အိမ်မှာ နေရင်း နိုင်ငံခြားထွက်ဖို့ အကြောင်း ဖြစ်လာခဲ့ပါတယ်။ အဲဒီတော့ နိုင်ငံခြားမထွက်ခင် မဟာစည်မှာ ရိပ်သာဝင်မယ် ဆိုပြီး ဝင်ဖြစ်ခဲ့ပါတယ်။ အဲဒီမှာ တရားပြဆရာ မရှိပဲ မဟာစည်ဆရာတော်ကြီးရဲ့ဝိပဿနာရှုနည်းစာအုပ်နဲ့ ကြိုးစားခဲ့ပါတယ်။ ကြီးကျယ်တဲ့ ရည်ရွယ်ချက် မရှိသလို အရိယာဆိုတာလည်း ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ ကိစ္စလို့ပဲ ယူဆထားပါတယ်။ ဒါပေမယ့် စာအုပ်မှာပါတဲ့အတိုင်း လိုက်နာရင်းနဲ့ပဲ မရဖူးတဲ့ သမာဓိ ဆိုတာ ရလာခဲ့ပြီး ရုပ်နာမ်ခွဲတဲ့ ဉာဏ်ရခဲ့ပါတယ်။ အဲဒီမတိုင်ခင် အချိန်က ဗုဒ္ဓဘာသာကို လေးစားစရာ ဘာသာအနေနဲ့လက်ခံပေမယ့် ကိုယ့်ရဲ့လူသားဆိုတဲ့ ဖြစ်တည်မှု ငါဆိုတဲ့ အစွဲအင်မတန် ကြီးခဲ့တာပါ။ ရုပ်နာမ်ကွဲသိတဲ့ အချိန်မှာတော့ ကိုယ်တည်ဆောက်ခဲ့သမျှ အထင်ကြီးခဲ့သမျှဟာ ကျိုးပဲ့ ကြေမွသွားပြီး ရှိုက်ကြီးတငင် ငိုခဲ့မိပါတယ်။ ဗုဒ္ဓဘာသာက ဟုတ်သားပဲ ဆိုတဲ့ အတွေးလည်း ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း လက်မခံနိုင်တဲ့ ကိစ္စတွေ အများကြီး ရှိတာမို့ အတိုင်းအတာ တစ်ခုထိပဲ လက်ခံလို့ ရပါသေးတယ်။ ဒါပေမယ့် စင်္ကာပူရောက်ပြီး အလုပ်ရှာတဲ့ အချိန်

မှာတော့ စက်ဘ်ပူက နတ်တွေကို အလုပ် ရဖို့အတွက် ရှိခိုးရမယ်ဆိုတာကို အလုပ်ရဖို့ အင်မတန် ခက်ခဲပြီး အလုပ်ရဖို့ ဘာမဆို လုပ်မယ် ဖြစ်နေတဲ့ ကြားက ဘုရားကို ဒီလောက်တော့ ယုံကြည်သင့် တယ်ဆိုပြီး မကန်တော့ခဲ့ပါဘူး။ အဲဒါ ၂၀၀၇ ခုနှစ်ပါ။

ဒီလိုနဲ့ အလုပ်ရခဲ့ပြီး စက်ဘ်ပူမှာ နေဖြစ်ခဲ့တော့ အင်တာနက်က အရမ်းကို ကောင်းတာမို့ ဗဟုသုတရှာချင်တဲ့ စာဖတ်ချင်တဲ့ ကျနော့်အတွက် ဖတ်စရာ စာတွေ အများကြီး တွေ့တော့တာပါပဲ။ Blog တွေ ခေတ်စားတဲ့ အချိန်မို့ စက်ဘ်ပူက သူဌေး ကလည်း သဘောကောင်း အလုပ်မှာလည်း လေးလေးစားစား ဆက်ဆံ ခံရတော့ စက်ဘ်ပူရဲ့ အလုပ်နဲ့ ပတ်သက်တဲ့ သဘောထားတွေ လောကပေါ် အမြင်တွေဟာ လူမှန်နေရာမှန် ရောက်သွားသလို ခံစားရပြီး အရမ်းအဆင်ပြေခဲ့ပါတယ်။ Youtube ကနေ What is the right thing to do ဆိုတဲ့ အတွေးအခေါ်နဲ့ ပတ်သက်တဲ့ လက်ချာတွေ သိပ္ပံပညာနဲ့ ပတ်သက်တဲ့ ကိစ္စတွေ ရုပ်ရှင် ပေါင်းစုံတွေဟာ လေ့လာ စရာတွေ ဖြစ်ခဲ့ပါတယ်။ Ted show တွေ documentary တွေ၊ စကြဝဠာ အကြောင်းတွေ၊ သမိုင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေ၊ ရူပဗေဒ ဆိုင်ရာ သီအိုရီ ပေါင်းစုံတွေနဲ့ပဲ ရှိသမျှ အချိန်ပို မှန်သမျှ အသုံးချခဲ့ပါတယ်။ Programming နဲ့ ပတ်သက်လို့ကတော့ အလုပ်ဖြစ်ရုံ လောက်ပဲ အားထုတ်ခဲ့ပါတယ်။ ပထမ အလုပ်မှာ နှစ်နှစ်၊ ဒုတိယ အလုပ်မှာ နှစ်နှစ် နဲ့ နောက်ဆုံးအလုပ်မှာ တစ်နှစ် လုပ်ခဲ့ပြီး အိမ်ထောင်လည်း ကျခဲ့ပါတယ်။ အဲဒီအချိန် ကတည်းက ဗုဒ္ဓဘာသာမှာ မသိတာတွေ သိရအောင် တကယ့်အမှန်တရား ဖြစ်နိုင်တယ် လို့ ယုံကြည်မှုနဲ့ အသက်လေးဆယ်မှာ ဘုန်းကြီးဝတ်မယ်ဆိုပြီး မိန်းမကို ကြိုပြောထား ခဲ့ဖူးပါတယ်။ ဒါပေမယ့်လည်း သိပ္ပံပညာကို ပိုလက်ခံပြီး သဒ္ဓါအားကောင်းတဲ့ ဗုဒ္ဓဘာသာ ဝင်တွေ အတွက်တော့ ကျနော်ဟာ ဘာသာမဲ့ တစ်ယောက်ပါ။ ဗုဒ္ဓအဆုံးအမတွေထက် အကြွင်းမဲ့ လစ်ဗရယ်ဝါဒကိုပဲ လက်ခံပြီး အဲဒီဝါဒကနေပြီး ကျနော်လုပ်ချင်ခဲ့တဲ့ လူသား အားလုံး လက်ခံနိုင်မယ့် ဘုံ စံ သတ်မှတ်ချက်ကို ဖော်ထုတ်ဖို့ စဉ်းစားခဲ့ပါတယ်။ အဲဒီ စံသတ်မှတ်ချက်ထဲက တစ်ခုကတော့ ဘယ်ဘာသာမှသာသနာပြုခြင်းကိစ္စ မလုပ်သင့်လို့ ဖြစ်ပါတယ်။ အကြိုက်ဆုံးဝါဒကတော့ ဖြစ်တည်မှု ပဓာနဝါဒ၊ လူသား ပဓာနဝါဒ ပါ။ လူသား ကသာ အဓိက လူသားကသာ ဘာသာကို ရွေးရမယ်။ လူရဲ့ ဆင်ခြင်တုံတရား ကသာ အဓိက မိရိုးဖလာ ကိုးကွယ်မှုသည် သဘာဝမကျ ဆိုပြီး ကိုယ့်ဟာကိုယ် ဘာသာမဲ့ အဖြစ် သတ်မှတ်ပါတယ်။ ဘာသာတွေအပေါ် အတွေးအခေါ်တွေအဖြစ်မြင်ပြီး ဘာသာ အတွေးအခေါ်တွေ မှန်သမျှဟာ လူသားတွေရဲ့ အသီးအပွင့်တွေအဖြစ်မြင်ပြီး အကုန်လုံး ဟာ ရှိသင့်တဲ့ ကိစ္စ ထိန်းသိမ်းထားသင့်တဲ့ ကိစ္စလို့ မြင်ထားခဲ့ပါတယ်။ ဒီမှာတင် ခဏနား ပါရစေ။

mgyee.com SAMPLE BOOK mgyee.com

mgyoe.com SAMPLE BOOK

## လူသားပဓာနဝါဒ မှ အနတ္တဝါဒသို့ (အပိုင်း ၂)

အပိုင်းတစ်မှာ လူသားပဓာနဝါဒ စွဲကိုင်လာပုံတွေကို ပြောထားပါတယ်။ ဒါပေမယ့် အကျိုးများလှတဲ့ကိစ္စမဟုတ်လို့ ပြန်မဖတ်လည်း ရပါတယ်။ အပိုင်းတစ်မှာ ပါတဲ့ စာတချို့ကိုတော့ သိစေချင်လို့ ဆက်စပ်ပြောရမှာမို့ အနည်းငယ် ပြန်လည်ဖော်ပြပါရစေ။

"လောကကြီးမှာ လူသားတစ်ယောက်ဖြစ်ပြီဆိုရင် လူသားရဲ့စွမ်းအားကို အပြည့်အဝ အသုံးချပြီး အမှန်တရား ရှာဖွေခြင်း၊ လူသားရဲ့ စွမ်းအားမှတစ်ပါး ဘာကိုမှ ယုံကြည်ကိုးကွယ်ခြင်း မရှိတဲ့ ဝါဒကို လူသားပဓာနဝါဒ၊ ဖြစ်တည်မှု ပဓာနဝါဒလို့ ခေါ်ပါတယ်။"

"..............."

"လူသားကသာ အဓိက လူသားကသာ ဘာသာကို ရွေးရမယ်။ လူရဲ့ ဆင်ခြင်တုံတရားကသာ အဓိက မိရိုးဖလာ ကိုးကွယ်မှုသည် သဘာဝမကျ ဆိုပြီး ကိုယ့်ဟာကိုယ် ဘာသာမဲ့အဖြစ် သတ်မှတ်ပါတယ်။ ဘာသာတွေအပေါ် အတွေးအခေါ်တွေ အဖြစ်မြင်ပြီး ဘာသာအတွေးအခေါ်တွေ မှန်သမျှဟာ လူသားတွေရဲ့ အသီးအပွင့်တွေ အဖြစ်မြင်ပြီး အကုန်လုံးဟာ ရှိသင့်တဲ့ကိစ္စ ထိန်းသိမ်းထားသင့်တဲ့ ကိစ္စလို့ မြင်ထားခဲ့ပါတယ်။"

ဒီလိုနဲ့ စင်္ကာပူကနေ မြန်မာပြည်ပြန်ပြီး စီးပွားရေးလုပ်ဖြစ်တယ်။ လိုအပ်သလောက် မအောင်မြင်ခဲ့ပေမယ့် သိန်းသုံးထောင်လောက်ရှိတယ်ဆိုရင် ဘာမှမမှားဘူးလို့ မြင်နိုင်သလို၊ သိန်းသုံးရာလောက်ပဲရှိရင် မှားတယ်လို့လည်း မြင်နိုင်တဲ့ အခြေအနေ ရောက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အမှန်အမှားဆိုတာတွေနဲ့ ပတ်သက်ပြီး ပြဿနာ စတက်တော့တာပါပဲ။ အမှန်တရားက ဘာလဲဆိုတာဟာ ကြီးကျယ်တဲ့ မေးခွန်းကြီး ဖြစ်လာခဲ့ပါတယ်။ အလုပ်လုပ်ခဲ့တဲ့ ငါးနှစ်လောက်မှာ ၃ နှစ်ကျော်လောက်က အောင်မြင်တဲ့ စီးပွားရေးဖြစ်ခဲ့ပြီး အဲဒီနောက်ပိုင်းမှာတော့ မူးယစ်ဆေးဝါး၊ လူမှုရေး ကိစ္စ တွေကြောင့် ပြဿနာတက်ခဲ့ပြီး မူးယစ်ဆေးကြောင့် စိတ်ကစဉ့်ကလျားရောဂါ၊ စိတ်အတက်အကျမြန်ရောဂါ နှစ်မျိုးစလုံး ဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် ရှုံးတဲ့သူဟာ သူရှုံးနေမှန်းမသိဘူး ဆိုတဲ့အတိုင်း နားထဲမှာအသံကြားရတဲ့ကိစ္စကို ရှုံးတယ်လို့ မထင်ပဲ အဖြေရှိလိမ့်မယ် ဆိုပြီး ထင်ရာဇာတ်လမ်းတွေဆင်ပြီးအဖြေရှာနေခဲ့မိပါတယ်။ ဒီလိုနဲ့ပဲ ပထမ အိမ်ထောင်နဲ့ကွဲ ဒုတိယ အိမ်ထောင်နဲ့လည်း တစ်နှစ်လောက် ပေါင်းပြီးကွဲ ထောင်ထဲကို အချုပ်ကျ။

mgyoe.com

ဒီကနေ့ပြန်လွတ်၊ ကြိုးဆွဲချသတ်သေ၊ ကြိုးပြတ်ကျ၊ အလုပ် ပြန်လုပ်၊ ဘီယာသောက်၊ ရပ်ကွက်ထဲ ထင်ရာတွေလျှောက်လုပ်၊ တစ်ယောက်တည်း စကားတွေ ပြော၊ ရဲစခန်းရောက်၊ အဲဒီကမှ ရွှာသာကြီး အရူးထောင်ရောက်၊ ဒီလိုနဲ့ အရူးထောင်က ထွက်ပြီး ပုံမှန်အခြေအနေပြန်ရောက်တဲ့ အခါမှာတော့ တစ်ခုခုတော့ မှားနေပြီဆိုပြီး အမှန်တရား ဘာလဲဆိုပြီး ရှာခဲ့ပါတော့တယ်။ လစ်ဘရယ်ဝါဒ ဖြစ်တည်မှု ပဓာနဝါဒအရ မူးယစ်ဆေး သုံးတာက ပြဿနာမဟုတ်ပါဘူး။ ကိုယ့်ခန္ဓာကိုယ်ထဲကို ကိုယ်ကြိုက်ရာ ထည့်သွင်းသုံးစွဲ ခွင့်ရှိတယ်၊ ဥပဒေနဲ့တောင် မတားမြစ် သင့်ဘူးဆိုတာ လစ်ဘရယ်ရဲ့ ဝါဒပါပဲ။ အဲဒီ အတွက် ကိုယ့်စံနှုန်းတွေနဲ့ ကိုယ်လုပ်ခဲ့တာတွေသည် မကောင်းကျိုးတွေ ဖြစ်စေတဲ့ အတွက် တစ်ခုခုတော့ မှားနေပြီ ဆိုတာဟာ ရှင်းရှင်းကြီး ပေါ်လာပါတော့တယ်။

အဲဒီမှာပဲ ဖြစ်တည်မှု ပဓာနဝါဒရဲ့ ပြဿနာကို ဖြေရှင်းမပေးနိုင်ပုံတွေ အမှား အမှန်နဲ့ ပတ်သက်ပြီး တိကျတဲ့ အဖြေမရှိပုံတွေ၊ လေ့လာခဲ့သမျှ ဗဟုသုတတွေဟာ တကယ်တမ်းမှာ အသုံးမကျတာတွေ အစရှိသဖြင့် အမှားတွေ တန်းစီပေါ်လာပါတော့ တယ်။ ဒီတော့ ကုသိုလ် အကုသိုလ် ဆိုတဲ့ ကိစ္စဟာ ဖြစ်နိုင်တယ်၊ မှန်တယ်လို့ ယုံကြည် လာပါတယ်။ အကုသိုလ်အမှုမှာ အကျိုးပေးတွေ ရှိတယ်ဆိုပြီး မြင်လာပါတယ်။ ကံ ကံ၏ အကျိုးဆိုတာကို စပြီးလက်ခံလိုက်ပါတယ်။ ရှေ့ဘဝ နောက်ဘဝနဲ့ ပတ်သက်ပြီးတော့ တကယ်ရှိသလားဆိုတဲ့ မေးခွန်းပေါ်လာပါတယ်။ အရင်ကတည်းက ရှေ့ဘဝ နောက်ဘဝ အကြောင်း ဖတ်ဖူးထားတာတွေနဲ့ သက်သေတွေ ရှိပေမယ့် လူတိုင်းနဲ့ ငြင်းခုန်နိုင်အောင် ပိုသေချာတဲ့ သက်သေပြချက်ကို ရှာတော့ အနောက်တိုင်းမှာ လုပ်ထားတဲ့ သုသေသန စာတမ်းဖတ်ပွဲ တစ်ခုကို Youtube မှာတွေ့ခဲ့ပါတယ်။ အဲဒီအချိန်မှာ ဒီအတိုင်းဆိုရင်တော့ ကိုယ်ဘယ်လောက်ပဲ ကြိုးစားတယ်ပြောပြော၊ အမှန်တရားရှာတယ် ပြောပြော အခုဘဝ မှာတောင် ပြဿနာ အကြီးအကျယ်တက်ခဲ့သေးတာ၊ ဒီအတိုင်းနေ၊ ဒီအတိုင်းသေသွား လို့ကတော့ နောင်ဘဝမှာလည်း ဒီလိုပြဿနာ ကြုံနိုင်သေးတယ်လို့ ပြင်းထန်တဲ့ သံဝေဂ ဖြစ်ပြီး လွတ်လမ်းတော့ ရှာရတော့မယ် ဆိုပြီး တရားစနာဖြစ်ခဲ့ပါတယ်။ ပထမတော့ မဟာစည်ဆရာတော်ကြီးရဲ့ မဟာသတိပဋ္ဌာနသုတ်နဲ့ ပါချုပ်ဆရာတော်ကြီးရဲ့ နုပဿနာ လေးမျိုး တရားကို စနာခဲ့ပါတယ်။ နားလည်ရင် ကိစ္စပြီးနိုင်တယ်ဆိုပြီး ဓမ္မာနုပဿနာနဲ့ စရှုဖို့ ကြံစည်ခဲ့ပါတယ်။ ဘယ်လိုမှ ရှုမရလေတော့မှ တစ်ဆင့်ခြင်း သွားရတော့မယ် ဆရာရွေးရမယ်လို့ စဉ်းစားမိပါတယ်။ အဲဒီတော့ ဆရာရွေးရင် ရဟန္တာဖြစ်ကြောင်း သေချာတဲ့ ဆရာကိုရွေးရမယ် ဆိုပြီး မိုးကုတ်ဆရာတော်ကြီး တရားတွေပဲ နာမယ်လို့ စဉ်းစားခဲ့ပါတယ်။ ဒီလိုနဲ့ပဲ မိုးကုတ်ဆရာတော်ကြီး တရားတွေကို Youtube ကနေပဲ စပြီး နားထောင် နာယူခဲ့ပါတယ်။

mgyee.com

mgyoe.com SAMPLE BOOK

တရားနာယူပုံ တရားအားထုတ်ပုံတွေကို မပြောတော့ဘဲ အနတ္တဝါဒကို လက်ခံလာပုံကိုပဲ ပြောပါတော့မယ်။ တရားအားထုတ်ပုံနဲ့ သီလာပုံ အဆင့်ဆင့်ကို သိချင်ရင်တော့ ဒီ page အစက အဆုံးဖတ်သာကြည့်ပါ။ ဒီနေရာမှာတော့ ဖတ်ခဲ့ဖူးသမျှ ဝါဒတွေရဲ့ ပြဿနာကိုပဲ ပြောပါရစေ။ အနတ္တဝါဒကလွဲလို့ တခြားအယူဝါဒ ပေါင်းစုံဟာ အရေအတွက်များပေမယ့် အားလုံးတူညီတဲ့ အချက်က လူသားဆိုတဲ့ သဘော၊ အတ္တဆိုတဲ့ တစ်နည်းသတ္တဝါဆိုတဲ့ အယူအဆပေါ်ကနေ ဖြစ်ပေါ်လာတဲ့ အယူအဆတွေပါ။ ဆိုလိုတာက အနတ္တဝါဒကလွဲလို့ ကျန်ဝါဒအားလုံးဟာ ပေးချက်ကို လုံးဝမသိပဲ၊ ပုဂ္ဂိုလ် သတ္တဝါရှိတယ်လို့ မှားယွင်းစွာ ယူဆပြီး တွေးခေါ်ထားကြတဲ့ အယူအဆတွေ ဖြစ်နေတာပါပဲ။ ကျန်ဝါဒအားလုံးဆိုတာဟာ ကွန်မြူနစ်ဝါဒ အရင်းရှင်ဝါဒ ဖြစ်တည်မှုပဓာနဝါဒ ဆိုတာတွေကစလို့ တခြားဘာသာပေါင်းစုံ အကြုံးဝင်ပါတယ်။ သူတို့အားလုံးရဲ့ တူညီတဲ့ အမှားဟာ ပုဂ္ဂိုလ် သတ္တဝါ အတ္တ ဆိုတာပေါ် အခြေခံထားကြတာပါ။ အဲဒီဝါဒတွေ အားလုံးကြေပျက်သွားရခြင်းဟာ အစကတည်းကကို အယူအဆအမှားပေါ် အခြေခံထားတာကြောင့် မှန်ကန်တဲ့ အမှန်တရားဆီကို မရောက်နိုင်ကြတာပါ။

ဗုဒ္ဓဘာသာဟာ ဘာသာတရားလို့ တခြားဘာသာတွေနဲ့ တန်းတူသတ်မှတ်ပေမယ့် တကယ့် တကယ်တမ်းမှာတော့ သတ္တဝါနဲ့ ပတ်သက်တဲ့ Theory of everything ပါပဲ။ သိပ္ပံပညာရှင်များက ဒြပ်တွေပေါ်မှာ Theory of everything ကို ရှာဖွေနေကြတာပါ။ ဒါပေမယ့် အဲဒါဟာ အနတ္တဝါဒနဲ့ ဝေဖန်လိုက်တော့ ဘာမှ အရေးကြီးတဲ့ ကိစ္စမဟုတ်တော့ပါဘူး။ ဗုဒ္ဓဘာသာကတော့ ရှေ့ဘဝ၊ မွေးဖွားခြင်း၊ ဖြစ်တည်ခြင်း၊ သေဆုံးခြင်း၊ နောက်ဘဝ၊ သံသရာ၊ လောက နဲ့ လောကမှ လွန်မြောက်ရာ လွတ်မြောက်ရာ အထိကို ရှင်းပြနိုင်တဲ့ အရာအားလုံးရဲ့ အဖြေ အမှန်တရားပါ။ အရာအားလုံးကို အကြောင်းအကျိုးဆိုတဲ့ စကားလုံးလေးနဲ့ပဲ ရှင်းပြသွားပါတယ်။ သတ္တဝါဆိုတာသည် တကယ်တော့ သတ္တဝါမဟုတ်ဘဲ ရုပ်တရားနဲ့ နာမ်တရားဖြစ်သည်လို့ ရှင်းပြပါတယ်။ အလွယ်ကူဆုံးပြောရရင်တော့ အထည်ရှိပြီး သိတတ်တဲ့ သဘောမရှိတဲ့ ရုပ်တရားအစုနဲ့ အထည်လုံးဝမရှိတဲ့ နာမ်တရားအစုဆိုပြီး ခွဲခြားပြခဲ့ပါတယ်။ နာမ်တရားကို အကျယ်ဖြန့်လိုက်တဲ့အခါမှာတော့ ခံစားမှုသဘောအစု၊ သိမှုသဘောအစု၊ မှတ်သားမှုသဘောအစုနဲ့ စေ့ဆော်မှုသဘောအစုဆိုပြီး ခွဲခြားပြလိုက်ပါတယ်။ ဒီရုပ်နာမ်တွေရဲ့အကျိုးပြုပုံတွေ အမျိုးမျိုးကိုတော့ ပဋ္ဌာန်းကျမ်း နဲ့ ရှင်းပြထားပါတယ်။ ခန္ဓာငါးပါးရဲ့ ဖြစ်စဉ်နဲ့ သံသရာကိုတော့ ပဋိစ္စသမုပ္ပာဒ် နဲ့ ရှင်းပြထားပါတယ်။ ကိုယ်တိုင်ဖတ်ရှုမှုက ပိုအကျိုးများမှာမို့ ဒီမှာ မရှင်းတော့ပါဘူး။

mgyoe.com SAMPLE BOOK

အနတ္တဝါဒကို အဓိက ပေါ်လွင်စေတာကတော့ ရုပ်နာမ်သည် သင်္ခါရတရားများ ဖြစ်သည်ဆိုတာပါပဲ။ ဆိုလိုတာကတော့ အတ္တဆိုတာသည် အစကတည်းက မရှိဘဲ ငါ သူ ဆိုတဲ့ အတ္တဆိုတာသည် စိတ်ရဲ့ ဖန်ဆင်းမှုသာ ဖြစ်တယ်ဆိုတာပါပဲ။ ရုပ်နဲ့ နာမ်သည် အကြောင်းကြောင့် ဖြစ်သော အကျိုးတရားများသာ ဖြစ်ပါတယ်။ ရုပ်သည် ကံ စိတ် ဥတု အာဟာရတို့ပြုပြင်ခြင်းကြောင့် ဖြစ်ပျက်နေပြီး၊ နာမ်သည် အာရုံနှင့် ဒွါရပေါ်မူတည်ပြီး ဖြစ်ပျက်နေခြင်း ဖြစ်ပါတယ်။ အဲဒီအတွက် ပုဂ္ဂိုလ် သတ္တဝါ ငါ သူ ဆိုတာ မရှိ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားများ သင်္ခါရတရားများသာလို့ ရှင်းပြထားပါတယ်။ ယခု လက်ရှိမှာတင် ကိုယ့်ခန္ဓာကိုယ် စစ်ဆေးပြီး အကြောင်းအကျိုး ဖြစ်ပျက်နေပုံကို ဆန်းစစ် နိုင်ပါတယ်။ ဆန်းစစ်ကြည့်တဲ့ အခါမှာလည်း ရုပ်ကိုလည်း ငါလို့ ခေါ်မရ၊ နာမ် ခန္ဓာ လေးပါးကိုလည်း ငါလို့ ခေါ်မရ ဆိုတာ တွေ့ရပါလိမ့်မယ်။ သိခြင်း ဆိုတာသည်လည်း အကြောင်းကြောင့် ဖြစ်သော အကျိုးတရားဖြစ်ပြီး၊ ဖြစ်ပြီးလျှင် ပျက်တတ်တဲ့ သဘော ရှိပါတယ်။ မှတ်သားမှု၊ ခံစားမှု၊ စေ့ဆော်မှုတို့သည်လည်း ထို့အတူပါပဲ။ အဲဒီတော့ ရုပ်နာမ်ရဲ့ လက္ခဏာကို သဗ္ဗေ သင်္ခါရာ အနိစ္စာ (သင်္ခါရတရားတိုင်းသည် ပျက်တတ်သည်)၊ သဗ္ဗေ သင်္ခါရာ ဒုက္ခ (သင်္ခါရတရားတိုင်းသည် စက်ဆုပ်စရာ အသုံးမကျတာသာ ဖြစ်သည်)၊ သဗ္ဗေ ဓမ္မာ အနတ္တာ (သင်္ခါရတရားများရော၊ လွတ်မြောက်ရာ နိဗ္ဗာန်တရားရော တရား များ အားလုံးသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ် အတ္တမဟုတ်)လို့ ရှင်းပြထားပါတယ်။ ဒါတွေကို သိမြင်ခြင်းဟာ အမှန် သိမြင်ခြင်း ဖြစ်ပြီး လောကမှ လွန်မြောက်နိုင်သော တစ်ခုတည်း သော လမ်းသည် အမှန်ကြိုးစား အားထုတ်ခြင်း၊ အမှန်ကြံစည်ခြင်း၊ အမှန် သတိရှိခြင်း၊ အမှန်တည်ကြည်ခြင်း နဲ့ အမှန်သိမြင်ခြင်းဟူသော မဂ္ဂင် အကျင့်ဖြစ်သည်ဆိုပြီး ရှင်းပြ ထားပါတယ်။ ဒီလမ်းကို ကိုယ်တိုင်ကျင့်သုံးပြီး ကိုယ်တိုင်လွတ်မြောက်နိုင်ပါကြောင်း ပြောရင်းပဲ နိဂုံးချုပ်ပါရစေ။ ကျေးဇူးတင်ပါတယ်။

## အနတ္တ နှင့် ဖြစ်တည်မှု ပဓာနဝါဒ

လူတွေဟာ တစ်ဦးနှင့်တစ်ဦး မတူညီ ဆိုတဲ့ သဘောပေါ် အခြေခံပြီး ဖြစ်တည်မှု ဆိုတဲ့ အယူအဆ ပေါ်လာပါတယ်။ အဲဒီတော့ မေးစရာရှိတာက တကယ်ပဲ ကွဲပြားခြားနား ကြသလား ဆိုတာပါပဲ။

လူတွေတင်မဟုတ် ၃၁ ဘုံလုံးဟာ တကယ်တော့ ကွဲပြားခြားနားမှု မရှိတဲ့ ရုပ်နာမ်တွေပါ။ သိပ္ပံပညာအရ မြင်သာတဲ့ လူနဲ့တိရိစ္ဆာန်ကိုပဲ ပြောကြမယ် ဆိုရင်တော့ ပုံသဏ္ဌာန်သာ ကွဲပြားကောင်းကွဲပြားပါမယ် တကယ်တော့ အက်တမ်တွေနဲ့ပဲပေါင်းစပ် ထားတာ မဟုတ်ပါလား။ ဗုဒ္ဓရဲ့ အဆုံးအမအရတော့ ပထဝီ တေဇော အာပေါ ဝါယော

mgyoe.com

ဆိုတဲ့ ဓာတ်ကြီးလေးပါးနဲ့ ပေါင်းစပ်ထားတာတွေချည်းပါပဲ။ သိပ္ပံပညာနဲ့ ဗုဒ္ဓ ဟောခဲ့တာနဲ့ တူညီတဲ့အချက်က ရုပ်ရဲ့ အသေးဆုံးအစိတ်အပိုင်းသည် အကောင်အထည် ဒြပ်မရှိဆိုတဲ့ သဘောမှာ သွားတူနေပါတယ်။ အဲဒီတော့ မိတ်ဆွေတို့က အက်တမ်တွေ လို့ပဲ နားလည် နားလည်၊ ဓာတ်ကြီးလေးပါးလို့ပဲ နားလည် နားလည်၊ အဓိက ပြောချင်တာက ကွဲပြားမှု မရှိတဲ့ ရုပ်များသာလို့ ပြောချင်တာပါ။ ဘယ်လောက်ပဲ ပုံသဏ္ဍာန်တို့ အသား အရောင်တို့ ဘာတို့ ကွဲပါစေ ကွာခြားမှု မရှိတဲ့ ရုပ်တွေချည်းပါပဲ။ ရုပ်ရဲ့ သဘာဝက ဖောက်ပြန်ပျက်စီးတတ်တဲ့သဘာဝရှိပါတယ်။ သူ့ကို စီမံတာကတော့ ကံ စိတ် ဥတု အာဟာရပါ။

ဒီတော့ ဘာပြောကြပြန်မလဲဆိုရင် စိတ်နေ စိတ်ထားတွေ ကွာခြားတယ်လို့ ပြောချင်ပြောပါဦးမယ်။ စိတ်နဲ့ စေတသိတ် ကို ပေါင်းပြီး နာမ်လို့ ခေါ်ပါတယ်။ စိတ်ဆိုတာကတော့ ဝိညာဏ်ပါ။ သိတတ်တဲ့ သဘောရှိပါတယ်။ စေတသိတ်တွေကတော့ သညာ ဆိုတဲ့ မှတ်သားတတ်တဲ့သဘော မှတ်မိတဲ့သဘော၊ ဝေဒနာ ဆိုတဲ့ ဒုက္ခ သုခ ဥပေက္ခာ ခံစားတတ်တဲ့ သဘောနဲ့၊ သင်္ခါရ ဆိုတဲ့ စေတနာ တစ်နည်း စေ့ဆော်တတ်တဲ့ သဘောတွေပါ။ စေတသိတ်တွေဟာ အမြဲတစေ စိတ်နဲ့ ယှဉ်ပြီး ဖြစ်ပါတယ်။ ပဋ္ဌာန်းမှာလည်း နာမ်ခန္ဓာလေးပါးက တစ်ပေါင်းတည်း ဖြစ်ပြီး တစ်ပေါင်းတည်း ပျက်တယ်လို့ ဆိုထားပါတယ်။ စိတ်ကို စီမံတာကတော့ အာရုံနဲ့ ဒွါရပါ။ ဘယ်လိုပဲ စိတ်နေ စိတ်ထားတွေ ကွာခြားတယ် ပြောပြော တကယ်တမ်းတော့ လောဘ-လိုချင်မှု၊ ဒေါသ- အမျက်ထွက်မှု၊ မောဟ-မသိမှု တွေဝေမှု၊ အလောဘ-စွန့်လွှတ်လိုမှု၊ အဒေါသ-မေတ္တာနဲ့ အမောဟ-အမှန်သိမြင်မှု ဆိုတဲ့ အခြေခံ ဟိတ်ခြောက်မျိုးပါပဲ။ တချို့လူတွေမှာ အမောဟ ဆိုတဲ့ အမှန်ကို သိမြင်နိုင်စွမ်း မရှိတာကို ဒွိဟိတ်လို့ ခေါ်ပါတယ်။ တိရစ္ဆာန်တွေကိုတော့ အဟိတ်လို့ ခေါ်ပါတယ်။ လူတွေမှာ ကွာခြားတယ်လို့ ပြောပေမယ့် တကယ်တမ်း ဆန်းစစ်ကြည့်မယ် ဆိုရင် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဆိုတဲ့ စိတ်တွေပဲ ဖြစ်နေတာပါပဲ။ မောဟဆိုတာကတော့ ဒီလို မကွာခြားတာကို မသိဘဲ ငါပဲ သူပဲ ယောကျ်ားပဲ မိန်းမပဲ ပုဂ္ဂိုလ်သတ္တဝါပဲ လို့ ထင်နေတာပါ။

တကယ်တမ်း ကြည့်မယ်ဆိုရင် အားလုံးဟာ မကွာခြားတဲ့ ရုပ် နဲ့ နာမ် များသာ ဖြစ်ပြီး ကြုံရတဲ့ ဝေဒနာပေါ် မူတည်ပြီး ဖြစ်ပျက်နေကြတာသာ ဖြစ်ပါတယ်။ ဒီနေရာမှာ ရုပ်ဆိုတာဟာ စိတ်ရဲ့ စီမံမှုပေါ် မူတည်ပြီး လှုပ်ရှားမှု ဖြစ်တဲ့ သဘောပါ။ ဒီအပြင် ရုပ်ရဲ့ အသေးဆုံးအစိတ်အပိုင်းမှာ ဒြပ်ထုသဘော လုံးလုံးမရှိတာကြောင့် ရုပ်ဟာ စီမံခြင်းခံရတဲ့ တရားတစ်ခုပါ။ ငါ သူ စီမံတာ မဟုတ်ပါဘူး။ ကံ စိတ် ဥတု အာဟာရရဲ့ စီမံမှုခံရတာပါ။ ထို့အတူ နာမ် ဆိုတာကလည်း ဒွါရ ဆိုတဲ့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် နဲ့ အာရုံ

mgyoe.com SAMPLE BOOK

ဆိုတဲ့ အဆင်း အသံ အနံ့ အရသာ အထိအတွေ့ ကြံတွေးစိတ် တို့ရဲ့ စိမ့်မှုကြောင့် ဖြစ်တာပါ။ ကျနော်တို့ဟာ လိုချင်မှု ဆိုတဲ့ လောဘ စိတ်ကို ငါလို့ ထင်ကြပါတယ်။ ငါလိုချင်တယ် ငါစားချင်တယ် ငါသွားချင်တယ် အစရှိသဖြင့်ပေါ့။ ဒါပေမယ့်တကယ်တမ်းမှာ အာရုံ ဒွါရ တိုက်မှုကြောင့် ဖြစ်လာတဲ့ ဝေဒနာ နဲ့ သညာ အကြောင်းကြောင့် လိုချင်မှုနဲ့ ငါသူထင်မှု ပူးပေါင်းပြီး ဖြစ်လာတာပါ။ နာမ်ကို သတိထားကြည့်မယ်ဆိုရင် မှတ်မိခြင်း ဆိုတဲ့ သညာရော သိမှုဆိုတဲ့ ဝိညာဏ်ရော ခံစားမှုဆိုတဲ့ ဝေဒနာရော စေ့ဆော်မှု စေတနာ ခေါ်တဲ့ သင်္ခါရရောဟာ အကောင်အထည်လုံးလုံးမရှိတဲ့ တရားတွေပါ။ ဒီတော့ ရုပ်ရော နာမ်ရောဟာ တရားတွေဆိုတာ အမြင်ရှင်းမယ် ထင်ပါတယ်။

ဒီရုပ်တရား နာမ်တရားဟာ ဘယ်သူ ဘယ်ဝါရယ်လို့ ကွဲပြားမှုလည်းမရှိ ဘယ်သူ့ သဘော ဘယ်ဝါ့သဘောရယ်လို့လည်း ကွာခြားမှုမရှိ သူ့သဘောသူဆောင်နေ ကြတဲ့ တရားတွေပါ။ အကြောင်းတိုက်ဆိုင်မှုပေါ် မူတည်ပြီး လောဘကြီးတဲ့သူနဲ့ ပေါင်းမိပြီး လောဘ ကြီးချင် ကြီးနေတာပါပဲ။ အမှားအမှန်မခွဲခြားတတ်တဲ့ မောဟစိတ်နဲ့ ထင်ရာ မြင်ရာ စွဲကိုင်ထားပြီး ဒေါသတွေလည်း ဖြစ်ချင် ဖြစ်တာပါပဲ။ မာနထောင်လွှား ချင်လည်း ထောင်လွှားနေတာပါပဲ။ တကယ်တော့ လောကကြီး တစ်ခုလုံးဟာ မကွဲပြား တဲ့ ရုပ်နာမ်တရားတွေပါ။ ဒီတော့ ရုပ်တရား နာမ်တရားများရယ်လို့ သိပြီဆိုရင် သဗ္ဗေ ဓမ္မာ အနတ္တာ ဆိုတဲ့ စကားကို နားလည်ဖို့ လိုပါတယ်။ ဓမ္မဆိုတာကတော့ တရားတွေကို ဆိုလိုတာပါ။ ရုပ်တရား နာမ်တရားများ ရော နိဗ္ဗာန်တရားသည်ပါ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် ပိုင်ဆိုင်မှုမရှိ သူ့သဘောသူ ဆောင်နေတာကို သိဖို့ပါပဲ။

ရုပ်တရားနဲ့ နာမ်တရားဟာ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရား ပျက်စီး တတ်တဲ့ စက်ဆုပ်စရာ အသုံးမကျတဲ့ သင်္ခတ တရားများ ဖြစ်ပြီး မဂ္ဂင်ရှစ်ပါး ဝိပဿနာ တရားများ ကျင့်ကြံခြင်းအားဖြင့် ရုပ်တရား နာမ်တရားရဲ့ ချုပ်ငြိမ်းမှု နိဗ္ဗာန်ကတော့ မဖောက်ပြန် မပျက်စီး သန္တိသုခ အေးငြိမ်းရာ အမှန်တရားပါ။ နိဗ္ဗာန်မှာလည်း သူ့နိဗ္ဗာန် ငါ့နိဗ္ဗာန် ဘုရားနိဗ္ဗာန် ရဟန္တာနိဗ္ဗာန်ရယ်လို့ ကွာခြားမှုမရှိပါဘူး။ နိဗ္ဗာန်ဟာလည်း အနတ္တ တရားပါပဲ။

အနှစ်ချုပ်ပြောချင်တာကတော့ သီးခြားကွဲပြားတဲ့ဖြစ်တည်မှုဆိုတာ မရှိပါဘူး။ အားလုံးဟာ မကွာခြားတဲ့ ရုပ်နာမ်တရားများသာ ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဟာ ဖန်ဆင်းရှင် မရှိ ရုပ်နာမ် နိဗ္ဗာန်မှလွဲ၍အခြား မရှိသည့်အတွက် ရုပ်ထုး နာမ်ထုး ထာဝရ ပုဂ္ဂိုလ်သတ္တဝါမရှိ အနတ္တဝါဒပါ။ အဲဒီအနတ္တဝါဒကို စွဲကိုင်ပြီး ယခင်ထင်ထားတဲ့ အထင်တွေ ငါ သူ နဲ့ ဆက်စပ်တဲ့ အယူဝါဒတွေ အကုန်လုံးကို စွန့်လွှတ်နိုင်ပါစေလို့ ဆန္ဒပြု ပါတယ်။

mgyoe.com

## အနတ္တ

mgyoe.com SAMPLE BOOK

ပထမ မင်္ဂကျဖို့ဆိုတာ တကယ်မလွယ်ပါဘူး။ ဒါပေမယ့် မလွယ်လို့ဆိုပြီး တရား အားမထုတ် ရင်တော့ ဖြေစရာရှိတဲ့ စာမေးပွဲကို လှည့်ပတ်ရှောင်နေသလိုပါပဲ။ ဘယ်တော့မှ အောင်မှာ မဟုတ်ပါဘူး။ အဲလိုမအောင်ခြင်းဟာလည်း အိုနာသေခြင်း ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်း မချစ်မနှစ်သက်သူနဲ့ နေရခြင်း စတဲ့ ဒုက္ခတွေကနေ ဘယ်တော့မှ လွတ်မှာ မဟုတ်ပါဘူး။ လောကကြီးက ဒုက္ခ ဒုက္ခ၊ ဝိပရိနာမ ဒုက္ခ၊ သင်္ခါရ ဒုက္ခ ဆိုပြီး ဒုက္ခအပြည့်နဲ့ လောကကြီးပါ။ ကိုယ့်ပေါ်မတရားတာတွေ လုပ်လို့ ဆိုပြီး တုန့်ပြန်ရတာပါဆိုပြီး ကံတရားကို လျှောက်လှဲချက် တင်လို့ မရပါဘူး။ မကောင်းတဲ့ သူတွေနဲ့ ကြုံရတယ် ပြန်လုပ်ပြန်ရင်လည်း သူလုပ်တာ သူထံ ပြန်သလို ကိုယ်ပြုသမျှ ကိုယ့်ထံပြန်ဦးမှာပါပဲ။ လောကကြီးဟာ ပျော်မွေ့စရာ နေစရာကောင်းတဲ့ လောကကြီး မဟုတ်ပါဘူး။

လောကကြီးမှာ အယူဝါဒ အမှားတွေကလည်း တင်းကျမ်းပြည့်နှက်နေတာပါပဲ။ ဒါတွေပေါ် နှလုံးသွင်းမှားရင်လည်း ဒုက္ခရောက်ပါဦးမယ်။ ငယ်ငယ် မွေးလာကတည်းက လူကြီးမိဘတွေ သင်ပေးကြတဲ့ ဒါကတော့ မင်းလက်ကလေး မင်းခြေကလေး၊ ငါကတော့ မင်းအဖေ ငါကတော့ မင်းအမေ၊ ဒါကတော့ မင်း မောင်နှမပေါ့၊ ဒါက မင်းကစားစရာ မင်းဟာပေါ့ ဆိုတာတွေ ဒါတွေပေါ် ယုံမှတ်ပြီး ငါပဲ သူပဲ ငါ့ဥစ္စာပဲ အဖေပဲ အမေပဲ ဆွေမျိုးပဲ ဆိုတဲ့ အယူမှားတွေ ကိုယ့်ကိုကိုယ် ပိုင်တာပေါ့ဆိုတဲ့ သင်ကြားမှုတွေနဲ့ ဒုက္ခတွေ ပူလောင်မှုတွေ ကြုံရပါဦးမယ်။ ဒါတွေဟာ ခုမှ သင်တာလားဆိုတော့ မဟုတ်ပါဘူး။ တစ်သံသရာလုံးလည်း ဒါမျိုးတွေပဲ အသင်ခံလာရတာပါ။ ဒါတွေ ဒီအယူမှား ဒိဋ္ဌိတွေကြောင့်ပဲ ဝိပဿနာမှ အားမထုတ်ရင်း ကောင်းတယ် ထင်တာတွေ လုပ်ရင်း သေခါနီး လက်လွတ် ခွက်ချွတ်နဲ့ အပါယ်ကျဖို့ များပါဦးမယ်။ ခုလို ဆုတ်ကပ်ကြီး ဟီရိသြတ္တပ္ပအားနည်းတဲ့ခေတ်ကြီးမှာ ငါပါးသီလလုံဖို့ဆိုတာကလည်း မသေချာ ပြန်ပါဘူး။ ဒါတွေကို ဖွင့်ထုတ်ဟောပြမယ့် ဆရာကလည်း ရှားပါသေးတယ်။ ဒီတော့ ရှိရှိသမျှဟာ ဒုက္ခကြီးပါပဲ။ ဒါဟာ ဒုက္ခ ဒုက္ခလို့ ခေါ်တဲ့ လူတိုင်း သိနိုင်တဲ့ ဒုက္ခပဲ ရှိပါသေးတယ်။

ဝိပရိနာမ ဒုက္ခကတော့ ပူရာကအေး အေးရာကပူ သုခဝေဒနာကနေ ဒုက္ခ ဝေဒနာ အမြဲမပြတ် ဖောက်ပြန်နေတဲ့ ဒုက္ခပါပဲ။ ဒီဒုက္ခကလည်း ကြည့်လိုက်ရင် မြင်သာ တာပါပဲ။ အမြဲဖောက်ပြန်နေတဲ့ ဒုက္ခပေါ့။ သင်္ခါရ ဒုက္ခကတော့ ပိုနက်နဲသွားပါပြီ။ သင်္ခါရ ကို အဓိပ္ပာယ်လေးမျိုးထိ ဖွင့်နိုင်ပါတယ်။ ဒီထဲကမှ သင်္ခါရ ဒုက္ခဆိုတာကတော့ ရုပ် နာမ်ဆိုတာ ရှိနေတယ် သူသည် အကြောင်းမဲ့ ဖြစ်လာခြင်းမဟုတ် ပဋိသန္ဓေ စိတ်ဉာဏ်က

mgyoe.com

စိမ်လိုက်လို့ ဖြစ်တာမို့ သင်္ခါရတရား၊ ပဋိသန္ဓေဝိညာဏ်ဆိုတာကလည်း အရင်ဘဝ အဝိဇ္ဇာ သင်္ခါရကြောင့် ဖြစ်လာတာမို့ သင်္ခါရတရား၊ ရုပ်နာမ်ပြုပြင်လိုက်လို့ ဝေဒနာ ဖြစ်လာတယ် ဝေဒနာသည်လည်း သင်္ခါရတရား၊ ဝေဒနာကြောင့် တဏှာမာန ဒိဋ္ဌိ ဖြစ်လာတယ်၊ ဝေဒနာ စိမ်မှုကြောင့် ဖြစ်ရတာမို့ တဏှာမာနဒိဋ္ဌိသည်လည်း သင်္ခါရ တရား၊ တဏှာမာနဒိဋ္ဌိ ကြောင့် ဥပါဒါန် ဖြစ်လာတယ် သူသည်လည်း သင်္ခါရတရား၊ ဥပါဒါန်က တစ်ခါ ကံ ကို စိမ်ပြန်တယ် ကံသည်လည်း သင်္ခါရတရား၊ ကံသည် ဘဝကို စိမ်ဦးမှာမို့ နောက်ဘဝ သည်လည်း သင်္ခါရတရား။ အဲဒီတော့ ငါပဲ သူပဲ ပုဂ္ဂိုလ်သတ္တဝါပဲ အသက်ဇီဝပဲ ဆိုတာ ရှာလို့ကို မရ ကြည့်လိုက်သမျှ သင်္ခါရတရားတွေချည်းပဲမို့ ငါလုပ်တယ် သူလုပ်တယ် ပြောစရာလည်း မရှိ ငါ သူ ဆုံးဖြတ်တယ် ဆိုတာလည်း မရှိ ငါ သူ ပိုင်ဆိုင်တယ် ဆိုတာလည်းမရှိ သင်္ခါရတရားတွေချည်းပဲမို့ အနတ္တပါပဲ။ အဲလို ငါသူမရှိပဲ သင်္ခါရတွေ အဆက်မပြတ်ဖြစ်နေတာသည် သင်္ခါရ ဒုက္ခ ပါပဲ။

ပြောခဲ့တဲ့ အစကို ပြန်ကောက်ရရင် အနိစ္စကို မြင်ခြင်းအားဖြင့်လည်း ဒုက္ခ အနတ္တကို မြင်ပြီး မဂ်ကျနိုင်ပါတယ်။ အဲလိုပဲ အနတ္တကိုမြင်ခြင်းအားဖြင့်လည်း အနိစ္စနဲ့ ဒုက္ခပါမြင်ပြီး မဂ်ကျနိုင်ပါတယ်။ အနတ္တဘက်က သွားသူတွေအတွက် ရှင်းစရာလေး နှစ်ခု ရှင်းပေးချင်လို့ပါ။ အဲဒါကတော့ ရူပဉာဏ်ကို ငါထင်တဲ့ ကိစ္စနဲ့ လိုချင်မှုကို ငါထင်တဲ့ ကိစ္စပါပဲ။ ရှေ့မှာ ပြောခဲ့တဲ့အတိုင်း အားလုံးဟာ သင်္ခါရ ဆိုတဲ့ အထဲမှာ ရူပဉာဏ်သည်လည်း သင်္ခါရပဲ ဆိုတာ သိဖို့ လိုပါတယ်။ ရူပဉာဏ်ကို သင်္ခါရပဲဆိုတာ သိတဲ့ထိ ပြန်ရှုပါ။ ရူပဉာဏ် ဟာ ပဋိစ္စသမုပ္ပါဒ်အတိုင်း ဝေဒနာ နောက်မှာ တဏှာ မာနဒိဋ္ဌိ အစား အစားထိုးဝင်လာ တဲ့ သင်္ခါရတရားပဲဆိုတာ သိပြီး အဲဒီလို ရူပဉာဏ်ပေါ် ရတာဟာလည်း အသေဝနာပစ္စည်း အရ သာသနာနဲ့ကြုံ မဂ္ဂင်ရှစ်ပါးကို သိခြင်းဆိုတဲ့ သင်္ခါရတရားကြောင့် ဖြစ်လာတဲ့ သင်္ခါရ တရားပဲဆိုပြီး သမ္မာဒိဋ္ဌိကိုရော သမ္မာသင်္ကပ္ပ ကိုရော သင်္ခါရတရားပဲ အနတ္တပဲလို့မြင်ပြီး ငါတရားအားထုတ်တာမဟုတ်၊ သင်္ခါရ တရားတွေ သူ့သဘောသူဆောင်နေတာ အနတ္တ ပဲလို့ ငါလုံးလုံးပြုတ်တဲ့ထိ မြင်ဖို့ပါ။ နောက်တစ်ခုကတော့ လိုချင်မှုတွေကို ငါလိုချင်တာ လို့ မြင်တတ်ပါတယ်။ ဒီနေရာမှာလည်း လိုချင်မှုသည်ဝေဒနာကြောင့်ဖြစ်တဲ့ သင်္ခါရ တရားပဲ ဆိုတာသိပြီး အားလုံးဟာ အနတ္တ ဒုက္ခ အနိစ္စ အဖြစ် ဆုံးဖြတ်ဖို့ပါပဲ။ ဆုံးဖြတ်ချက် သည်လည်း တရားသဘောအရ ဖြစ်တဲ့ သင်္ခါရတရားပဲလို့ မြင်ပြီး အနတ္တကို အဆုံးထိ မြင်ဖို့ လိုပါတယ်။ ဒီနေရာမှာ ဒုက္ခသစ္စာမြင်ပုံကတော့ ငါ သူ ပုဂ္ဂိုလ် သတ္တဝါမရှိ ငါ သူ လိုချင်မှုမဟုတ် ငါ သူ ရတယ်ဆိုတာမရှိ တရားသက်သက်တွေ တစ်ခု အကြောင်း ကြောင့် တစ်ခု မဆုံးနိုင်အောင် ဖြစ်ပျက်နေခြင်းကို အပြင်ကနေ တစ်စိမ်း အမြင်နဲ့ ကြည့်လိုက်ရင် ဒါဟာ ဒုက္ခသစ္စာ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ကြီးပဲ ဆိုပြီး မြင်ဖို့ပါ။

mgyo.com

အနိစ္စပဲလို့ ရှုမယ့် လူတွေ အတွက်ကတော့ အရှုခံ အရှုဉာဏ်အားလုံး အနိစ္စပဲလို့ ရှုရင်း ဒုက္ခရော မပိုင်လို့ပျက်နေတဲ့အတွက် အနတ္တပါအမြင်ရှင်းသွားမှာပါ။ အနိစ္စကတော့ ဆရာသမားသင်ပြမှုကို ပြန်ဖောက်သည်ချရရင် ရှုခံ ရှုဉာဏ် ရှုခံ ရှုဉာဏ် မဆုံးအောင် ဖြစ်ပျက်နေတာ ဒုက္ခသစ္စာပါ။ တရားအားထုတ်နေသူတွေအတွက် အကျိုး ရှိမယ် မျှော်လင့်ပါတယ်။

mgyee.com

## မိဘ နှင့် သားသမီး

လောကီနဲ့ ဆန့်ကျင်ဖက် ဖြစ်နေပေမယ့်လည်း တရားက တန်ဖိုးရှိလွန်းလို့ ကြုံကြိုက်ရခဲလွန်းလို့ သတိထားမိအောင် ရေးပါရစေ။

လောကီမှာ မိဘက သားသမီးကို စောင့်ရှောက်တာ တစ်နည်း မိဘဝတ် ကျေတာ၊ သားသမီးက မိဘကို စောင့်ရှောက်တာ တစ်နည်း သားသမီးဝတ်ကျေတာ။ ဇနီး ခင်ပွန်းတို့ အပြန်အလှန်သစ္စာရှိပြီး ရိုးမြေကျ ဝတ္တရားတွေ ကျေပွန်ကြတာ။ ပိုကောင်းတဲ့ ဘဝကို ရည်မှန်းပြီး ဒါနတွေပြုတာ သီလဆောက်တည်ကြတာ။ ပရဟိတ ဥပ်ငန်းတွေ လုပ်ကြတာ ဒါတွေ အားလုံးဟာ ကောင်းတဲ့ ကုသိုလ် ကိစ္စတွေပါ။ ကောင်းမှုရှောင် ကောင်းမှုဆောင် ဆိုတာနဲ့လည်း ညီပါတယ်။ ဒီလိုမျိုး ဖြစ်အောင် တောင်မှပဲ အမျိုးမျိုး ဖွဲ့နွဲ့ပြီး ရေးကြ ပြောကြ လုပ်ကြပါသေးတယ်။ အကုသိုလ်နဲ့ ယှဉ်ကြည့်ရင်တော့ ကုသိုလ်မို့ အပြစ်ပြောဖို့ မသင့်ပါ။

သို့သော် ကြုံခဲလှတဲ့ သာသနာတွင်းမှာမို့ အဲဒီကိစ္စတွေ အားလုံးရဲ့နောက်မှာ အဝိဇ္ဇာနဲ့ တဏှာက ခွစီးထားတယ်လို့ပဲ သတိပေးချင်မိပါတယ်။ ဘာနဲ့တူနေသလဲ ဆိုတော့ အဖိုးမဖြတ်နိုင်တဲ့ စိန်တွေ ခင်းထားတဲ့ မြေမှာ ကြေးနီတူးပြီး နိုင်သလောက် သယ်သွားသလိုပါပဲ။ တစ်သက်တာအေးချမ်းမယ့် အခွင့်အရေးရှိလျက်နဲ့ ခဏတာ ပြည့်စုံမှုကို ရွေးသလိုပါပဲ။ လောကီမှာ ကောင်းမှုတွေ ကုသိုလ်တွေ သမုတိသစ္စာတွေ ဘယ်လောက်ပဲ ဖြည့်ဆည်း ဖြည့်ဆည်း သေခါနီး ဝိနိပါတိကဘေး (လေတိုက်လို့ ကြွေကျရတဲ့ သစ်ရွက်လို ကျချင်ရာကျတတ်တဲ့ဘေး) သင့်တဲ့အခါ၊ ဝေဒနာပေါ် ဒေါသ ထွက်လို့လည်း ငရဲကျတတ်ပါသေးတယ်။ ငါ့သား ငါ့သမီး ငါ့ဥစ္စာ ဆိုတဲ့ အစွဲတွေ ကြီးရင်လည်း ပြိတ္တာဖြစ်တတ်ပါသေးတယ်။ တွေတွေဝေဝေ သေသွားရရင်လည်း တိရိစ္ဆာန် ဖြစ်တတ်ပါသေးတယ်။ ဒါတွေကနေ လွတ်ပြီး ကုသိုလ်လေး သီလလေး အာရုံပြုပြီး သေသွားလို့ အထက်နတ်ပြည် လူပြည် စတဲ့ ကာမသုဂတိ ရောက်ပြန်တော့လည်း ကာမဂုဏ်နဲ့ အချိန်ကုန်ပြီး ဘုရားတရား မေ့နေမလား သာသနာမရှိတဲ့ နေရာ

mgyee.com

သွားဖြစ်မလား ဘာမဆို ဖြစ်နိုင်ပါတယ်။ အဲလိုဖြစ်ပြီဆို အဲဒီဘဝကနေ စုတိပြန်ရင် ပြောခဲ့တဲ့ ဝိနိပါတိကဘေးက ထပ်သင့်ပြန်ဦးမှာပါပဲ။ သစ္စာနဲ့ ဝေဖန် ပြန်ရင်လည်း ၃၁ ဘုံလုံး စက်ဆုပ်စရာ အသုံးမကျတာ အမှန် ဒုက္ခသစ္စာကြီးပါပဲ။

ဒီတော့ သာသနာနဲ့လည်း ကြုံတုန်း ဟောတတ်ပြောတတ်တဲ့ မိုးကုတ်ဆရာတော်ကြီး တရားတွေလည်း နာခွင့်ရတုန်း သံသရာက လွတ်အောင် တစ်နည်း အရိယာ ဖြစ်သွားအောင် နံပါတ်တစ်ထားပြီး အားထုတ်တာသာလျှင် အသင့်တော်ဆုံးလို ပြောရမှာပါ။ လောကီမှာ ပြောကြတဲ့ မိဘနဲ့ သားသမီး ချစ်ချစ်ခင်ခင် သက်ဆုံးတိုင် ဆိုတာမျိုး၊ အဆွေခင်ပွန်း ဇနီးမယားနဲ့ သက်ဆုံးတိုင် ဆိုတာမျိုးတွေနဲ့ တစ်ယောက်နဲ့ တစ်ယောက်ခြင်းထဲက ကြက်တွေလို အပြန်အလှန်ဆွဲချနေတာ ရှောင်ကြပါ။ မိဘကလည်း သားသမီးကို သားသမီးကလည်း မိဘကို၊ ဇနီးကလည်း ခင်ပွန်းကို ခင်ပွန်းကလည်း ဇနီးကို သံသရာက လွတ်ကြောင်း ဝိပဿနာ အားထုတ်ဖို့ အားပေး တိုက်တွန်းကြပါ။ ကိုယ်တိုင်လည်း ကျင့်ကြပါလို့ပဲ ပြောပါရစေ။

## အာသဝ

အာသဝနဲ့ပတ်သက်ရင် အာသဝလေးပါး ရှိပါတယ်။ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ နဲ့ အဝိဇ္ဇာသဝ ပါ။ အဝိဇ္ဇာသဝကတော့ သစ္စာလေးပါးကို မသိခြင်းကြောင့် နှစ်မြုပ်ခြင်း ဖြစ်ပါတယ်။ အဝိဇ္ဇာသဝ ကနေ လုံးဝလွတ်မြောက်ဖို့ ဆိုရင်တော့ ရဟန္တာဖြစ်မှသာ လွတ်မြောက်နိုင်မှာပါ။ ပထမမဂ်မှာ လေးပုံတစ်ပုံလွတ်ပါမယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ သစ္စာလေးပါးနဲ့ ပတ်သက်တာကို သေချာရေးနိုင်မှ ရေးဖို့ စဉ်းစားထားတာမို့ သညာသိ နဲ့ အသေးစိတ်မရေးတော့ပါဘူး။

ကာမာသဝ ဘဝါသဝ နဲ့ ဒိဋ္ဌာသဝ ကတော့ နေ့စဉ်ဘဝမှာလည်း ကြုံတွေ့နေရပြီးတော့ သူ့ရဲ့လှည့်စားမှုကြောင့်ပဲ အပါယ်ကျ ကြတာများပါတယ်။ ကာမာသဝ ဆိုတာ ကာမဂုဏ်အာရုံကို လိုချင်နှစ်သက်ခြင်း ဖြစ်ပြီး ကာမဂုဏ်အာရုံဆိုတဲ့အထဲမှာ အကုန်ပါပါတယ်။ ဥပမာ သားသမီးတွေ အဆင်ပြေတာ မြင်ချင်တယ်ဆိုပါစို့။ အဲဒါဟာ ငါ့သားသမီးလို့ ထင်တဲ့ ဒိဋ္ဌာသဝ၊ အဆင်ပြေတာမြင်ချင်တယ်ဆိုတာ ကာမသဝပါ။ ဒီတရားနှစ်ခု နှစ်မြုပ်လိုက်တဲ့အခါမှာတော့ သံသရာလွတ်လမ်းဆီ မရောက်တော့ဘဲ အဆင်ပြေအောင်အားထုတ်မှု ဆိုတာတွေ လာတော့တာပါပဲ။ သားသမီးကနေ မိဘပေါ် ခင်တွယ်မှုဆိုတာလည်း အပေါ်မှာပြောသလို ဒိဋ္ဌာသဝ ကာမာသဝ ပါပဲ။ မိုးကုတ်ဆရာတော်ကြီး အမြဲဟောသလို ကိုယ့်သားသမီး ကိုယ်ခင်တွယ်တာ ဘာဖြစ်လဲ၊ ဘာမှ

မဖြစ်ပါဘူး အပယ်သွားတာပေါ့ ဆိုတာလိုပါပဲ။ ငါ့ဟာ ငါ့ဥစ္စာ ငါ့သား ငါ့သမီး ငါ့ဇနီး ဆိုတဲ့ စိတ်တွေဟာ အပယ်ဇာတိဖြစ်တဲ့ ပြိတ္တာဘဝ အကျိုးပေးပါတယ်။ မသိမှု မောဟနဲ့ တွေတွေဝေဝေ သေပြန်ရင်လည်း တိရိစ္ဆာန်ဘဝ အကျိုးပေးပြန်ပါတယ်။

ဒိဋ္ဌာသဝတိုင်း အပယ်တော့မချပါဘူး သုဂတိနတ်ပြည်တော့ ရောက်နိုင်ပါသေးတယ် ငါလှူထားတာကို ကြည်နူးလိုက်တာ ဆိုတဲ့ စိတ်မျိုးက၊ ငါသီလလုံသားပဲ ဆိုတဲ့ စိတ်မျိုးက ကောင်းရာ သုဂတိ ပို့နိုင်ပါတယ်။ အငြင်းပွါးစရာမရှိပါဘူး။ ဒါပေမယ့် သံသရာက လွတ်ဖို့အတွက်ကျတော့ ဒိဋ္ဌာသဝကို အရင်ပယ်နိုင်အောင် ကြိုးစားရပါတယ်။ ဒိဋ္ဌာသဝ ခေါ်တဲ့ ငါ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ဆိုတာကနေ ကာမာသဝရော ငါ့ဘဝ ဘယ်လို ဆိုတဲ့ ဘဝါသဝတွေရော အားကြီးပြီး သံသရာက မလွတ်အောင် ဆွဲချတော့တာပါပဲ။ ခေါင်ဖြစ်တဲ့ ဒိဋ္ဌာသဝကို ပယ်နိုင်ရင်တော့ သူ့နောက်က လိုက်လာတဲ့ အပယ်ကျ လောက်မယ့် ကာမာသဝ ဘဝါသဝ တွေ ပယ်သွားမယ့်အပြင် အဝိဇ္ဇာသဝပါ လေးပုံ တစ်ပုံ ချုပ်သွားမှာပါ။

ဒါကြောင့်လည်း တရားအားထုတ်တဲ့ သူတွေအနေနဲ့ ပုထုဇဉ် အရူးတွေနဲ့ နေရ တာမို့ ကန့်လန့်တိုက်တယ်ပဲဆိုဆို ငါ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ ငါ့သားသမီး ငါ့ဆွေမျိုး ငါ့ဘဝ ဆိုတာတွေကို ပယ်ဖို့ စွန့်လွှတ်ဖို့ လိုပါတယ်။ ရုပ်နာမ် ခန္ဓာငါးပါး ပေါ်မှာ ငါစွဲကို ကျွတ်အောင် ကြိုးစားပါ။ ငါဆိုတာနဲ့ ပတ်သက်တဲ့ အစွဲတွေ ကုန်အောင် ကြိုးစားပါ။ တစ်ခုလိုချင် တစ်ခုလက်လွှတ်ရတယ် ဆိုသလို လောကဝတ်တို့ ဘာတို့နဲ့ လှည့်စား ခံမနေပါနဲ့တော့ ရခဲလှတဲ့လူ့ဘဝမှာ ရှိသမျှသံယောဇဉ်အကုန်လုံးကို စိတ်မှာ ပယ်ခွာ ထားပြီး ဝိပဿနာ သမ္မာဒိဋ္ဌိကိုသာ မြဲနေအောင်ကြိုးစားပါ။ မကင်းကြောင်းမို့ လုပ်နေရ ပေမယ့် စိတ်မှာတော့ ငါ သူ ဆိုတာ လုံးလုံးမရှိကြောင်း ရှင်းနေအောင် လုပ်ထားပါ။ ရှေ့မှာရေးခဲ့သလိုပဲ အားလုံးဟာ ရုပ်နာမ် ဖြစ်ပျက် သင်္ခါရတရားတွေ အနေနဲ့ မြင်ပြီး သင်္ခါရတရားတွေပဲမို့ ဘာမှ တုန်လှုပ်စရာမရှိ တောင့်တခြင်း ကြောင့်ကျခြင်း ကင်းတဲ့ စိတ်မျိုး တစ်နည်း သင်္ခါရုပေက္ခာဉာဏ်လောက်နဲ့ ဘဝ အဆုံးသတ်နိုင်ဖို့ ကြိုးစားပါ။ ဖြစ်နိုင်ရင်တော့ အခုကတည်းက တစ်မဂ် တစ်ဖိုလ်ရအောင် ကြိုးစားထားနိုင်ရင်တော့ အကောင်းဆုံးပါပဲ လို့ ပြောရင်းပဲ နိဂုံးချုပ်ပါရစေ။

mgyoe.com SAMPLE BOOK mgyoe.com

## မောဟ

mgyoe.com SAMPLE BOOK

တကယ်တော့ နီးနီးလေးနဲ့ ဝေးနေကြတာပါ။ လူတွေက လောဘ ဒေါသ ကို ရှောင်ကောင်းတဲ့ အရာမှန်း သိကြတယ်။ ရှောင်ဖို့လည်း ကြိုးစားတယ်။ အကုသိုလ် တရားတွေ မှန်းသိကြပါတယ်။ လောဘ ဒေါသ က အပါယ်ပို့တဲ့တရားလို့ သိကြပေမယ့် တကယ်တမ်း အပါယ်ရောက်ရတာသည် မောဟဆိုတဲ့ ငရဲမျိုးစေ့ကြောင့်ပါ။ မောဟကို အပြတ်မဟုတ်တောင် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကွာလောက်တဲ့ထိ ရောက်ရင်ပဲ လောဘနဲ့ ဒေါသ ဖြစ်စေဦးတော့ အပါယ်မကျတော့ပါဘူး။ အဲဒါကြောင့်လည်း ဒိဋ္ဌိကို ငရဲမျိုးစေ့လို့ ခေါ်ကြ တာပါ။

အဲဒီတော့ ဒိဋ္ဌိဆိုတာ ဘာလဲဆိုတော့ ရှင်းရှင်းလေးပါ။ ငါပဲ သူပဲ သတ္တဝါပဲလို့ ထင်မြင်မှုပါပဲ။ ရှင်ပုဏ္ဏမှန် ဥပမာနဲ့ ပြောရရင် တစ်ယောက်ယောက်က မှန်ရှေ့ ရပ်လိုက် တဲ့အခါ အရိပ်ဆိုတာ ပေါ်ပါတယ်။ အရိပ်ဆိုတာဟာ နဂိုရှိလားဆိုတော့ မဟုတ်ပါဘူး။ ကိုယ်ဆိုတဲ့ အဆင်းပေါ်မူတည်ပြီး ပေါ်တာပါ။ အဲဒီလိုပါပဲ ငါ သူ ဆိုတာသည် နဂိုရှိ မဟုတ်ပါဘူး။ ခန္ဓာငါးပါး မှာ ရုပ်ပေါ်မှာ ငါဆိုပြီး စွဲယူထားတာပါ။ ငါ့ရုပ်လှတယ်၊ ငါ အိုလာပြီ အစရှိသဖြင့်ပေါ့။ အဲလိုပဲ ဝေဒနာပေါ်မှာလည်း ငါ နာတယ်၊ ငါ ပူတယ်၊ ငါ အေးတယ် အစရှိသဖြင့် စွဲယူပါတယ်။ သညာပေါ်မှာလည်း ငါမှတ်ထားတာပဲ၊ ငါမှတ်မိ တာပဲလို့ထင်တတ်ပါတယ်။ ဝိဉာဏ်ပေါ်မှာလည်း ငါသိတာ ငါတတ်တာ ဆိုတာမျိုး မှတ်ယူတတ်ပါတယ်။ အဲဒီလိုပဲ သင်္ခါရပေါ်မှာလည်း ငါပြုလုပ်တယ်လို့ ထင်ပြန်ပါတယ်။ ဒီလိုနဲ့ ခန္ဓာငါးပါးပေါ်မူတည်ပြီး မရှိတဲ့ ငါဆိုတဲ့ အတ္တကို ရှိသယောင် ထင်တတ်ပါတယ်။ မှန်မှာ အရိပ်ပေါ်သလိုပေါ့။ ငါဆိုတဲ့အထင်ဟာ ခန္ဓာငါးပါးကို မှီပြီး ပေါ်ပါတယ်။ အဲဒါကို အမှန်မမြင်မှု မောဟ လို့ ခေါ်ပါတယ်။

တကယ်တော့ လူတွေ သတ္တဝါတွေ အားလုံးရဲ့ တကယ်အရှိကို ပစ္စုပ္ပန် တည့်တည့်လေးမှာ ရပ်ကြည့်လိုက်ရင် အတ္တဆိုတဲ့ သဘော ငါ သူဆိုတဲ့ သဘော အမည် နာမတွေရော အားလုံးဖယ်လိုက်ရင် တကယ်ရှိနေတာက ခန္ဓာငါးပါး ဆိုတဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ ဝိဉာဏ်၊ သင်္ခါရ ဆိုတဲ့ တရားတွေပဲ ရှိနေပါတယ်။ ဒါကိုပဲ မှန်ထဲမှာ အရိပ် ပေါ်သလို ဘယ်သူပဲ ဘယ်ဝါပဲ ဘယ်လိုလူပဲ ဘာတွေ လုပ်ခဲ့တာပဲ အစရှိသဖြင့် ဝေဒနာ၊ သညာ၊ ဝိဉာဏ်၊ သင်္ခါရ တို့က ပုံဖော်ပေးလိုက်ပါတယ်။ ပြီးတဲ့နောက်မှာတော့ တကယ် မရှိတဲ့ အရိပ်တွေပေါ်မူတည်ပြီးပဲ ပြောဆို ဆက်ဆံကြပါတယ်။ ကွန်ပျူတာမှာ ဆိုရင် စာတွေ အဓိပ္ပာယ်တွေ အားလုံး ပယ်လိုက်တဲ့အခါမှာ တကယ်ရှိနေတာသည် ထရန်စစ် စတာတွေ ဝမ်းတွေ ဇီးရိုးတွေလို့ တကယ့်အရှိကို မြင်ကြည့်သလိုပါပဲ။ သတ္တဝါ ဆိုတာရဲ့

mgyoe.com

တကယ့်အရှိသည် ခန္ဓာငါးပါးပါ။ သူ့ရဲ့အရိပ်ကိုသာ နာမည်တွေတပ်ပြီး ပြောနေကြတာပါ။ အဲဒီလိုအကျင့်က အားလုံးမှာ ဖြစ်နေကြလေတော့ အဲဒီထဲမှာပဲ လည်ပြီး သတ္တလောက ဆိုတာမျိုးမြင်ကြရတာပါ။ တကယ်မရှိတဲ့ အရိပ်တွေကို ပယ်လိုက်ရင်တော့ ခန္ဓာငါးပါး အကြောင်းကြောင့် အကျိုးဖြစ်ပျက်နေခြင်းသက်သက် သင်္ခါရလောက ကို မြင်မှာပါ။

mgyoe.com SAMPLE BOOK

သင်္ခါရလောကသည်သာ အတည်ယူရမယ့် လောကဖြစ်ပြီး သတ္တလောက ဆိုတာသည် အရိပ်များ ပညတ်ချက်များသာ ဖြစ်ပါတယ်။ တကယ်ရှိ အမှန်ရှိ မဟုတ်ပါဘူး။ တကယ်ရှိ အမှန်ရှိသည် အကြောင်းကြောင့် ဖြစ်သော အကျိုးတရား သင်္ခါရတရားများရဲ့ ဖြစ်ပျက်သာ ဖြစ်ပါတယ်။ ဒီသင်္ခါရတရားတွေကို ကြည့်လိုက်ရင် မြင်တယ် မြင်ပြီး ပျက်ပါတယ်။ ကြားတယ် ကြားပြီး ပျက်ပါတယ်။ သိတယ် သိပြီး ပျက်ပါတယ်။ ခံစားတယ် ခံစားပြီး ပျက်ပါတယ်။ ပြုလုပ်တယ် ပြုလုပ်ပြီး ပျက်ပါတယ်။ မှတ်သားတယ် မှတ်သားပြီး ပျက်ပါတယ်။ မှတ်မိတယ် မှတ်မိပြီး ပျက်ပါတယ်။ ဘယ်အရာမှ တည်မြဲတယ်လို့မရှိ အမြဲ ပျက်နေပါတယ်။ အဲဒါကြောင့်လည်း သဗ္ဗေ သင်္ခါရာ အနိစ္စာလို့ ဟောခဲ့တာပါ။ အဲဒီလိုပါပဲ အရာအားလုံးမှာ အတ္တဆိုတာ မရှိပဲ ဖြစ်ပြီးပျက်တဲ့ သဘော သက်သက်သာမို့ သဗ္ဗေ သင်္ခါရာ ဒုက္ခာ ဖြစ်သမျှသည် ဒုက္ခ စက်ဆုပ်စရာ အသုံးမကျတာ သက်သက်သာ လို့ ဟောခဲ့တာပါ။ အရာအားလုံးဟာ သင်္ခါရတရားများသာဖြစ်တဲ့အတွက် အရိပ်ဆိုတာ တကယ်မရှိတဲ့အတွက် တကယ်ရှိတဲ့ တရားများမှာ အတ္တဆိုတဲ့ သဘော၊ ပိုင်စိုးမှုရှိတဲ့ သဘောမရှိတာမို့ သဗ္ဗေ ဓမ္မာ အနတ္တာ လို့ ဟောခဲ့တာပါ။

အလွယ်ပြောရရင်တော့ အရိပ်ကို အမှန်ထင်မနေဘဲ တကယ်ရှိ အမှန်ရှိကို သိအောင် ကြိုးစားခြင်းအားဖြင့် အမောဟ ဖြစ်နိုင်ပါစေလို့ ဆုတောင်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

mgyoe.com

## နာမ်ရုပ်သိသော ဉာဏ် နှင့် ကြောင်းကျိုးသိမ်းဆည်းသိသော ဉာဏ်

mgyoe.com SAMPLE BOOK

ဝိပဿနာဉာဏ်စဉ်ထဲမှာ ဒီနှစ်ဉာဏ်ကတော့ ရှေ့ဆုံး ဉာဏ်စဉ် တစ်နဲ့ နှစ်ပါ။ လူရယ်လို့ ဖြစ်လာပြီဆိုရင် ဒီနှစ်ဉာဏ်လောက်တော့ ကျေကျေညက်ညက် သိသွားသင့်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီနှစ်ဉာဏ်ဟာ ဒိဋ္ဌိဟိတ်ပုဂ္ဂိုလ်တွေတောင် သိနိုင်တဲ့ ဉာဏ်လို့ အဆိုရှိလို့ပါ။ ဒီနှစ်ဉာဏ်ဟာ နောက်ပိုင်းဉာဏ်စဉ်မှာ အခြေခိုင်သလားလို့ ပြန်ဆန်းစစ်ခံရတဲ့ ဉာဏ်ပါပဲ။ အဲဒီတော့ အဲဒါအကြောင်း နည်းနည်းပြောပါ့မယ်။ ပြီးတော့မှ သူနဲ့ဆက်စပ်ပြီး ဒိဋ္ဌိကွာပုံ ပြောပါ့မယ်။

ရုပ်နာမ်ခွဲခြားသိတဲ့ ဉာဏ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်ပါတယ်။ ဘယ်ဟာက ရုပ် ဘယ်ဟာက နာမ်ဆိုတာ သိဖို့ ပါပဲ။ ဒီနေရာမှာ အလွယ်ပြောရရင် ဥပမာ အရာတစ်ခုခုကို ထိတယ်ဆိုပါစို့။ အရာဝတ္ထုဆိုတာ အကောင်အထည်ရှိတဲ့ ရုပ်ပါပဲ။ ထိလိုက်တဲ့ လက်ကလည်း ရုပ်ပါပဲ။ အဲဒီလိုထိတွေ့မှု ဖြစ်တဲ့အခါမှာ သိပ္ပံပညာအရပဲ ပြောရမယ်ဆိုရင် လက်မှာရှိတဲ့ အာရုံကြောနဲ့ ထိတွေ့မှု ဖြစ်တာပါ။ အဲဒီအာရုံကြောကလည်း ရုပ်ပါပဲ။ အဲလိုထိတွေ့လိုက်တာနဲ့ အာရုံကြောကနေ အာရုံကြောမကြီးဆီကို ထိတွေ့မှုကြောင့် လျှပ်စစ်သဘောနဲ့ အချက်ပြမှု သွားပါတယ်။ လျှပ်စစ်သည်လည်း အီလက်ထရွန်ဆိုတော့ ရုပ်ပါပဲ။ အဲဒီကမှတစ်ဆင့် ဦးနှောက်ဆီရောက်တဲ့အခါမှာ ထိတွေ့မှုကို သိစိတ်ဆိုတဲ့ နာမ်ကလေး ဖြစ်တာပါ။ (ဒီနေရာမှာ တစ်ခုရှိတာက ဦးနှောက်မှာရှိတဲ့ နူရွန်ဆိုတဲ့ ဆက်သွယ်မှုကွန်ရက်မျိုးက ဦးနှောက်နဲ့ နှလုံး ကြားမှာလည်း ရှိနေတယ်လို့ ပြောပါတယ်။ အဲဒီအတွက် စိတ်က နှလုံးမှာ ဖြစ်တယ်ဆိုတဲ့ အယူအဆနဲ့ သွားကိုက်နေပါတယ်)။ နှလုံးမှစိတ်ဖြစ်သည်ဖြစ်စေ ဦးနှောက်မှာဖြစ်သည်ဖြစ်စေ ဦးနှောက်သည်လည်း ရုပ်၊ နှလုံးသည်လည်း ရုပ်ပါပဲ အကောင်အထည် ရှိပါတယ်။ အဲဒီမှာပေါ်လာတဲ့ နာမ်ကတော့ အကောင်အထည်လုံးလုံးမရှိတဲ့ သဘောပါ။ အဲဒီတော့ ပြောချင်တာက ကျနော်တို့ဆိုတာသည် တကယ်တော့ အကောင်အထည် သဘောရှိတဲ့ရုပ်နဲ့ အကောင်အထည်လုံးဝ မရှိတဲ့ နာမ် အပြန်အလှန် အကျိုးပြုခြင်း သက်သက်သာ ဖြစ်ပြီး ပုဂ္ဂိုလ် သတ္တဝါဆိုတာသည် ပညတ်ချက် သက်သက်သာ ဖြစ်ပါတယ်။ တကယ်ရှိ အမှန်ရှိတာသည် ရုပ်နှင့် နာမ်သာ ဆိုတာကို ပိုင်းခြားသိဖို့ပါပဲ။ ဒါဆိုရင် ငါဆိုတာကြီးက တကယ်မရှိပဲ သူ့သဘာဝအတိုင်း သူဖြစ်နေတဲ့ ရုပ်နဲ့ နာမ်သာ ဆိုတာကို သိရင် ဒိဋ္ဌိဝိသုဒ္ဓိခေါ်တဲ့ ဒိဋ္ဌိအယူ စင်ကြယ်သွားးတာပါပဲ။ ဒါဟာ နာမရူပ ပရိစ္ဆေဒဉာဏ်ပါပဲ။

နောက်တစ်ခုကတော့ ကြောင်းကျိုးသိမ်းဆည်းသိသော ဉာဏ်ပါ။ သူကိုတော့ ပစ္စယ ပရိဂ္ဂဟဉာဏ်ပဲ လို့ ခေါ်ပါတယ်။ သူကတော့ ရုပ်နာမ်ဖြစ်ပျက်ရဲ့ အကြောင်းအကျိုး

mgyoe.com

ကို သိမ်းဆည်းပြီး သိရတာပါ။ သိမ်းဆည်းတယ်ဆိုတဲ့ စကားကိုထည့်ထားတာကတော့ ရုပ်နာမ်ဖြစ်ပျက်မှန်သမျှကို အကြောင်းနဲ့ အကျိုး တစ်ပတ်လည်အောင် သိရတာမို့ပါ။ ဖြစ်သမျှ ရုပ်နာမ်သည် အကြောင်းနှင့်အကျိုးသာ ရှိသည်ဆိုတာကို သိဖို့ပါပဲ။

ဥပမာ တစ်ခုခုကို ထိလိုက်တယ်။

- ထိမှု ဘာကြောင့် ဖြစ်သလဲဆိုရင် ရုပ်လှုပ်ရှားမှုကြောင့် ဖြစ်ပါတယ်(ရုပ်)။
- ရုပ်လှုပ်ရှားမှု ဘာကြောင့် ဖြစ်သလဲဆိုရင် ထိကိုထိမယ်လို့ ဆုံးဖြတ်ချက် (စေတနာ) ကြောင့် ဖြစ်ပါတယ် (နာမ်)။
- အဲဒီဆုံးဖြတ်ချက် ဘာကြောင့် ဖြစ်သလဲဆိုရင် အားကြီးတဲ့ ထိချင်စိတ်ကြောင့် ဖြစ်ပါတယ် (နာမ်)။
- အဲဒီအားကြီးတဲ့ ထိချင်စိတ် ဘာကြောင့် ဖြစ်သလဲဆို အားမကြီးသေးတဲ့ ထိချင်စိတ်(တဏှာ) သို့မဟုတ် ငါထိလို့ရတယ် ဆိုတဲ့ (ဒိဋ္ဌိ - ရုပ်နာမ်ပေါ် ငါ သူ ဟု အယူမှားမှု) ကြောင့် ဖြစ်ပါတယ် (နာမ်)။
- အဲဒီ စိတ်နှစ်ခု ဘာကြောင့် ဖြစ်သလဲဆိုရင် အရာဝတ္ထုကို မြင်မှုဆိုတဲ့ ဥပေက္ခာဝေဒနာနဲ့ ထိချင်စရာကောင်းတဲ့ အရာဝတ္ထုပဲ လို့ မှတ်သားထားမှု သညာ ကြောင့် ဖြစ်ပါတယ် (နာမ်)။
- ဒီမြင်မှုနဲ့ မှတ်သားထားမှု ဘာကြောင့် ဖြစ်လာရသလဲဆိုတော့ အဆင်းနဲ့ မျက်စိ ထိတွေ့မှုကြောင့်ပါ (ရုပ်)။ ဒီနေရာမှာ သိပ္ပံနည်းကျပြောရင် မြင်တယ် ဆိုတာဟာ အလင်းဖိုတွန်တွေဟာ အရာဝတ္ထု တစ်ခုခုကို တိုက်ပြီး အလင်း ပြန်ခြင်းဆိုတဲ့ သဘောနဲ့ မျက်စိကို အလင်းဖိုတွန်တွေ လာတိုက်ရာက ဖြစ်တာပါ(ရုပ်)။
- အဲဒီလို လာတိုက်မှု ဘာကြောင့် ဖြစ်ရသလဲဆိုတော့ ဒွါရခြောက်ခု ခေါ်တဲ့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် ဆိုတဲ့ ရုပ်ဒွါရတွေနဲ့ စိတ်ဆိုတဲ့ မနောဒွါရ ရှိနေလို့ပါ (ရုပ် နာမ်)။
- အဲဒီ ဒွါရခြောက်ပါး ဘာကြောင့် ရှိရသလဲဆိုတော့ ရုပ်နဲ့နာမ် ရှိနေလို့ပါ။
- ဘာကြောင့် ရုပ်နဲ့ နာမ် ရှိရသလဲဆိုတော့ အမိဝမ်းတွင်းမှာ ပဋိသန္ဓေစိတ် ဖြစ်ခဲ့လို့ပါ။
- ဘာကြောင့် ပဋိသန္ဓေစိတ်ဖြစ်ရသလဲ ဆိုတော့ အရင်ဘဝကလည်း အစမှာ ပြောခဲ့တဲ့ ရုပ်လှုပ်ရှားမှု သို့မဟုတ် နာမ်တွေးကြံမှု ဆိုတဲ့ စေတနာလို့ခေါ်တဲ့ အဖြစ် ဖြစ်ခဲ့လို့ပါ (ဥပမာ သေရတော့မယ်လို့ပူပန်မှု ဖြစ်ဖြစ်၊ ငါတော့ လူဖြစ်ရင် ကောင်းမှာပဲ ဆိုတဲ့ စိတ်ဖြစ်ဖြစ် ဖြစ်ခဲ့လို့ပါ)။

mgyoe.com

mgyoe.com SAMPLE BOOK

- အဲဒီစေတနာ ဘာကြောင့် ဖြစ်ရသလဲဆိုရင် ရုပ်နာမ်ဟာ ဒုက္ခသစ္စာပဲ၊ သူ့ကို ဖြစ်စေတဲ့ တဏှာက ပယ်ရမယ့်ကိစ္စပဲ ဆိုပြီးသိခြင်း၊ ပယ်ရမယ်တဏှာကို ပယ်သတ်ထားခြင်းနဲ့၊ ရုပ်နာမ်က လွတ်တဲ့ နိဗ္ဗာန်ကို ဆိုက်ရောက်ခြင်း မရှိလို့ပါ။ အဲဒါကို တစ်လုံးတည်းပြောရင်တော့ အဝိဇ္ဇာလို့ ခေါ်ပါတယ်(နာမ်)။

ဆိုတော့ အစကအဆုံးကြည့်လိုက်ရင် အားလုံးဟာ ရုပ်နာမ်တွေ အကြောင်း အကျိုး လှည့်ပတ်နေတာသာ ရှိတယ် ငါ သူ ဆိုတာ မရှိဘူးဆိုပြီး အကြောင်း အကျိုးတွေ လှည့်ပတ်နေတာသာ ရှိတယ်ဆိုပြီး ကြောင်းကျိုးကို သိမ်းဆည်းသိသော ဉာဏ်ဖြစ်သွားဖို့ ပါပဲ။

ဒီနှစ်ဉာဏ်ဟာ အရေးကြီးလို့ ပြန်ရေးရတာပါ။ နောက်တစ်ခုအနေနဲ့တော့ ဒိဋ္ဌိ ဖြုတ်တဲ့ အပိုင်းကို သွားပါ့မယ်။

ဒိဋ္ဌိဖြုတ်တဲ့အခါ နှစ်ပိုင်းရှိပါတယ်။ ပထမ အပိုင်းကတော့ န အတ္တ- အနတ္တ ဆိုတဲ့ အဓိပ္ပာယ် တစ်ခုက အတ္တဆိုတဲ့ သဘော မရှိဘူးလို့ ဆိုလိုတာပါ။ အတ္တဆိုတာ မရှိဘူးဆိုတာသည် မနေ့က ငါနဲ့ ဒီနေ့ငါ တူတူပဲ ဆိုတဲ့ သဘောကို အတ္တလို့ ခေါ်ပါတယ်။ ဟိုလူပဲ ဒီလူပဲ အမေပဲ အဖေပဲ သားပဲ သမီးပဲ အစရှိသဖြင့် ရုပ်နာမ်ပေါ်မှာ အထင် လွဲပြီး သတ္တဝါဆိုတဲ့ သဘောကို အတ္တလို့ ခေါ်ပါတယ်။ ရှေ့မှာ ပြောခဲ့တဲ့ ဉာဏ် နှစ်ဉာဏ် နဲ့ ဆင်ခြင်ကြည့်လိုက်ရင် အဲဒီ အတ္တဆိုတာ မရှိကြောင်း ထင်ရှားပါတယ်။ အဲဒါကတော့ အတ္တလို့ အယူမှားထားတာကို ပယ်ဖြောက်တဲ့ ကိစ္စပါပဲ။

ဒုတိယ အပိုင်းကတော့ အဲဒီအတ္တဆိုတာ မရှိရင် ဘယ်သူက ဘာက ရုပ်နာမ် တွေကို စီရင်နေတာလည်း ဆိုတဲ့ အပိုင်းပါ။ အဲဒါနဲ့ ပတ်သက်လို့ကတော့ ကြောင်းကျိုး သိမ်းဆည်းဉာဏ်နဲ့ ကြည့်လိုက်ရင် အရာအားလုံးဟာ အကြောင်းကြောင့် အကျိုး ဖြစ်နေတာပါ။ ရုပ်နာမ်ကို ခွဲလိုက်ရင် ရုပ်အစုအဝေး တစ်ခု။ နာမ်အစုအဝေး လေးခုဆိုပြီး ခွဲခြားပြပါတယ်။ နာမ်အစုအဝေးလေးခုကတော့ ဝေဒနာဆိုတဲ့ ခံစားမှုရယ်၊ သညာဆိုတဲ့ မှတ်သားမှုရယ်၊ ဝိဉာဏ်ဆိုတဲ့ သိမှုရယ်၊ သင်္ခါရ ခေါ်တဲ့ စေ့ဆော်မှု စေတနာရယ် ဆိုပြီး ရပါတယ်။ နာမ်ဟာ ပြောခဲ့တဲ့အတိုင်း အကောင်အထည် လုံးဝမရှိပါဘူး။ ဒီနေရာမှာ ပစ္စည်းတစ်ခုတွေ့လိုက်တာနဲ့ ဥပေက္ခာဝေဒနာဖြစ်ပြီး အဲဒီကမှ မှတ်မိမှုရော သိမှုရော ပေါ်လာပါတယ်။ အဲဒီအချိန်မှာ ငါမြင်တယ်၊ ငါမှတ်မိတယ်၊ ငါသိတယ်ဆိုပြီး အထင်မှားမှု ဖြစ်ရာကနေ လိုချင်မှု မရမနေလိုချင်မှု ပြုလုပ်မှု (စေတနာ) ဆိုပြီး အမြဲ လည်နေတာပါ။ ပြောချင်တာကတော့ ဒီခန္ဓာငါးပါး (ခန္ဓာဆိုတာ အစုအဝေးကို ခေါ်တာပါ) ရုပ်နာမ် တရားတွေဟာ အတ္တဆိုတာမရှိဘဲ သူ့သဘောသူဆောင်နေတာပါ။ အတ္တဆိုတာ မရှိတာ

mgyoe.com

mgyoe.com SAMPLE BOOK

ရယ်။ သူ့သဘောသူဆောင်နေတာရယ်ကို သေသေချာချာသိရင် ဒိဋ္ဌိပြုတ်ပါပြီ။ အဲဒီအခါမှာ အပေါ်မှာ ပြောခဲ့တဲ့အတိုင်း ဒုက္ခသစ္စာ သမုဒယသစ္စာ မဂ္ဂသစ္စာ နိရောဓသစ္စာဆိုတာတွေကလည်း သူ့သဘောသူဆောင် ဖြစ်ပျက်လာမှာပါ။

ဒီလောက်ဆိုရင်ဖြင့် ရှေ့ဉာဏ်နှစ်ဉာဏ်အတွက် လုံလောက်ပြီထင်ပါတယ်။ အကျိုးတစ်စုံတစ်ရာရှိမယ် မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ငါ သူ ဆိုသည်မှာ ဖန်တီးထားသော ပညတ်သာ

အဝိဇ္ဇမာနပညတ်ဆိုတာ တကယ်မရှိ စကားသက်သက်သာ ဖြစ်သော ဖန်တီးထားသော ပညတ်မျိုးကို ဆိုလိုပါတယ်။ ဥပမာ ယုန်ချိုလို စကားမျိုးပါ။ ဘာလို့လဲဆိုတော့ ယုန်မှာ ချိုဆိုတာမရှိလို့ပါပဲ။ ဖန်တီးယူထားတဲ့ ပြောလို့ရတဲ့ စကားလုံး သက်သက်မို့ပါ။ အဲဒီသဘောမျိုးပါပဲ ငါ သူဆိုတဲ့ စကားလုံးဟာလည်း တကယ်မရှိ ဖန်တီးယူထားတာ ဖြစ်ပါတယ်။

ဘာကြောင့် ငါ သူဆိုတာ ဖန်တီးယူထားတယ် ပြောရသလဲဆိုတာ ငါသူဆိုတဲ့ စကားလုံးရဲ့နောက်မှာ ရည်ညွှန်းတဲ့ အဓိပ္ပာယ်ဟာ မရှိတဲ့ အရာကြီးကို ရည်ညွှန်းထားတာဖြစ်နေလို့ပါ။

ကိုယ့်ကိုကိုယ် ငါလို့ ပြောလိုက်ရင် ရည်ညွှန်းအဓိပ္ပာယ်တွေက မွေးစကနေ ယနေ့ထိ ကိစ္စတွေ ကြုံဆုံလာရသူလို့ ရည်ညွှန်းပါတယ်၊ မနေ့က ငါနဲ့ ဒီနေ့ငါ တူတူပဲဆိုတဲ့သဘော ရည်ညွှန်းပါတယ်၊ ငါလုပ်ရင် ငါခံရမှာပေါ့ ဆိုတာမျိုးရည်ညွှန်းပါတယ်။

တကယ်တော့ သတ္တဝါဆိုတာဟာ ပညတ်သာဖြစ်ပြီး တကယ်ရှိတာသည် ခန္ဓာငါးပါးသာ ဆိုတာ ရှင်းမယ်ထင်ပါတယ်။ ဒီခန္ဓာငါးပါးဟာလည်း အဆက်မပြတ်ဖြစ်ပျက်နေတာပါ။ အဲဒီအတွက် မွေးကတည်းက ဒီနေ့ထိ ကိစ္စတွေ ကြုံဆုံလာရတဲ့သူဆိုတာ မရှိပါဘူး။ ငါဆိုတဲ့ စကားလုံးပြောတဲ့အချိန်မှာ ငါဆိုတဲ့အတွေး တွေးကြံလိုက်တဲ့အခါမှာ မှတ်မိခြင်းဆိုတဲ့ သညာက္ခန္ဓာ ဖြစ်ပျက် ဖြစ်တာပါ။ အဲဒီအတွက် ငါဆိုတဲ့ စကားလုံးရဲ့ ရည်ညွှန်းချက် နံပါတ်တစ်ဟာလည်း ယုန်ချိုလိုပဲ ပြစရာမရှိပါဘူး။

ခန္ဓာငါးပါးက အမြဲဖြစ်ပျက်နေတဲ့အတွက် မနေ့က ခန္ဓာငါးပါးနဲ့ ဒီနေ့ ခန္ဓာငါးပါးဟာ မတူတော့တဲ့အတွက် တူတယ်လို့ ရည်ညွှန်းတဲ့ ရည်ညွှန်းချက် အဓိပ္ပာယ်ဟာလည်း မရှိပါဘူး။ ဒါက နံပါတ်နှစ်ပါ။

mgyoe.com

mgyoe.com SAMPLE BOOK နောက်တစ်ချက်ကတော့ ခန္ဓာငါးပါးဟာ သင်္ခါရတရားပါ အကြောင်းကြောင့် အကျိုး ဖြစ်နေတာသာ ရှိတဲ့အတွက် ပြုလုပ်ခြင်း ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ ဆိုတာဟာ တစ်စုံတစ်ယောက်က ပြုလုပ်တာ မဟုတ်ပါဘူး။ ဥပါဒါန်တရားကြောင့် ဖြစ်တဲ့ အကျိုးတရားပါ။ အဲဒါကြောင့် ပြုလုပ်သူဆိုတာ မရှိပါဘူး။ ကံ အကျိုးပေး ဆိုတာကလည်း ခိုင်မြဲတဲ့ ရုပ်နာမ်ဆိုတာ မရှိတဲ့အတွက် ကံဆိုတာလည်း ဖြစ်ပြီး ပျက်သွားတာသာဖြစ်တဲ့အတွက် အကျိုးပေး သတ္တိလေးကလည်း နောက် ရုပ်နာမ်ကို အကျိုးပေးတာဖြစ်တဲ့အတွက် ငါလုပ်တယ် ငါခံရတယ်ဆိုတဲ့ စကားမှာလည်း ရည်ညွှန်း အဓိပ္ပာယ် မရှိပဲ ယုန်ချိုလို ဖြစ်နေပြန်ပါတယ်။

ဒါကြောင့် ငါသူဆိုတာဟာ ဖန်တီးထားတဲ့ စကားသာ ဖြစ်ပြီး အမှန်တကယ် ရည်ညွှန်း အဓိပ္ပာယ်မရှိတဲ့အတွက် ယုန်ချိုဆိုတဲ့ စကားလိုမျိုး ဖန်တီးထားသော စကား သက်သက်သာ အဝိဇ္ဇာ မာန ပညတ်သာဖြစ်ပါတယ်လို့ ပြောရင်း နိဂုံးချုပ် ပါရစေ။

## ဝိနိပါတိကဘေး

ဝိနိပါတိကဘေးဆိုတာ သေတဲ့အခါမှာ အပါယ်ဘုံသို့ ဇရမ်းပတာ ကျရောက်တတ်တဲ့ ဘေးကို ဆိုလိုတာပါ။ ပုထုဇဉ်မှန်သမျှ ကြုံရမယ့် ဘေး၊ အန္တရာယ် အကြီးဆုံး ဘေးကြီးပါပဲ။ ဘုရားရှင်လက်ထက် သာသနာထွန်းကားတုန်း အချိန်မှာတောင် ဘုရားက လက်သည်းခွံပေါ်က မြေမှုန်နဲ့ မဟာပထဝီမြေကြီး ကွာသလို သေရင် သုဂတိရောက်တဲ့ ပုဂ္ဂိုလ်နဲ့ အပါယ်ကျတဲ့ ပုဂ္ဂိုလ် ကွာတယ်လို့ ဟောကြားခဲ့ပါတယ်။ အပါယ်ကျ ကြတာ ဘယ်လောက်များလဲ မှန်းဆကြည့်ပါ။ ဘယ်လောက်ပဲ သားသမီးကို ချစ်ပါတယ် ပြောပြော မိဘကို ချစ်ပါတယ်ပြောပြော ပုထုဇဉ်ဘဝကနေ လွတ်အောင် လုပ်မပေးနိုင်ရင် ဝိနိပါတိက ဘေးကနေ ပြေးမလွတ်ပါဘူး။ သစ်ပင်က သစ်ရွက်လေး ကြွေကျသလိုပေါ့ တောင်လေလာမြောက်၊ အရှေ့လေလာ အနောက်ဆိုသလို လေယူရာ ကြွေကျသွားတာ ပါပဲ။ ဒီဘေးကနေ လွတ်ဖို့ အရေးဟာလည်း အနိမ့်ဆုံး သောတာပန် ဖြစ်အောင် အားထုတ်ထားမှသာလျှင် လွတ်နိုင်တာပါ။

ဒီတော့ ရဟန်းတွေရောဆိုရင် ပုထုဇဉ် ရဟန်းဖြစ်နေသ၍ ဒီဘေးကို ကြုံရတာပါပဲ။ စာပေတွေမိုးပျံအောင် တတ်နေပါစေ၊ ဝိနည်းတွေ တစ်သက်လုံး မကျိုးမပေါက်အောင် ကြိုးစားထားပါစေ။ ပုထုဇဉ်ဘဝနဲ့ဆိုရင်တော့ ဇရမ်းပတာ ကျမှာပါပဲ။ မဟာပထဝီမြေကြီးနဲ့ လက်သည်းခွံပေါ်က မြေမှုန်ကွာသလို ထိပေါက်သလောက် အကြောင်းတိုက်ဆိုင်မှသာ လွတ်မယ့် သုဂတိကို မျှော်နေရတာဟာ အဓိပ္ပာယ် လုံးလုံး

mgyoe.com

မရှိတဲ့ ကိစ္စပါ။ လေပွေလေးဖော့လိုက်လို့ ထီးပေါက်ပြီး အမြင့်တက်သွားတဲ့ သဘော ဖြစ်ခဲ့ရင်တောင် ရောက်ရာဘဝမှာ ပုထုဇဉ်ဘဝနဲ့ပဲ ထပ်သေရဦးမယ်ဆို ဒီဘေးနဲ့ပဲ အပါယ် ပြန်ကျဦးမှာပါပဲ။

mgyoe.com SAMPLE BOOK

ကျနော်တို့ဆီက ရဟန်းများက သေခါနီးစိတ်ကလေးကောင်းလို့ နတ်ပြည် ရောက်သွားတယ်။ ဘာအလှူတွေ လှူလိုက်ရင်ဖြင့် အပါယ်ပိတ်တယ် ဆိုပြီး ဘုရား ဟောထားတဲ့ ဝိနိပါတိက ဘေးဆိုတာကို ပျက်ရယ်ပြုကြပါတယ်။ ဟောလိုက်ရင် တစ်နိုင်ငံလုံးပဲ ဗုဒ္ဓဘာသာ ဖြစ်ရုံနဲ့ ဘယ်တော့မှ အပါယ်မကျတော့မယ် ပုံစံ ဟောကြ ပါတယ်။ ပါရမီအဆင့်ဆင့် ဖြည့်ကျင့်တဲ့ ဘုရားအလောင်းတောင် ငရဲကနေ မလွတ်တာ ဘာအထုံပါရမီမှ မရှိတဲ့ အန္ဓပုထုဇဉ်တွေကို အဖြစ်မှန်အတိုင်း အရှိအတိုင်း မဟောဘဲ ဘာလှူလိုက်ရင်တော့ နတ်ပြည်ကျိန်းသေတယ်တို့ ဘာလှူလိုက်ရင်တော့ နောက် ဘုရား ဖူးရမှာပဲတို့ မြှောက်ပင့် ဟောနေကြတာဟာ ရင်လေးစရာပါပဲ။ ဘာကြောင့် ဒီလိုဟောသလဲဆိုတော့ သူတို့ကိုယ်တိုင်ကိုက ယုံချင်ရာကို ပစ်ယုံထားကြလို့ပါပဲ။ ဒီလို နောင်ဘဝကောင်းစားရေးဆိုတာလောက်ကိုပဲ သူတို့ မျှော်နေကြလို့ပါ။ သံသရာက လွတ်ရေးဆိုတာကို စဉ်းလည်း မစဉ်းစား။ စဉ်းလည်း မစဉ်းစားချင်ကြလို့ပါပဲ။ စာတတ် လေတော့ သေခါနီး ငါစိတ်ကောင်းလေးထားလိုက်မှာပေါ့လို့ အနတ္တကို အတ္တအယူစွဲ ထားလေတော့ ငရဲတောင်မကြောက်တော့ပဲ ပလ္လင်ပေါ်တက်ပြီး သန်ရာသန်ရာ ပြောချင်ရာ ပြောတော့တာပါပဲ။

ကျနော့် သဘောကတော့ အဆိုးနဲ့ အကောင်းရှိရင် အဆိုးကို ပို သတိထား သင့် ပါတယ်။ ဘုရားလက်ထက်မှာ ကံကောင်းတဲ့သူတွေ စုပြီး ကံကောင်းသွားကြတဲ့ အကြောင်းတွေထက် အနှစ်နှစ်သောင်း ဝိနည်းစောင့်ထိန်းပြီးနေပေမယ့် သေခါနီး ပိန်းရွက်လေး ဆွဲမိတာကို သတိရလိုက်တဲ့ ကုက္ကုစ္စက တိရိစ္ဆာန်နဂါးဘဝ ပို့လိုက်တာ မျိုး။ ရဟန်းတရားတွေ အားထုတ်ပါလျက် သင်္ကန်းကို စွဲပြီး သန်းဖြစ်သွားရတာမျိုး။ ဘုရားတစ်ဆူမှာ တစ်ခါသာ ဖြစ်တဲ့ အလှူကြီးပေးထားတဲ့ မိဘုရား အဝီစိကျသွား ရတာမျိုး စတဲ့ ဝိနိပါတိကဘေးရဲ့ အန္တရာယ်ကို ကျတော့ မဟောကြပါဘူး။ ဒါတွေဟာ ဒါန သီလနဲ့ အပါယ်ကို မတားနိုင်ဘူးဆိုတဲ့ သက်သေတွေပါပဲ။ ဘာဝနာမှ အားမထုတ် ထားရင် ပုထုဇဉ်ဘဝက မလွတ်ရင် လောကကြီး လူလာဖြစ်တယ်ဆိုတာ ခဏလာ လည်တဲ့ သဘောပါပဲ။ ကျနော်တို့ရဲ့ အိမ်ရာဟာ အပါယ်လေးပါးပါ။ အချိန်တန် အိမ်ပြန် ကြရမှာ အများစုပါ။ ရဟန်းသံဃာများက အဲဒီအကြောင်း ဟောသူရှားလွန်းလို့ တက်ကျမ်း ဟောတဲ့ ရဟန်းတွေသာ များလွန်းလို့ အမုန်းခံ ပြောရတာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံးအနေနဲ့ ပြောချင်တာက လက်သည်းခွံပေါ်က မြေမှုန်ဘဝလို ထိပေါက်တဲ့ ဘဝလောက်ကိုလည်း မမျှော်ပါနဲ့။ ထိပေါက်ရင်တောင် သေတိုင်းကြုံရမယ့် ဝိနိပါတိက ဘေးဆိုတာကို မမေ့ကြပါနဲ့။ ကိုယ်ငရဲက လာခဲ့တယ်ဆိုတာကိုလည်း မမေ့ကြပါနဲ့။ သားရေးသမီးရေး လောကရေးတွေလောက်နဲ့ အချိန်တွေကုန်ပြီး မောဟနဲ့ နေ မောဟနဲ့ သေပြီး အချိန်တန်ရင် အပါယ်လေးဘုံဆိုတဲ့ အိမ်ပြန်ကြရမှာကို မမေ့ပါနဲ့။ ဆရာတော်တွေက ဒါမျိုးတွေ မဟောဘူးဆိုလဲ ဒီလိုတရားမျိုးဟောတဲ့ အရိယာ ဆရာကောင်းဖြစ်တဲ့ မိုးကုတ်ဆရာတော်ကြီးတရားတွေပဲ နာကြပါ။ နှစ်သိမ့်ပေးမယ့်သူ မရှာပါနဲ့ အမှန်ပြောမယ့်သူ ရှာကြပါလို့ ပြောရင်းနဲ့ပဲ နိဂုံးချုပ်ပါရစေ။

## ဝိနိပါတိကဘေး (၂)

ဝိနိပါတိကဘေးဆိုတာ ရေးခဲ့ပါတယ်။ ခုတော့ ဘာကြောင့် ဝိနိပါတိကဘေး သင့်သလဲ ဆိုတာနဲ့ လွတ်လမ်းမရှိဘူးလား ဆိုတာ ရှင်းပြပါရစေ။

အဓိက ကတော့ အဲဒီဗရမ်းပတာ အပါယ်ကို ကျရောက်နိုင်တဲ့ဘေးဆိုတာဟာ ဘာကြောင့် ဖြစ်သလဲဆိုတော့ ကျနော်တို့ဟာ ပုဂ္ဂိုလ်သတ္တဝါတွေ မဟုတ်။ ကိုယ်လိုချင်သလိုမဖြစ်တဲ့ စိတ် စေတသိတ် ရုပ်ဆိုတဲ့ သင်္ခါရ တရားတွေ ဖြစ်နေလို့ပါ။ သင်္ခါရတရားဆိုတာက အကြောင်းပြုပြင်လို့ ဖြစ်တဲ့ တရားကို သင်္ခါရတရားလို့ ခေါ်ပါတယ်။ ဆိုလိုတာက ရုပ်သည် ကံ စိတ် ဥတု အာဟာရရဲ့ ပြုပြင်ခြင်းကြောင့် ဖြစ်ပေါ်နေပြီး စိတ်သည် အာရုံဒွါရ တိုက်တဲ့ပေါ်မှုတည်ပြီး ဖြစ်ပါတယ်။ အဲဒီရုပ်နဲ့ နာမ် တို့ဟာလည်း တစ်ခုနဲ့ တစ်ခု အညမညသဘောအကျိုးပြုပါတယ်။ ဥပမာ အရက်သောက်လိုက်ရင် မူးတာမျိုးပေါ့။ မူးတယ်ဆိုတာ စိတ်ဆိုတာကိုတော့ နားလည်မယ်ထင်ပါတယ်။ အဲဒီတော့ ခန္ဓာကိုယ် ရုပ်ကြီးဟာ အဆက်မပြတ် ဖောက်ပြန်ပျက်စီးပြီး အသစ်တွေ ဖြစ်နေသလို အာရုံခြောက်ပါးနဲ့ ဒွါရခြောက်ခု တိုက်ပြီးတော့လည်း စိတ်တွေက အမျိုးမျိုး ဖြစ်နေပါတယ်။

ပုထုဇဉ်ဘဝမှာ ဆိုးတာက ကိလေသာ ဆယ်ပါးဆိုတဲ့

| | | |
|---|---|---|
| လောဘ | = | လိုချင်မှု။ |
| ဒေါသ | = | ကြောက်ရွံ့မှု၊ အမျက်ထွက်မှု၊ မကျေနပ်မှု။ |
| မောဟ | = | မသိမှု၊ တွေဝေ မိန်းမောမှု။ |
| မာန | = | ထောင်လွှားခြင်း။ |

mgyoe.com

mgyoe.com SAMPLE BOOK

ဒိဋ္ဌိ = အယူမှားခြင်း၊ ကံ ကံ၏အကျိုးကို မယုံကြည်ခြင်းမှသည်။ ခန္ဓာငါးပါး ပေါ် ငါ သူ စွဲယူထားသော သက္ကာယဒိဋ္ဌိ ထိ အယူမှားမှုပေါင်း များစွာ ရှိပါသည်။

ဝိစိကိစ္ဆာ = သို့လော သို့လော မဝေခွဲနိုင်မှု။

ထိနမိဒ္ဓ = ထိုင်းမှိုင်းခြင်း၊ ငိုက်မျဉ်းခြင်း။

ဥဒ္ဓစ္စ = စိတ်ပျံ့လွင့်ခြင်း။

အဟိရိက = မကောင်းမှုလုပ်ရမှာ မရှက်ခြင်း။

အနောတ္တပ္ပ = မကောင်းမှုလုပ်ရမှာ မကြောက်ခြင်း။

ဆိုတာ အပြည့်အဝ ရှိနေလို့ပါပဲ။ အဲဒီကိလေသာ ဆယ်ပါးမှာ အဓိက ပြဿနာရှာတဲ့ ကိလေသာကတော့ အယူမှားခြင်း ဒိဋ္ဌိ နဲ့ သို့လော သို့လောဖြစ်မှု ဝိစိကိစ္ဆာက အပါယ်ပို့ ဖို့အတွက် အဓိက ကျပါတယ်။ အတ္တဒိဋ္ဌိဆိုတဲ့ ငါ သူ ထင်မှုနဲ့ တခြားကိလေသာ ပေါင်း လိုက်တဲ့ အချိန်မှာ ကျနော်တို့ဟာ အပါယ်ကျစေမယ့် အကုသိုလ် စိတ်တွေ ဖြစ်တော့တာ ပါပဲ။ ဒီအပြင် အဲဒီထက် ဆိုးတာက နီဝရဏဆိုတဲ့ တရားတွေဟာလည်း ပုထုဇဉ်စိတ်မှာ အခါမလပ် ဖြစ်တတ်ပါတယ်။ အထူးသဖြင့် စုတိခါနီးမှာ အဲဒီ တရားတွေ ဝင်လာတတ် ပါတယ်။ အဲဒါတွေကတော့

ကာမစ္ဆန္ဒနီဝရဏ = လိုချင်တပ်မက်ခြင်း။

ဗျာပါဒနီဝရဏ = ဒေါသအမျက်ထွက်ခြင်း။

ထိနမိဒ္ဓနီဝရဏ = ငိုက်မြည်းခြင်း။

ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ = စိတ်ပျံ့လွင့်ခြင်း၊ နောင်တတဖန်ပူပန်ခြင်း။

ဝိစိကိစ္ဆာနီဝရဏ = သံသယရှိခြင်း၊ ယုံမှားခြင်း။

သေခါနီးအဖြစ်များတာကတော့ ဗျာပါဒ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ တို့ ဖြစ်ပါတယ်။ အနှစ်နှစ်သောင်း ရဟန်းဝိနည်းတွေ လုံခြုံခဲ့တဲ့ ရဟန်း နဲ့ မာလိကာ မိဘုရားကြီးတို့ကို အပါယ်ပို့လိုက်တာ ကုက္ကုစ္စ နီဝရဏပါပဲ။ သေခါနီးမှာ ငါဘယ်ဘဝများရောက်မလဲ ငါအမှန်တွေ လုပ်ခဲ့လားလို့ စဉ်းစားလုံးဝင်တဲ့အခါမှာ ဖြစ်ပြီးသား အကောင်းတွေ မပေါ်လာပဲ အကုသိုလ်အကြောင်းပေါ်လာပြီး အဲဒီအပေါ်အပေါ် ပူပန်ခြင်းက အပါယ်ကို ချပစ်လိုက်တာပါပဲ။ နောက်ပြီး အတ္တဒိဋ္ဌိရှိနေလေတော့ ကြားရတဲ့ အသံပေါ်မှုတည်ပြီး ဖြစ်ဖြစ် ဝိတက်တွေ ဆက်ပြီး ဖြစ်ဖြစ် ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ စည်းစိမ် ဥစ္စာတွေနဲ့ ခွဲရတော့မယ်ဆိုတဲ့ အတွေးမျိုး။ အနာရောဂါပြင်းလို့ ဒေါသထွက်တာမျိုး ဘာမှ မသိနိုင် တော့ပဲ တွေဝေမိန်းမောနေတာမျိုးတွေကလည်း အပါယ်ကျစေတဲ့ တရားတွေပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK အဲဒီတော့ ပုထုဇဉ်ဘဝမှာ အပါယ်ကျစရာ ကိစ္စတွေ ဘယ်လောက်များသလဲ တွေးကြည့်ပါ။ ကိုယ်သေမယ့်အချိန်မှာ ဘာစိတ်နဲ့ သေမလဲ တွေးကြည့်ပါ။ အားလုံးနီးပါးက အပါယ်ကိုပဲ ဦးတည်နေပါတယ်။ တချို့က သေခါနီး ကုသိုလ်လေး တွေးသေမယ် ဆိုပြီး လျှော့တွက်ကြပြန်ပါသေးတယ်။ ပြဿနာက ခန္ဓာငါးပါးဟာ အနတ္တပါ။ ဆိုလိုတာက သူ့သဘောသူဆောင်နေပါတယ်။ အရေးရယ် အကြောင်းရယ်ဆိုမှ ဘာမှစဉ်းစားလို့မရတာမျိုး ကြုံဖူးမှာပါ။ စာမေးပွဲဖြေမယ်ဆိုမှ စာတွေ မေ့နေတာမျိုးပေါ့။ သေခါနီးက အဲဒီထက်ဆိုးပါတယ်။ အဲဒီဆိုးမလား ကောင်းမလားပေါ်လည်း ကိုယ်ရွေးချယ်ခွင့်မရှိ။ သူ့သဘောသူဆောင်ဖြစ်နေတယ် အဲဒီအတွက်လည်း မကျေနပ်စိတ်ကထပ်ဖြစ်ဖို့ အလားအလာများတယ်ဆိုတော့ ပုထုဇဉ်သေတယ်ဆိုတာ သစ်ရွက်လေးကြွေကျသလိုပါပဲ။ မြေကြီးပေါ်ပဲ ကျဖို့ အပါယ်ပဲ ကျဖို့ အလားအလာ အများဆုံးဖြစ်နေပါတယ်။ အဲဒီလိုမဖြစ်ချင်ရင် လုပ်နိုင်တာက တစ်နည်းပဲ ရှိပါတယ် တတ်နိုင်သလောက် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို ပယ်နိုင်အောင် ကြိုးစားထားပါ။ ဒါတောင် သောတာပန်မဖြစ်မခြင်း အပါယ်ဘေးက မလွတ်နိုင်သေးပါဘူး။

အဓိက ပြောချင်တာကတော့ လက်ရှိမှာကို စိတ်တွေက အာရုံ ဒွါရ တိုက်မှု၊ ခန္ဓာကိုယ်ကျန်းမာမှုပေါ်မူတည်ပြီး ဖြစ်ချင်သလို ဖြစ်နေတာပါ။ တစ်နေ့တစ်နေ့ ကုသိုလ်နဲ့ အကုသိုလ်များလားဆိုရင်လဲ အကုသိုလ်ပဲများနေတာပါ။ လက်ရှိမှာကို ဗရမ်းပတာ ဖြစ်ပျက်နေမှတော့ သေတဲ့အခါလည်း ဗရမ်းပတာ ဖြစ်မှာပဲလို့ ပြောတာပါ။

အဲဒီတော့ သာသနာနဲ့ ကြုံတုန်း၊ လွတ်လမ်းမြင်ရတုန်း ဝိပဿနာ အားထုတ်ရုံမှတစ်ပါး တခြားရွေးချယ်စရာ မရှိပါလို့ ပြောရင်းပဲ နိဂုံးချုပ်ပါရစေ။

## လောကဇာတ်ခုံ

တကယ်တော့လေ အဖြစ်က တော်တော် စိတ်နာဖို့ ကောင်းတယ်။ သုညတ ဆိုတဲ့အတိုင်း ပုဂ္ဂိုလ်သတ္တဝါဆိုတာ မရှိ သတ္တဝါ ဆိတ်သုဉ်းနေခြင်း အမှန်ဖြစ်လျက်သားနဲ့ သူ့ဟာသူ အေးချမ်းတဲ့ သုညတဓမ္မ အနေနဲ့ သန္တိသုခ အမှန်တရား (နိရောဓသစ္စာ) ဖြစ်ရမှာကို ဒိဋ္ဌိက ဇာတ်ဆရာ လုပ်ပြီး လူရုပ်လေးပြလိုက် နတ်ရုပ်လေးပြလိုက် ပြီးတော့ သမီးတို့ သားတို့ မိတို့ ဘတို့ ဆွေမျိုးတို့ မိတ်ဆွေတို့ အသိုင်းဝိုင်းတို့ ဆိုပြီး ဇာတ်လမ်းအမျိုးမျိုးဆင်တယ်။ တဏှာ ဆိုတဲ့ ကောင်ကလည်း တွေ့သမျှကြိုက်ပြီး အကုန်လိုချင်နေတာပဲ သူလိုချင်သမျှကိုလည်း ဒိဋ္ဌိက ခေါင်းခံတယ်။ သူက နောက်ကွယ်က နေပြီးကြိုးကိုင်ချယ်လှယ်တယ်။ ချယ်လှယ်တယ်ဆိုလို့ ဦးတည်ချက်များ ရှိသလား ဆိုတော့

mgyoe.com

မြင်သမျှ ကြားသမျှ နံသမျှ အရသာမှန်သမျှ အထိအတွေ့မှန်သမျှ အကြံအတွေး မှန်သမျှ ခင်ရာမင်ရာ အာရုံမှန်သမျှ ကြိုက်လိုက်မယ် ဆိုတဲ့အပြင် တခြားမရှိဘူး။

ဘာဦးနှောက်မှမရှိ အမှန်တရားကို မသိလေတော့ အဝိဇ္ဇာကြောင့် သံသရာရေယာဉ်ကြော မြောတော့တာပါပဲ။ ကလိုက်ရတဲ့ ဇာတ်တွေဆိုတာ တစ်နေ့တစ်မျိုး ရိုးကို မရိုးနိုင်ဘူး။ ဇာတ်ကရတယ်ဆိုလို့ မင်းသမီးရုပ် မင်းသားရုပ်ကြီးပဲ ကရတာလားဆိုတော့ သံသရာမှာ မင်းသားရုပ် ဖြစ်လှနည်းနည်းပေါ့ တကယ်ကရတာက ငရဲသားရုပ် အပါယ်လေးပါးရုပ်ပဲ။ ဘယ်လောက်တောင် အပါယ်လေးပါးရုပ် ကရသလဲဆိုတော့ တခြားဇာတ်ရုပ်ဆိုတာ အလည်လာသလောက်မှတ်ပါတဲ့ အပါယ်လေးပါးသည်သာ အမြဲနေရာ အိမ်ပါတဲ့။ တကယ်မဟုတ်တာကြီးကို အဟုတ်လုပ်နေရတာ လိုချင်နေရတာ ဝမ်းနည်းရတာ ပူဆွေးရတာ ခွဲခွာရတာ အစရှိတဲ့ အဟုတ်ထင်တဲ့ စိတ်နှိပ်စက်သမျှ ခံရတဲ့ အပြင် အပိုဒုက္ခဖြစ်တဲ့ အပါယ်လေးဘုံ ဒုက္ခပါ အမြဲဆိုသလိုခံနေရမှတော့ ဒီခန္ဓာကြီးကို လှည့်မကြည့်ချင်လောက်အောင်ပါပဲ။ တော်ပါပြီ တန်ပါပြီ။ သူနဲ့ အိုးစားကွဲတာသာ အကောင်းဆုံးပါပဲ။

ဒီအမြင်လေးမှမရသေးပဲ မောဟ အဝိဇ္ဇာ ဖုံးလွှမ်းထားသူတွေကတော့ တကယ့်ငရဲသားတွေလိုပါပဲ။ အခုတောင် သာသနာတွင်းကြုံလို့ ပြောခွင့်ရတာ။ သာသနာပလူတွေ တခြားဘာသာဝင်တွေဆိုလို့ကတော့ အမှန်သွားပြောတောင် ရန်က ထောင်ကြဦးမှာ။ လောကကြီးဆိုတာ စိတ်ကုန်စရာကြီးပါ။ ပရိတ်သတ်လည်းမရှိပဲ အရူးလိုကပြနေရတဲ့ ဇာတ်ခုံကြီးပါပဲလို့ ပြောပါရစေ။ သံသရာကို ကြောက်ကြပါတော့ မကြောက်တတ်ရင် အပါယ်လေးဘုံဆိုတဲ့ အိမ်ပဲ ပြန်ရောက်ပါလိမ့်မယ်။ ငရဲအတူကျဖူးတဲ့ ဆွေတော်မျိုးတော် အပေါင်းကို သတိပေးလိုက်ပါရဲ့။ ဘာမှမရှိတဲ့ သုညတမို့ ဘာမှ တွယ်တာနေတော့မှာ မဟုတ်တဲ့ ပကတိသာဝက စစ်စစ်ကြီးပါ။ ပညာလည်းမမက် ဘာဆိုဘာမှမမက်တော့ပါဘူး။ အကျိုးအကြောင်းအတိုင်းမို့ လွတ်ချင်လည်း လွတ်သွားမယ်။ လွတ်ချင်မှလည်း လွတ်မယ်။ ဘာမှလည်း ဆုံးဖြတ်ပေးနိုင်တာမျိုးမရှိဘူး။ ဘာမှမပိုင်တဲ့ အကြောင်းအကျိုးတွေချည်းပါပဲ။ မဂ္ဂင်လမ်းမှ မလိုက်ချင်သေးရင်တော့ အိုကြဦးပေါ့ နာကြဦးပေါ့ သေကြဦးပေါ့။ နားမခံသာဖြစ်ရင်လည်း တောင်းပန်ပါတယ် ဒါပေမယ့် ကျနော်တို့ဟာ ဒုက္ခအမှန်မှ အမှန်ကြီး ဖြစ်နေတာပါပဲ။ မသိပျော်ပျော်နေတာတွေ မြင်ရတာလည်း စိတ်မချမ်းသာ အပါယ်လေးပါးသားတွေ တွေ့ရတာလည်း စိတ်မချမ်းသာ။ ဘာကိုမှ ကြိုက်စရာ ခင်စရာ မင်စရာ မရှိတော့ပါဘူး။ လွတ်လည်းမလွတ်နိုင်သေးပါဘူး။ ဒါပေမယ့် အနတ္တကိုမြင်အောင် ကြည့်ကြပါလို့ ပြောရင်းပဲ နိဂုံးချုပ်ပါရစေ။

mgyoe.com

mgyoe.com

## ဒုက္ခသစ္စာ ပိုင်းခြားသိရမယ့်အရာ

သစ္စာလေးပါးမှာ ဒုက္ခသစ္စာ ဆိုတာသည် ပိုင်းခြားသိရမယ့် အရာပါ။ သမုဒယ သစ္စာသည် ပယ်စွန့်ရမယ့် အရာပါ။ မဂ္ဂသစ္စာသည် ပွါးများရမယ့်အရာပါ။ နိရောဓ သစ္စာသည် မျက်မှောက်ပြုရမယ့်အရာပါ။ ဒီလေးခုမှာ ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း အားဖြင့် စပါတယ်။ သစ္စာမြင်ပြီ သစ္စာဉာဏ်ရောက်ပြီ ဆိုရင်တော့ ပုဂ္ဂိုလ်သတ္တဝါ မရှိဆိုတဲ့ သဘောက သိပြီး ဖြစ်ရပါမယ်။ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းခြင်းဆိုတဲ့ သုညတ ဉာဏ်အမြင်ရပြီး ဖြစ်ရပါမယ်။ သစ္စာလေးပါးဆိုတာသည် လောက ကိုရော လောက အပြင်ဘက် လောကုတ္တရာကိုပါ အမှန်တရားလေးခုဆိုတဲ့ သဘောနဲ့ ရှင်းပြထားတာပါ။ ဖြစ်တတ်ပျက်တတ်တဲ့ လောကနဲ့ တည်မြဲတဲ့ ချမ်းသာတဲ့ လောကုတ္တရာ အမှန်တရား လေးခုပါ။

ပြောခဲ့တဲ့အတိုင်းပါပဲ ဒီလေးခုမှာ ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းနဲ့ စရပါတယ်။ ဒီနေရာမှာ ဒိဋ္ဌိ တဒင်္ဂပြုတ်ပေမယ့် အပြီးမပြုတ်သေးပါဘူး။ အဲဒါကြောင့်လည်း ဒုက္ခ သစ္စာက ပိုပြီး ပေါ်လွင်ပါတယ်။ ဒုက္ခသစ္စာရဲ့ အနက်လေးချက်ရှိပါတယ်။ အစဉ်အတိုင်း မပြောဘဲ ပိုင်းခြားသိပုံကို ပြောပါ့မယ်။ အနတ္တကို သဘောပေါက်တဲ့နေရာမှာ န အတ္တ ဆိုတဲ့ သဘော အတ္တ ဆိုတာမရှိဘူးလို့ သဘောပေါက်ရပါမယ်။ တစ်နည်းအားဖြင့် ငါဆိုတာ မရှိဘူးပေါ့။ အဲဒီတော့ စီမံခန့်ခွဲနေတဲ့ အတ္တ တစ်နည်း ငါဆိုတာ မရှိတဲ့ အတွက် မပိုင်ဆိုင်ဘူး သူ့သဘောသူဆောင်နေတာဟာ ထင်ရှားပါတယ်။ အဲဒီမှာ ဒုက္ခသစ္စာရဲ့ နောက်ဆုံးအနက်ဖြစ်တဲ့ ကိလေသာရဲ့ ပူလောင်မှု ဒုက္ခကို စတွေ့တာပါပဲ။ အတ္တဒိဋ္ဌိ ဆိုတာ အတ္တ ငါ ဆိုတာရှိတယ်။ ငါ့သဘောအတိုင်း ဖြစ်နေတာ ဆိုတာသည် ဒိဋ္ဌိကိလေသာ ပါ။ တကယ့်အမှန်ဖြစ်တဲ့ ငါဆိုတာမရှိ ပိုင်လည်းမပိုင် သူ့သဘောသူဆောင်နေတာကို မြင်ပါများလာတဲ့အခါ ခန္ဓာငါးပါးပေါ် ပိုင်ချင်တဲ့ ကိလေသာနဲ့ မပိုင်တဲ့ အမှန်တရား ကြားမှာ တကယ့်ကို ဒုက္ခကြီး ဖြစ်နေတော့တာပါပဲ။ ပိုင်လည်းပိုင်ချင် ပိုင်လည်း မပိုင် ဆိုင်တဲ့အတွက် ခန္ဓာငါးပါးဆိုတာဟာ ပူလောင်မှု ဒုက္ခသက်သက်ကြီးပါပဲ။ ဒါကတော့ ကိလေသာရဲ့ လောင်ကျွမ်းမှုကိုခံနေရတယ်ဆိုတဲ့ သန္တာပဋ္ဌော၊ ဆင်းရဲမီးဖြင့် သီးသီး တောက်ပြောင်၊ အမြဲလောင်ကျွမ်းနေသော အနက်သဘော ဒုက္ခသစ္စာရဲ့အနက်ပါ။

ဒီနေရာတင် တော်တော်ကြီးကို ဒုက္ခရောက်နေပါပြီ။ အဲဒီကနေဆက်ပြီး သူ့ သဘောသူဆောင်နေတဲ့ ခန္ဓာငါးပါးကို ကြည့်ပြန်တော့ သူဟာ အကောင်းဆို တစ်စက်မှ မရှိ နှိပ်စက်ဖို့ပဲ အမြဲ ဦးတည်နေပါတယ်။ ရုပ်ကလည်း ဖောက်ပြန်တဲ့ နည်းနဲ့ နှိပ်စက်မယ်။ စားဖို့ လိုလာပြန်ပြီ၊ အပေါ့အပါး သွားဖို့လိုလာပြန်ပြီ၊ အိုလာပြန်ပြီ အစရှိသဖြင့် အမြဲ

mgyoe.com

မပြတ်နှိပ်စက်နေပါတယ်။ ဝေဒနာကလည်း ပူလာပြန်ပြီ အေးပြန်ပြီ နာပြန်ပြီ ထုံပြန်ပြီ ကျင်ပြန်ပြီ ဒေါသတွေ ဖြစ်ပြန်ပြီ သောမနသတွေ ဖြစ်ပြန်ပြီ စသဖြင့် နှိပ်စက်ပြန်ပါတယ်။ သောမနသမို့ အကောင်းမထင်လိုက်ပါနဲ့ သူများ ပျက်စီးတာကို သောမနသ ဖြစ်တာမျိုးနဲ့ အကုသိုလ် နှိပ်စက်နည်းမျိုးနဲ့ နှိပ်စက်တတ်ပါတယ်။ ကုသိုလ်ပေါ် သောမနသဖြစ်ပြီး နောက် ဒီထက် နှိပ်စက်လို့ရမယ့် ခန္ဓာရစေတဲ့ နည်းနဲ့ နှိပ်စက်ပါတယ်။ ဝိညာဏ်ဆိုတဲ့ စိတ်ကလည်း မကောင်းမှုမှာ မွေ့လျော်တဲ့သဘော တွေဝေခြင်း မောဟသဘော လောဘသဘော ဒေါသသဘောတွေနဲ့ အပါယ်ချဖို့ချည်း ကြံစည် နှိပ်စက်ပါတယ်။ သညာကလည်း ကုက္ကုစ္စတွေနဲ့ နှိပ်စက်မယ်၊ မဟုတ်တာတွေမှ မှတ်မိပြီး နှိပ်စက်မယ်။ မောဟတွေ ဒေါသတွေ လောဘတွေ ပွားများအောင် လုပ်မယ် ဆိုတဲ့ နည်းနဲ့ နှိပ်စက်ပြန်ပါတယ်။ သင်္ခါရဆိုတဲ့ စေတနာကလည်း ဘဝအသစ်တွေ ဖြစ်အောင် ကံတွေဖြစ်စေပါတယ်။ အကောင်းကံထက်အဆိုးကံမှာပဲ လုံးလည်ချာလည် လိုက်အောင် နှိပ်စက်ပါတယ်။ ကောင်းကံလေးတွေ ကြံစည်မိလို့လည်း အကောင်း မထင်ပါနဲ့ နောင် ဆက်နှိပ်စက်ရလေအောင် ဖြစ်တာမို့ နှိပ်စက်မှု သက်သက်ပါပဲ။ အဲဒီ တော့ ခန္ဓာငါးပါးစလုံးဟာ ရှိနေသ၍ နှိပ်စက်မှုသဘော သက်သက်ကြီးပါပဲ။ ဒီလို နှိပ်စက်နေတာကို မနှိပ်စက်ပါနဲ့လို့ ပိုင်မှ မပိုင်လေတော့ နှိပ်စက်တတ်သော သဘော ရှိတဲ့ ခန္ဓာငါးပါးကြီးပါပဲ။ ဒါကတော့ ဒုက္ခသစ္စာရဲ့ ပီဠနဋ္ဌော - သတ္တဝါကို ညှာတာမဖက် အမြဲနှိပ်စက်တတ်တယ်ဆိုတဲ့ အနက်ပါ။

ဒီလိုနှိပ်စက်မှု ပူလောင်မှုတွေဟာ ခန္ဓာငါးပါး သင်္ခါရတရား ဖြစ်နေလို့ပါ။ မဖြစ် လာရင် ဒုက္ခ ခံရမှာမဟုတ်ပါဘူး။ ခုတော့ အဆက်မပြတ် အကြောင်းအကျိုး ချားရဟတ် လို လည်ပြီး ပြုပြင်နေတော့ ဖြစ်နေရခြင်းဟာ ဒုက္ခပါပဲ။ အဓိက တရားခံကတော့ လိုချင်မှု ပါပဲ။ ဒါကတော့ သင်္ခတဋ္ဌော တဏှာယောက်ျားလက်သမား၏ ဆိုးဝါး ယုတ်မာ ပြုပြင်ရာ ကို ရုံခါမသွေ အမြဲခံနေရတဲ့သဘော ဆိုတဲ့ ဒုက္ခသစ္စာ အနက်ပါပဲ။

ဖြစ်တဲ့ ကိစ္စက ဖြစ်ပြီးမြဲနေရင်လည်း ဒုက္ခသစ္စာ မဆိုထိုက်သေးပါဘူး။ မြတ်စွာ ဘုရားကလည်း သင်္ခါရတရားလေးများဟာ နည်းနည်းလောက်မြဲမယ် ဆိုရင်တောင် သူတရားမဟောပါဘူးလို့ မိန့်တော်မူပါတယ်။ ဖြစ်သမျှ သင်္ခါရတရားတိုင်းဟာ အမြဲ မပြတ်ကို ပျက်နေတာပါပဲ။ ကိုယ့်သဘောမပါ ကိုယ့်အကြိုက်မလိုက်ပဲ သူ့သဘောသူ ဆောင်ပြီး ပျက်နေတာဟာလည်း ဒုက္ခကြီးပါပဲ။ ဒါကတော့ ဝိပရိဏာမ နဂိုခန့်ခိုင် မတည် နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲပျက်စီးခြင်းမြဲသော သဘောတရားပါပဲ။ ဒီလောက်ဆိုရင်ဖြင့်ပိုင်းခြား သိရမယ့် ဒုက္ခသစ္စာကို ကိစ္စညာဏ်လောက်ထိ ပိုင်းခြားသိမယ်လို့ မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

mgyoe.com

mgyoe.com

# ပညတ်နှင့်ပရမတ်

ကိုယ်တရားအားထုတ်တဲ့ ခရီးစဉ်ကို ပြန်စဉ်းစားကြည့်တော့ အခက်ခဲဆုံး အပင်ပန်းဆုံးနဲ့ အချိန်အကြာဆုံး ဖြစ်ခဲ့တဲ့နေရာဟာ ပညတ်နဲ့ ပရမတ်ကို ခွဲခြားပြီး မြင်ဖို့ကိစ္စပါပဲ။ ပညတ်ဆိုတာဟာ သမုတိသစ္စာ လို့လည်း ပြောလို့ ရပါတယ်။ အစစ အရာရာ နာမည်တွေ တပ်ပြီး နာမည်တွေပေါ်ကနေ ဖြစ်လာတဲ့ တရားတွေပေါ့။ ပညတ် အမြင်နဲ့ အမှန်တရားဖြစ်တဲ့ သစ္စာလေးပါးကို ဘယ်လိုမှ မဆိုက်နိုင်ပါဘူး။

အတိုပြောရရင်တော့ ပညတ်တွေကို အားလုံး စွန့်ပစ်လိုက်ပြီး အရာအားလုံးကို ပရမတ်တရားတွေအနေနဲ့ မြင်ကြည့်ဖို့ပါ။ အဲလိုမြင်ကြည့်ပြီးမှ ပရမတ်တရားတွေ ပေါ်မှာ သုံးသပ်ရပါတယ်။ ဒါမှသာလျှင် တရားအားထုတ်ရာမှာ ခရီးရောက်ပါမယ်။ ပညတ်တွေကို ပယ်ပစ်လိုက်မယ် ဆိုတာဟာ အပြောလွယ်သလောက် အလုပ်ခက်တဲ့ ကိစ္စပါ။ ပညတ်တွေကို ပယ်ပြီး အားလုံးဟာ စိတ် စေတသိတ် ရုပ် နိဗ္ဗာန်ဆိုတဲ့ ပရမတ် တရားတွေသာလို့ မြင်လိုက်တာနဲ့ ဘုရား ဆိုတာလည်း ရုပ်နာမ်ပဲ၊ ရဟန်းဆိုတာလည်း ရုပ်နာမ်ပဲ၊ မိဘဆိုတာလည်း ရုပ်နာမ်ပဲ၊ ဆရာဆိုတာလည်း ရုပ်နာမ်ပဲ၊ တိရိစ္ဆာန် ဆိုတာလည်း ရုပ်နာမ်ပဲလို့ မြင်ဖို့အရေးဟာ ရတနာသုံးပါးနဲ့ မိဘဆရာတွေပေါ်မှာ ရှိသေစိတ် အခံရှိနေတော့ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးလို့ မြင်ကြည့်ရတာ စော်ကားသလိုများ ဖြစ်နေမလား။ အားလုံးကို ရုပ်နာမ်အဖြစ် တစ်တန်းတည်းမြင်ခြင်းဟာ သင့်တော်ပါ့ မလား။ တိရိစ္ဆာန်နဲ့ နှိုင်းသလိုများ ဖြစ်နေမလား။ အပြစ်တော့ ဖြစ်ပြီထင်တယ် ဆိုတာ တွေက ဝင်နှောက်ယှက်တော့တာပါပဲ။

ဒါပေမယ့် ဘယ်လိုပဲ ဖြစ်ဖြစ် ရုပ်နာမ်တရားတွေ သက်သက်သာဆိုတာက မဖောက်မပြန်မှန်တဲ့ ကိစ္စမို့ လက်ခံရမှာပါပဲ။ ဒီလိုပရမတ်အနေနဲ့ မြင်ပြီးမှ ဘုရားရှင် ဟောတော်မူတဲ့ ပုဂ္ဂလပညတ်ကျမ်း အပါအဝင် ကိုယ့်ရဲ့ ဗဟုသုတတွေနဲ့ သမုတိ သစ္စာမှာ ဘယ်လိုကွဲပြားနေတာလဲဆိုတာကို ပြန်စမ်းစစ်ရပါမယ်။ ဥပမာအားဖြင့် ဘုရားဆိုရင် ရုပ်နာမ်တရားတွေမှာ ဖြစ်နိုင်တဲ့ ဉာဏ်အရေအတွက် ၇၃ မျိုးရှိတဲ့ထဲကမှ ကိုယ့်ဆိုတဲ့ရုပ်နာမ်မှာ ဖြစ်တဲ့ဉာဏ်က နည်းနည်းလေးပဲ ရှိပါတယ်။ မြတ်စွာဘုရားမှာ ဉာဏ်အကုန်ဖြစ်ပြီး။ ရဟန္တာပုဂ္ဂိုလ်များမှာ အစွမ်းကုန် ၆၇ ဉာဏ် (အရေအတွက် မှားနိုင်ပါတယ်) သာ ဖြစ်နိုင်ပါတယ်။ အဲဒီအပြင် မြတ်စွာဘုရားဆိုတဲ့ ရုပ်နာမ်ဟာ ပါရမီဖြည့်ကျင့်တယ်ဆိုတဲ့ ဖြစ်စဉ်တွေ ဖြစ်ပြီး ဉာဏ် ၇၃ ဉာဏ်လုံးရှိပြီး အကြောင်း တိုက်ဆိုင်လို့ တရားတော်များ ဟောခြင်းဖြစ်ခဲ့ပါတယ်။ ဒါကြောင့် မြတ်စွာဘုရားဆိုတဲ့ ရုပ်နာမ်နဲ့ ကိုယ့်ရုပ်နာမ်ကြားမှာ အနတ္တတရားပဲ ဖြစ်တဲ့ ကျေးဇူးတရားဆိုတာ ရှိနေ ပါတယ်။ ပရမတ်ကိုမျက်ခြည်မပြတ်ပဲ ပညတ်တရားတွေပေါ် ဆင်ခြင်နိုင်ရပါမယ်။ အဲလိုပဲ မပစ်ပယ်ရမယ့် မဖြစ်မနေ ရှောင်ကြဉ်ရမယ့် ပဥ္စနန္တရိယ ကံ ကိစ္စမှာလည်း

mgyoe.com

ကိုယ်ဆိုတဲ့ ရုပ်နာမ် နဲ့ မိဘ နှစ်ပါးဆိုတဲ့ ရုပ်နာမ်တွေရဲ့ကြားမှာ ကျေးဇူးတရားဆိုတဲ့ ဆက်သွယ်ချက်ရှိနေလို့ ဆိုတာကို သဘောပေါက်ရပါမယ်။

ဒီလိုမျိုး ပညတ်ကိုအလုံးစုံပယ်ပြီးမှ ပညတ်ကို ပြန်နားလည်အောင် လုပ်တာက အဆင်ပြေပါတယ်။ တိရစ္ဆာန်နဲ့ နှိုင်းယှဉ်လို့ အပြစ်ဖြစ်မယ်ထင်ရင် ကိုယ်ကိုတိုင်နဲ့ တိရစ္ဆာန် ရုပ်နာမ်တူတူပဲဆိုတာကို အရင်မြင်အောင်ကြည့်ပါ။ ကွာခြားချက်က အဟိတ်နဲ့ တိဟိတ်ဆိုတဲ့ ဟိတ်တွေသာ ကွာခြားသွားတာပဲလို့ မြင်ရင် တိရစ္ဆာန်ဆိုတာနဲ့ နိမ့်ကျတယ် ဘာနိမ့်ကျတယ်မှန်းမသိဘူးဆိုတာမျိုး မဖြစ်တော့ပါဘူး။ ပရမတ် အမြင်အနေနဲ့ ဘုရားကို ကြည်ညိုနိုင်မှသာ ပညာနဲ့ ကြည်ညိုခြင်းမျိုး မြတ်စွာဘုရား ဟောခဲ့တဲ့ တရားကို မြင်မှ ငါဘုရားကို မြင်မယ်ဆိုတဲ့ အခြေအနေကို ရောက်မှာပါ။ အဲဒီအပြင် ပရမတ်သည်လည်း မြတ်စွာဘုရား ဟောကြားခဲ့လို့သာ သိရတယ်။ တကယ်လည်း အမှန်ပဲ ဖြစ်နေတယ် ဆိုတာကို မြင်ပြီး မှန်ကန်တဲ့ သဒ္ဓါတရား ဖြစ်လာပါတယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေပေါ်မှာလည်း ယုံကြည်မှု တိုးလာပြီး ဘုရားဟော တရားတွေကို လိုက်နာသင့်တယ် ဆိုတဲ့ စိတ်လည်း ဖြစ်လာမှာပါ။ မြတ်စွာဘုရားစကားကို ကိုယ်တိုင် ထိုးထွင်းသိပြီး လိုက်နာသူဟာ အပါယ်မကျနိုင်ပါဘူး။ ဒါကြောင့် ပရမတ် အမြင်သန်ရင် ငရဲရောက်မယ် ဆိုတာမျိုးထည့်မစဉ်းစားပါနဲ့။

နောက်တစ်ချက်ကတော့ ရုပ်နာမ် နိဗ္ဗာန် ဆိုတဲ့ ဓမ္မတွေဟာ သူ့သဘောသူ ဆောင်နေတဲ့ အနတ္တ တရားတွေဆိုတာ ဆက်ပြီး နားလည်သဘောပေါက်ဖို့ပါပဲ။ အဲဒီအခါမှာလည်း ဘုရားဖြစ်အောင် ကြိုးစားသူမရှိ ရဟန္တာဖြစ်အောင် ကြိုးစားသူမရှိ ရဟန်းသံဃာသီလစောင့်ထိန်းတယ်ဆိုတာလည်း မရှိ မိဘတွေက ကိုယ့်ပေါ်မေတ္တာကြီးတယ် ဆိုတာလည်း မရှိ အရာအားလုံးဟာ ဓမ္မတွေ အကြောင်းအကျိုးဖြစ်ပျက်နေခြင်းသာ ဆိုတာကို သိဖို့လိုပြန်ပါတယ်။ ဒီနေရာမှာလည်း မရှိဘူးဆိုတာ ပြုလုပ်သူသာ မရှိတာ ကြိုးစားမှု ဝီရိယဆိုတဲ့တရား၊ သီလစောင့်ထိန်းမှု ဟိရိဩတ္တပ္ပဆိုတဲ့တရား၊ မေတ္တာ ဆိုတဲ့ တရားတွေဟာ သူ့သဘောသူဆောင်နေတဲ့ အနတ္တ တရားတွေ အနေနဲ့ ရှိတယ် ဆိုတာကို သဘောပေါက်ရပါမယ်။

ပညတ်ပရမတ် အကြောင်း ပြောရရင် အရှည်ကြီး ဖြစ်နေမှာမို့ ဒီမှာတင်ပဲ ရပ်ပါရစေ။ ပရမတ်အမြင်ပေါက်အောင် ပညတ်အားလုံးကို စွန့်ပြီးတော့မှ ပရမတ် တကယ်မြင်ပြီ အမှန်လို့ လက်ခံပြီဆိုမှ ပညတ်တရား သမုတိသစ္စာတွေ ဘာလို့ မှန်တယ် ပြောရတာလဲ ဆိုတာကို ပရမတ်နဲ့ အနတ္တကို လက်မလွှတ်ဘဲ ဆင်ခြင်သုံးသပ်ပါလို့ပဲ ပြောပါရစေ။ သစ္စာလေးပါး သိဖို့၊ ဒိဋ္ဌိပြုတ်ဖို့ရာမှာ ပရမတ်ဆိုက်အောင် ရှုနိုင်ဖို့က အဓိက ကျတာမို့ လမ်းစ တစ်ခုအနေနဲ့ အကျိုးရှိမယ် မျှော်လင့်ပါတယ်။ ကျေးဇူးတင်ပါတယ်။

mgyoe.com

mgyoe. **ဗုဒ္ဓဘာသာ သို့မဟုတ် တစ်ခုတည်းသော အမှန်တရား**

မှန်ကန်သော အမြင်ဆိုတာ အရာရာတိုင်းအတွက် အရေးကြီးပါတယ်။ လောကီသမုတိ ဆိုတာကို မှန်ကန်သောအမြင်လို့ ပြောလို့မရပါဘူး။ မုသားမဖြစ်သော အမှန်တရားလို့ပဲ ပြောလို့ရပါတယ်။ အားလုံးက လူလို့ သမုတ်ထားတာကို လူလို့ ပြောရင်မုသားမဖြစ်ပါဘူး။ ဒီအင်္ဂါရပ်တွေ ရှိရင် ယောကျ်ား၊ ဒီအင်္ဂါရပ်တွေရှိရင် မိန်းမ ဆိုပြီး သမုတ်ထားတာမို့လည်း ယောကျ်ားမိန်းမ ပြောတာ မုသားမဖြစ်ပါဘူး။ ယောကျ်ား မိန်းမ ပေါင်းစည်းရာကနေ ကလေးမွေးလာတော့လည်း ဒီယောကျ်ားမိန်းမကိုပဲ မိဘလို့ သမုတ်ပြန်တော့လည်း မိဘဖြစ်သွားတာပါပဲ။ သမုတိဆိုတာ သမုတ်ထားကြတာ အမှန်မို့ အမြဲပြောင်းလဲနေတတ်တဲ့ သဘောရှိပါတယ်။ မဖောက်မပြန် အမှန်ရှိတဲ့ တရားတော့ မဟုတ်ပါဘူး။

အဲဒီတော့ လောကကြီးရဲ့ အမှန်တရားကို သမုတိမှာ ရှာမယ်ဆိုရင် ကျေနပ်လောက်တဲ့ အဖြေရမှာ မဟုတ်ပါဘူး။ ခေတ်တွေ စည်းကမ်းတွေ ဥပဒေတွေပေါ်မူတည်ပြီး အမျိုးမျိုး ပြောင်းနေမှာပါပဲ။ ဗုဒ္ဓဘာသာကလွဲပြီး ကျန်တဲ့ ဘာသာတွေအားလုံးဟာ သမုတိကနေပဲ အဖြေရှာကြတာပါ။ ဒီလို အဖြေရှာရင်းနဲ့ပဲ လောဘထက်စာရင် အလောဘက ပိုကောင်းတယ်။ ဒေါသထက်စာရင် မေတ္တာတရားက ပိုကောင်းတယ်။ ဒီလောက်တော့ သိကြပါတယ်။ ဣဿာ မစ္ဆရိယ ကိုတောင် သဘာဝဆိုပြီး ပယ်ရှား သင့်ကြောင်း မသိဘဲ လက်ခံထားကြတာတောင် ရှိပါသေးတယ်။ ပရမတ္ထဆိုတဲ့ မဖောက်ပြန်တဲ့ ရုပ် နာမ် နိဗ္ဗာန်သာရှိတယ်ဆိုတဲ့ အမှန်တရားကို မသိကြပါဘူး။ အဲဒီအပြင် ပရမတ္ထတရားတွေဟာ ပြုလုပ်သူရယ်လို့ မရှိဘဲ အကြောင်းကြောင့် အကျိုးဖြစ်နေတဲ့ အနတ္တသဘောသာ ရှိတယ်ဆိုတာကိုလည်း မသိလေတော့ အရာရာဟာ တစ်ဦးတစ်ယောက်က ဖန်ဆင်းထားတယ်၊ တစ်ဦးတစ်ယောက်ရဲ့ အလိုဆန္ဒအတိုင်းဖြစ်တယ်ဆိုပြီး ကိုးကွယ်စရာ ဘုရားဆိုတာကို လူတွေကပဲ ဖန်တီးလိုက်ကြပါတယ်။

ဗုဒ္ဓဘာသာဟာ တကယ်တော့ God လို့ခေါ်တဲ့ ဖန်ဆင်းရှင် ဘုရားမရှိတဲ့ဘာသာပါ။ ဗုဒ္ဓဘာသာမှာ ကိုးကွယ်တဲ့ ဂေါတမမြတ်စွာဘုရားဟာ သမုတိအရပြောရင်လူသားစင်စစ်ပါ။ ပါရမီဖြည့်ကျင့်တယ်ဆိုတဲ့ အကြောင်းတွေကြောင့် လောကကြီးသုံးပါးမှာ အမြတ်ဆုံး ဆိုတဲ့ မြတ်စွာဘုရား ဖြစ်လာခဲ့တာပါ။ ဒီလိုပါရမီတွေကိုဖြည့်ကျင့်နိုင်တဲ့ လူတိုင်းဟာလည်း ဘုရားဖြစ်ဖို့ အခွင့်အရေးရှိပါတယ်။ တခြားဘာသာတွေက ယုံကြည်မှုကို အလေးပေး တန်ဖိုးထားနေကြတဲ့အချိန်မှာ ဗုဒ္ဓဘာသာကတော့ ဝိဘဇ္ဇဝါဒ အနေနဲ့ ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း ဉာဏ်ပညာကို အလေးပေး

mgyoe.com

ပါတယ်။ ထာဝရအသက်ဆိုပြီး အတ္တဆိုတာကို အမွှန်းတင်နေချိန်မှာ အတ္တဆိုတာ မရှိသလို ထာဝရအသက်ဆိုတာလည်း မရှိ၊ သူ့သဘောသူဆောင်နေတဲ့ ရုပ်နာမ်ဖြစ်ပျက် အနတ္တတရားဆိုတာရယ်၊ အိုနာသေဆိုတာဟာ ဘုံဘဝတိုင်း ကြုံတွေ့ရမှာ ဖြစ်တဲ့ အကြောင်းရယ်၊ ဒီလိုဖြစ်ပျက်နေမှုဟာ ဘာအနှစ်သာရမှ မရှိ စက်ဆုပ်စရာ အသုံး မကျတာ သက်သက် အမှန်တရား ဒုက္ခသစ္စာသာ ဖြစ်တဲ့အကြောင်း ဟောကြားခဲ့ ပါတယ်။ ဒီ ဒုက္ခသစ္စာကြီး ဖြစ်ရတဲ့ အကြောင်းဟာ လိုချင်မှုဆိုတဲ့ တဏှာ တရား သမုဒယသစ္စာကြောင့် ဖြစ်ရတယ်ဆိုတာလည်း ရှင်းပြခဲ့ပါတယ်။ တခြားဘာသာတွေမှာ လူတိုင်း မလွဲမသွေ ကြုံရမယ့် သေခြင်းတရား မတိုင်ခင်မှာ လွတ်မြောက်ရာ ဆိုတာ မမြင်ရ မျက်ကန်းယုံကြည်မှုနဲ့ပဲ မရှိတဲ့ ဖန်ဆင်းရှင်ကို ရှိကျိုးနှိမ့်ချနေကြရတဲ့ အချိန်မှာ ဗုဒ္ဓဘာသာမှာတော့ ကိုယ်တိုင်ကျင့်ကြံ အားထုတ်ရမယ့် အမှန်တရားကို သိခြင်း၊ အမှန်တရားကိုဆင်ခြင်ခြင်း၊ အမှန်တရားကို သိရှိဖို့ ကြိုးစားအားထုတ်ခြင်း၊ မှန်ကန်စွာ အောက်မေ့သတိထားရှိခြင်း၊ မှန်ကန်စွာတည်ကြည်ခြင်း၊ မှန်ကန်စွာ ပြုလုပ်ခြင်း၊ မှန်ကန်စွာ ပြောဆိုခြင်း၊ မှန်ကန်စွာ အသက်မွေးခြင်း ဆိုတဲ့ ဒုက္ခသစ္စာမှ လွတ်မြောက်ရာ အကျင့်တရား မဂ္ဂသစ္စာ လွတ်မြောက်ရာ အကျင့်အမှန် ရှိနေပါတယ်။ အခြားဘာသာ တွေမှာ မွေးရာကနေ သေတဲ့အထိ လွတ်မြောက်မှုဆိုတာမရှိ မမြင်ရပေမယ့် ဗုဒ္ဓ ဘာသာမှာတော့ မဂ္ဂင်ရှစ်ပါး အကျင့်ကို ကျင့်သုံးမယ်ဆိုရင် ဝိမုတ္တိလို့ ခေါ်တဲ့ မအိုမသေ အမြဲနေရာ နိဗ္ဗာန်ဆိုတဲ့ အမှန်တရားကို ကိုယ်တိုင်ထိုးထွင်းသိပြီး မသေခင်မှာဘဲ မျက်မှောက် ပြုနိုင်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဟာ တခြားဘာသာများနဲ့ နှိုင်းယှဉ်စရာ မလိုလောက် အောင်ကို အနှစ်သာရ ပြည့်ဝ မှန်ကန် လိုက်နာကျင့်သုံး သင့်တဲ့၊ ဘာသာတရားလို့ နာမည်တပ်ဖို့ ထိုက်တန်တဲ့ တစ်ခုတည်းသော ဘာသာ ဖြစ်ပါတယ်။ ဒါကြောင့် မိရိုး ဖလာအရ ဗုဒ္ဓဘာသာ ဖြစ်နေခြင်းဟာ လောကမှာ ကံအကောင်းဆုံး လူသားထဲမှာ ပါဝင်နေတာပါပဲ။ ဒီလို ကံကောင်းတဲ့ လူတစ်ယောက်အနေနဲ့ တခြားဘာသာဝင်များ အပေါ် ရန်ငြိုးမပွားသင့်ဘဲ မေတ္တာတရား ဂရုဏာတရား ထားသင့်ပါတယ်။ ကိုယ်ကိုယ် တိုင်ကလည်း ဒါန သီလ လောက်နဲ့ ဘဝကိုအချိန်ကုန်မခံဘဲ တကယ့်အမှန်တရားဖြစ်တဲ့ မဂ္ဂင်အကျင့်ကို ကျင့်သုံးဖြစ်အောင် ကျင့်သုံးကြပါ။ သာသနာ ရင်မှာတည်အောင် အရင် ကြိုးစားပြီးမှ ဖြဟ္မစိုရ်တရား လက်ကိုင်ထားပြီး သာသနာပြန့်ပွားအောင် လုပ်ခြင်း အားဖြင့် လောကကို အကျိုးပြုသွားကြပါလို့ ပြောရင်း နိဂုံးချုပ်ပါရစေ။

mgyoe.com

mgyoe.com

## ဖြစ်တည်မှု ပျောက်ဆုံးခြင်း (သုညတဝါဒ)

ဖြစ်တည်မှု ပဓာနဝါဒဆိုတာ ကြားဖူးပါလိမ့်မယ်။ လူသားရဲ့ ဖြစ်တည်မှုသည်သာ အဓိက ကျတယ်၊ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှု ဆိုတာသည် အဓိကမကျ လူသာဖြစ်တည်မှု ကနေသာ အမှန်တရားရှာသင့်တယ် အဲဒီအတွက် ဘာသာတရား တွေကို ငြင်းဆန်တယ် ဆိုတဲ့ ဝါဒပါ။ ဒီဝါဒဟာ ကျနော်လို အမှန်တရားကို ဘောင်ခတ်မထားဘဲ ရှာချင်ခဲ့တဲ့ သူတွေ အတွက် သဘောကျစရာ ဝါဒပါ။ ဒါပေမယ့် ဒီဝါဒရဲ့ အားနည်းချက်က သူကိုယ်တိုင်ကိုက ဘယ်ဟာ အမှန်ဆိုတာကို မရှင်းပြနိုင်ပါဘူး။ တစ်နည်းအားဖြင့် မသိဘူးဘဲ ဆိုပါစို့။ ဒုတိယ အားနည်းချက်ကတော့ သာသနာနဲ့ ကြုံရတဲ့ အချိန်အခါမှာ ဘာသာမှန်သမျှ ငြင်းပယ်ခြင်းဟာ သာသနာနဲ့ လွဲစေ နစ်နာစေတဲ့ အချက်ပါ။ ကိုယ်တိုင်အမှန်တရားကို ရှာနိုင်တာဟာ ဘုရားနဲ့ ပစ္စေကဗုဒ္ဓ သာရှိပါတယ်။ ကျနော်တို့အားလုံးဟာ သာဝက တွေမို့ အမှန်တရားဖြစ်တဲ့ သစ္စာတရားနာမှုနဲ့ နှလုံးသွင်းမှန်မှု လိုပါတယ်။ ဒါကြောင့် ဒီအယူဝါဒဟာ ဒိဋ္ဌိအားကြီးပြီး မာန်မာန ကြီးသူများအတွက် အဆင်ပြေပေမယ့် လက်ခံ သင့်တဲ့ အယူဝါဒမဟုတ်ပါဘူး။ ဒါပေမယ့် တခြားဘာသာတွေကနေ ဗုဒ္ဓဘာသာကို ကူးပြောင်းလာဖို့အတွက်တော့ ကြားခံလို ဖြစ်နေပါတယ်။ ဒီဝါဒကို လက်ကိုင်ထားဖူး သူမို့ ဒီအယူဝါဒယူထားသူများကို လောကအပြင် လောကကလွန်မြောက်ရာ အမှန်တရား ကို ပြောပြချင်တာပါ။

ဒီဝါဒရဲ့ အဓိက စကားလုံးဖြစ်တဲ့ ဖြစ်တည်မှုဆိုတာ ဒိဋ္ဌိပရပွဲနဲ့ လူတိုင်းအတွက် သည်းခြေကြိုက် စကားလုံးပါပဲ။ လူတိုင်းနီးပါးကလည်း ငါရဲ့ ဖြစ်တည်မှု ဆိုတာမျိုး အကြိမ်ကြိမ် သုံးဖူးကြမှာပါ။ ဒီဖြစ်တည်မှု ဆိုတာကြီး တကယ်မရှိကြောင်း ပြောပြချင် တာပါ။

ဖြစ်တည်မှုဆိုတာကို အဓိက တည်ဆောက်ထားတဲ့အဓိက အယူအဆတွေ ကတော့ မတူကွဲပြားခြင်း ဆိုတာရယ်၊ တည်မြဲမှုဆိုတာရယ်၊ ကိုယ်ပိုင် လွတ်လပ်စွာ ရွေးချယ်ခွင့် ဆိုတာရယ်ပါပဲ။

လူတွေဟာ တစ်ဦးနဲ့ တစ်ဦးမတူညီကြဘူး ဒါကြောင့် သီးခြားဖြစ်တည်မှု ရှိတယ်လို့ ယူဆထား ပါတယ်။ ဒါကို ပျက်စီးသွားစေတဲ့ အမှန်တရားကတော့ လူဆိုတာ၊ တစ်ဦးချင်းဆိုတာသည် ပညတ်လို့ ခေါ်တဲ့ အခေါ်အဝေါ်သာ ဖြစ်ပြီး တကယ်တမ်းတော့ အားလုံးဟာ ရုပ်တရားနဲ့ နာမ်တရားသာ ဖြစ်တယ်ဆိုတာပါပဲ။ ရုပ်ဆိုတာ မြင်ရတဲ့ အကောင်အထည်ရှိတဲ့ ရုပ်တွေရော သူတို့ရဲ့ မှီရာဖြစ်တဲ့ မမြင်ရတဲ့ အကောင်အထည် မရှိတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော လို့ခေါ်တဲ့ ဓာတ်ကြီး လေးပါးအပါအဝင်

mgyoe.com

ဖောက်ပြန်ပျက်စီးနေတာ အားလုံးဟာ ရုပ်တွေပဲ။ အဲဒါက လွဲပြီး အကြောင်းတိုက်ဆိုင်မှ ပေါ်လာတတ်တဲ့ အကောင်အထည်လုံးလုံးမရှိ မြင်လည်းမမြင်နိုင် ခေတ်ကြီးလေးပါး ပေါ်လည်း မမှီတဲ့ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊ သိမှု တွေကတော့ နာမ်ပါ။ ဒီရုပ်နာမ် တွေဟာ လူတင်မက မြင်ရသမျှ သတ္တဝါတွေ အားလုံးဟာ မကွာခြားတဲ့ ရုပ်နာမ်တရားတွေ ပါပဲ။ အဲဒီအတွက် တစ်ဦးခြင်း ဖြစ်တည်မှုဆိုတာဟာ အဓိပ္ပာယ်မရှိပါဘူး။ အားလုံးဟာ တူညီတဲ့တရားတွေချည်းပါပဲ။ ဒီတော့ ငါဆိုတာ သူဆိုတာ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိပါဘူး။ တူညီတဲ့ ရုပ်နာမ်တရားတွေ ဖြစ်ပျက် နေတာသာ ရှိပါတယ်။ မတူညီမှုဆိုတာ အဓိပ္ပာယ် မရှိတော့ပါဘူး။

ဒီလို အမြဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေမို့ ဥပမာ ရုပ်ဆိုရင် ဆဲလ်တွေ အမြဲပျက်စီးပြီး အသစ်ထပ်ဖြစ်နေတာမို့၊ နာမ်ဆိုရင် အမြဲဖြစ်ပျက်နေတာမို့ တည်မြဲမှု ဆိုတာလည်း အဓိပ္ပာယ်မရှိတော့ပါဘူး။

နောက်ဆုံးတစ်ခုကတော့ ကိုယ်ပိုင်လွတ်လပ်စွာဆုံးဖြတ်ခွင့် ဆိုတာဟာ အမှန် တရားကို သိမှုဆိုတဲ့ ခံစားမှု၊ မှတ်သားမှု၊ သိမှု၊ စေ့ဆော်မှု နာမ်တရား အပေါင်းအစုရဲ့ အကြောင်းတိုက်ဆိုင်လို့ ဖြစ်ပျက်တဲ့ သဘောကိုပဲ မသိမှုကြောင့် အထင်မှားမှုဆိုတဲ့ သဘောဖြစ်ပြီး ငါ သူ လွတ်လပ်စွာဆုံးဖြတ်တယ်လို့ မှားယွင်းစွာ ယူဆတာပါ။ တကယ် တော့ အားလုံးဟာ အကြောင်းကြောင့် အကျိုးဖြစ်နေတာသာ ရှိတာပါ ငါဆိုတာ မရှိပါဘူး။ ပိုရှင်းအောင် ပြောရရင် ပြောခဲ့တဲ့ ခံစားမှု၊ သိမှု၊ မှတ်သားမှု မှတ်မိမှု၊ စေ့ဆော်မှုဆိုတဲ့ နာမ်တရားလေးပါးဟာ အမြဲတမ်း တပေါင်းတည်းဖြစ် တပေါင်းတည်းပျက်ကြပါတယ်။ ဒီလို ဖြစ်ပျက်နေမှုကို မသိခြင်း မောဟ ဆိုတာက ဦးဆောင်ထားပါတယ်။ လိုချင်မှုဆိုတဲ့ လောဘတရား၊ ဒေါသ ဆိုတဲ့ တရား၊ မာန်မာန ဆိုတဲ့ တရား ဒီတရားတွေဟာ သူ့ သဘောသူဆောင်ပြီး ဖြစ်နေကြပါတယ်။ ဆိုလိုတာက လိုချင်မှုသည် ဝေဒနာ နဲ့ သညာ ပေါ်မူတည်ပြီး အဆင်ပြေရာလိုချင်တာပါပဲ။ အမိုက် ကောက်သူက ရေဘူးခွံလိုချင်တာနဲ့ အီလွန်မတ်စ်က အင်္ဂါဂြိုဟ်ပေါ်သွားချင်တာဟာ တကယ်တော့ တူညီတဲ့ လိုချင်မှုတရား ပါပဲ။ သူဟာ ကျန်တဲ့ ခန္ဓာတွေပေါ်မူတည်ပြီး အာရုံနဲ့ ဒွါရတိုက်တဲ့ပေါ်မူတည်ပြီး လိုချင်မှု တရား သူ့သဘောသူဆောင် ဖြစ်တာပါ။ အဲလိုပဲ ဒေါသတို့ မာနတို့သည်လည်း သူ့ သဘောသူဆောင်ပြီး အကြောင်းတိုက်ဆိုင်ရင် ပေါ်လာကြတဲ့ တရားတွေပါ။ ဒီလို သူ့ သဘောသူဆောင်နေတဲ့ တရားတွေထဲမှာ ဒိဋ္ဌိလို့ ခေါ်တဲ့ ငါ သူတစ်ပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ အယူမှားကြီးက ခေါင်းဆောင်လိုက်တဲ့ အခါမှာတော့ ငါလိုချင်တာ သူလိုချင်တာ ဆိုတဲ့ သဘောတွေ ဖြစ်လာတော့တာ ပါပဲ။ ဒီဒိဋ္ဌိဆိုတဲ့ တရားကိုယ်တိုင် ကိုကလည်း သူ့သဘောသူဆောင်နေတာပါပဲ။ အဲဒီတော့ ပြောချင်တာက တရားတွေဟာ

သူ့သူ့သဘောသူဆောင်ပြီး ဖြစ်ပျက်နေတာမို့ ငါဆိုတာ မရှိသလို ငါဆုံးဖြတ်တယ်ဆိုတာလည်း မရှိပါဘူး။ အရာအားလုံးဟာ အကြောင်းကြောင့် အကျိုး ဖြစ်ပျက်နေတာပါ။

ဒီလိုမျိုး ဖြစ်တည်မှုဆိုတာကို အကြမ်းဖျင်းပယ်ပြီးပြီဆို လက်ရှိ ပစ္စုပ္ပန်တည့်တည့်ကို ကြည့်လိုက်ပါ။ ပစ္စုပ္ပန်တည့်တည့်မှာ ငါသူမဟုတ်တဲ့ တရား ဖြစ်ပျက်သာ ရှိပါတယ်။ အဲဒီလိုတရားလေးတစ်ခု ဖြစ်ပြီး ပျက်သွားတဲ့နောက်မှာ အမြင်မှန်လေးနဲ့ ကြည့်လိုက်ရင် ငါဆိုတာလည်း မရှိ၊ ငါလုပ်ခဲ့တယ်ဆိုတာတွေလည်း မရှိ၊ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိ အရာအားလုံးဟာ ဆိတ်သုဉ်းပြီး သုညတဓမ္မလို့ ခေါ်တဲ့ အေးငြိမ်းရာဓမ္မလေးသာရှိပါတယ်။ လူတိုင်းအားလုံးမှာ ဒီအမှန်တရားလေး ထပ်တူကျ တူညီစွာတည်ရှိနေတာမို့ အဲဒီအချိန်ထိကို ငါသူလို့ ပြောစရာမရှိပါဘူး။ အရာအားလုံးဟာ မကွဲပြားတဲ့ သူ့သဘော သူဆောင်နေတဲ့ အနတ္တ ဓမ္မတွေချည်းပါပဲ။ ငါသူဆိုတဲ့ ဖြစ်တည်မှုဆိုတာဟာ အစကတည်းကလည်း မရှိ အခုလည်း မရှိ နောင်လည်း ဘယ်တော့မှ ရှိလာမယ့်အရာမဟုတ်ပါဘူး။ စာလည်း ရှည်ပြီမို့ ဒီမှာတင် ရပ်နားခွင့်ပြုပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

## အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးပါး

မြတ်စွာဘုရားကို တရားတော်တွေဟာ များပြား နက်ရှိုင်း လွန်းတာကြောင့် ဒီတရားတော်တွေထဲက အနိမ့်ဆုံး ဘယ်လောက် သိရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသလဲ သံသရာက လွတ်နိုင်ပါသလဲလို့ မေးလျှောက်တဲ့ အခါမှာ မြတ်စွာဘုရားက အနိစ္စ ဒုက္ခ အနတ္တ ကို သိရင် ဆင်ခြင်နိုင်ရင် ရပါပြီကွာလို့ ဟောတော်မူခဲ့ပါတယ်။

မိတ်ဆွေများအနေနဲ့လည်း အဘိဓမ္မာတွေ သင်မှရုပ်နာမ်အကြောင်း အကုန်အစင်သိမှ တရားရမယ်လို့ ယူဆမထားကြပါနဲ့။ မြတ်စွာဘုရား စကားကို ထောက်ပြီး လက္ခဏာရေးသုံးပါး ဖြစ်တဲ့ အနိစ္စ ဒုက္ခ အနတ္တကိုသာ သိအောင် ကြိုးစားလိုက်ပါ။ အနိစ္စ ဒုက္ခ အနတ္တ လို့ အတိုပြောပေမယ့် တကယ်တမ်းတော့ သဗ္ဗေ သင်္ခါရာ အနိစ္စာ၊ သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ ဓမ္မာ အနတ္တာ လို့ အဓိပ္ပာယ်အပြည့် သဘောပေါက်ဖို့ လိုပါတယ်။ အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲ၊ အလုံးစုံသော သင်္ခါရတို့သည် စက်ဆုပ်စရာ အသုံးမကျတာချည်းသာ၊ အလုံးစုံသော ဓမ္မတို့သည် အတ္တ မဟုတ် (ငါ သူ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ ပိုင်ဆိုင်သူမရှိ၊ ပိုင်ဆိုင်သည့် သဘောမရှိ၊ သူ့သဘောသူဆောင်နေကြသည်)။ ဒါကို သဘောပေါက်ဖို့က သင်္ခါရဆိုတဲ့ စကားနဲ့ ဓမ္မဆိုတဲ့ စကားလုံး အသေချာ သိရပါမယ်။

mgyoe.com

သင်္ခါရဆိုတာကတော့ အကြောင်းပြုပြင်လို့ ဖြစ်လာတဲ့ တရားကို သင်္ခါရလို့ ခေါ်ပါတယ်။ လူဆိုတာ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ တကယ်တော့ ရုပ်နဲ့ နာမ်ပါပဲ။ ရုပ်ဆိုတာကတော့ "မဟာဘုတ်" လေးပါး (ဓာတ်ကြီးလေးပါး) တို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့ကို စွဲမှီ၍ဖြစ်သော "ဥပါဒါ" ရုပ်သည်လည်းကောင်း (ရှိကုန်၏)။ ဤကြီးကျယ်ထင်ရှားသော "မဟာဘုတ်" နှင့် ဥပါဒါရုပ်ကို အလုံးစုံသော ရုပ်ဟူ၍ ဆိုအပ်၏။ အဲဒီဥပါဒါရုပ်ထဲမှာ အကောင်အထည်ရှိ မြင်ရတဲ့ ရုပ်တွေပါပါတယ်။ ဒါကြောင့် အကြမ်းဖျင်း အကောင်အထည်ရှိမြင်ရတာ ရုပ်လို့ မှတ်သားပြီး နာမ်ဆိုတာကတော့ အာရုံနဲ့ ဒွါရတိုက်ချိန်မှာ ဖြစ်လာတဲ့ အကောင်အထည်လုံးလုံးမရှိ သိတတ်တဲ့ သဘောသာရှိတာနာမ်လို့ မှတ်သားနိုင်ပါတယ်။ ရုပ်ကို ကံ စိတ် ဥတု အာဟာရ ဆိုတဲ့ အကြောင်းတရားများက ပြုပြင်ပြီး နာမ်ကို အာရုံ ဒွါရ အကြောင်းတရားများက ပြုပြင်တဲ့ အတွက် ရုပ်နာမ်သည် သင်္ခါရတရားပါ။

ဓမ္မဆိုတဲ့ စကားကတော့ တရားဖြစ်ပြီး ရုပ်ဟာလည်းတရား နာမ်ဟာလည်း တရားတွေပါပဲ။ လောကကြီးတစ်ခုလုံးဟာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားများ ဖြစ်တဲ့အတွက် သင်္ခါရတရားများသာ ရှိပါတယ်။ ဒါကြောင့်လည်း သင်္ခါရလောက လို့ ခေါ်ဝေါ်ကြပါတယ်။ လောကဆိုတဲ့ သဘောက ဖြစ်တတ်ပျက်တတ်လို့ လောကလို့ ခေါ်တာပါ။ အဲဒီလို ပျက်တတ်တဲ့ သဘာဝရှိတဲ့ သင်္ခါရတရားများကို ပျက်စီးတတ်သော သဘောရှိလို့ သင်္ခတ တရားများလို့လည်း ခေါ်ပါတယ်။ လောကကြီးရဲ့ အလွန်မှာတော့ အကြောင်းပြုပြင်လို့ ဖြစ်တာ မဟုတ်တဲ့တရား မပျက်စီးတတ်တဲ့တရား ဖြစ်တဲ့ ဝိသင်္ခါရ (တစ်နည်း) အသင်္ခတ ဆိုတဲ့ တရားရှိပါတယ်။ အဲဒါကတော့ နိဗ္ဗာန်ပါပဲ။ ဓမ္မဆိုတဲ့ စကားလုံးမှာ သင်္ခါရ တရား (တစ်နည်း) သင်္ခတ တရားရော၊ ဝိသင်္ခါရ (တစ်နည်း) အသင်္ခတ တရားရော နှစ်မျိုးစလုံး အကျုံးဝင်ပါတယ်။

ဒီလောက်ဆိုရင် သင်္ခါရ ဆိုတဲ့ စကားရော ဓမ္မဆိုတဲ့ စကားရော ရှင်းလောက်ပြီ ထင်ပါတယ်။ အဲဒီတော့ ကျနော်တို့ အနိစ္စ ဒုက္ခ အနတ္တကို ပြန်ကြည့်ရအောင်ပါ။

အနိစ္စ ဆိုတာကတော့ အမြဲမရှိလို့ အဓိပ္ပာယ်ရပါတယ်။ အနိစ္စ ဆိုတာကို ရှုတဲ့အခါမှာ ရုပ်ကိုရှုမလား ဝေဒနာကိုရှုမလား စိတ်ကိုရှုမလား ဓမ္မတွေကိုပဲ ရှုမလား ဆိုပြီး ရွေးရပါတယ်။ ဘယ်ဟာပဲ ရွေးရွေး အဆင်ပြေပေမယ့် မိုးကုတ်ဆရာတော်ကြီး ထောက်ခံချက်အတိုင်း ပထမမဂ်သည် ငါသူဆိုတဲ့ အတ္တဒိဋ္ဌိကို ဖြုတ်ရတာလည်း ဖြစ်၊ ဒိဋ္ဌိခိုကပ်နေတဲ့နေရာသည်လည်း စိတ်ဖြစ်လေတော့ စိတ်ကို ရှုတာ အကောင်းဆုံးပါပဲ။ စိတ်ကို မရှုခင်မှာ ခန္ဓာဖြစ်ပျက်ကိုပဲ သိပ္ပံအမြင်နဲ့ နည်းနည်းလေး ပြောချင်ပါတယ်။ ဥပမာ မိတ်ဆွေရဲ့ အသားကို အပ်နဲ့ ထိုးလိုက်တယ် ဆိုပါစို့။ အပ်သည်လည်း ရုပ်ပါပဲ။ တစ်နည်းအားဖြင့် အာရုံပေါ့။ အထိုးခံလိုက်ရတဲ့ ကိုယ်သည်လည်း ရုပ်ပါပဲ။ တစ်နည်း

အားဖြင့် ဒွါရပေါ့။ အဲလိုထိုးလိုက်လို့ ထိတွေ့မှု ဖြစ်တဲ့အခါမှာ ကိုယ်မှာ ရှိတဲ့ အာရုံကြောလေးတွေကို ထိခိုက်မိပါတယ်။ အဲဒီအခါ အာရုံကြောကနေ လျှပ်စစ်သဘောနဲ့ ဦးနှောက်ဆီကို ပို့ပါတယ်။ လျှပ်စစ်ဆိုတာဟာ အီလက်ထရွန်တွေ တစ်ခုကနေ တစ်ခုကို တိုက်ပြီး ရွေ့လျားသွားတာမို့ ရုပ်မှာ ဖောက်ပြန်ပျက်စီးမှုတွေ ဆက်တိုက်ဖြစ်သွားတာ မြင်နိုင်ပါတယ်။ အဲဒါဟာ ရုပ်ရဲ့ မမြဲခြင်းသဘော အနိစ္စပါပဲ။ အဲဒီကနေ ဦးနှောက်ကို ရောက်တဲ့ အခါမှာတော့ နာကျင်မှု ဝေဒနာ ဆိုတာလေး ပေါ်လာပါတယ်။ ဒီဝေဒနာ ဆိုတာသည် ကိုင်တွယ်လို့လည်းမရ မြင်လည်း မမြင်ရ အထည်လည်းမရှိတဲ့ နာမ်တရား ပါပဲ။ ဒီနာမ်တရားကလည်း ထိခိုက်မှုပေါ်မူတည်ပြီး နည်းနည်းလေး နာရာကနေ များများနာ ဆိုတာမျိုး ဖြစ်ပါတယ်။ ဒါဟာ ဒုက္ခဝေဒနာ အသေးစားလေး ဖြစ်ပြီးတော့ ပျက်သွားပြီး ဒုက္ခဝေဒနာ အကြီးစားဖြစ်တဲ့သဘောပါ။ အဲဒီအချိန်မှာပဲ တစ်ခုခုကို မြင်လိုက်တယ်ဆိုရင် နာတဲ့ဝေဒနာလေးက ပျက်သွားပြီး မြင်တဲ့ စိတ်ကလေး အစားထိုး ဝင်လာပါတော့တယ်။ ဒါဟာ ရုပ်နာမ်ရဲ့ ဖြစ်ပျက်နေမှုပါ။ ငါတွေ သူတွေ ပုဂ္ဂိုလ် သတ္တဝါတွေဆိုတာ အမည်တပ်ရုံသက်သက် ပညတ်တွေသာ ဖြစ်ပြီး တကယ်တမ်း ကတော့ ငါနာတယ် သူနာတယ် ဆိုတာမျိုးမဟုတ်ပဲ ရုပ်နာမ်တွေရဲ့ ဖြစ်ပျက်နေမှု သက်သက်ပါ။ အသားကို အပ်နဲ့ထိုးလိုက်တယ်ပြောပေမယ် အဲဒါကလည်း ထိုးချင်စိတ် ဖြစ်ပျက်နဲ့ ထိုးမှုရုပ်လှုပ်ရှားမှု ရုပ်နာမ်ဖြစ်ပျက်ပါပဲ။ ထိတဲ့အသားကလည်း ငါမဟုတ် ရုပ်ပါ။ နာတာကလည်း ငါနာတာမဟုတ်၊ နာကျင်မှုဆိုတဲ့ ဝေဒနာ နာမ်ပါ။ ထိုးချင် စိတ်ကြောင့် ထိုးမှုဖြစ်၊ ထိုးမှုကြောင့် နာကျင်မှု ဖြစ်တာမို့ အားလုံးဟာ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားများ သင်္ခါရတရားတွေပါ။ ဖြန့်ကျက်ကြည့်လိုက်ရင် ဖြစ်ပျက် နေသမျှဟာ ရုပ်နာမ်များ အကြောင်းကြောင့်အကျိုး ဖြစ်ပျက်နေမှု သင်္ခါရတရားတွေချည်း ပါပဲ။ အဲဒါကြောင့်လည်း သဗ္ဗေ အလုံးစုံသော၊ သင်္ခါရာ သင်္ခါရတရားတို့သည်၊ အနိစ္စာ မမြဲ လို့ပြောထားတာပါ။ ဒါကို နားလည်ပြီဆိုရင် စိတ်ကိုပဲ အာရုံစိုက်ပြီး ဖြစ်သမျှ စိတ် အကုန်လုံးရဲ့ ဖြစ်ပျက်နေမှုကို ရှုနိုင်ပါပြီ။ ဘယ်အထိ ရှုရမလဲ ဆိုရင်တော့ ငါ သူ ပုဂ္ဂိုလ်သတ္တဝါမရှိ နာမ်ဓမ္မ တစ်နည်း နာမ်တရားများ သူ့သဘောသူဆောင် ဖြစ်ပျက်နေမှု အစဉ်းတန်းကြီးပါ ဆိုတာကို သိတဲ့အထိ ဆုံးဖြတ်နိုင်တဲ့အထိ ရှုဖို့ပါပဲ။ အရာအားလုံးဟာ သူ့သဘောသူဆောင် ဖြစ်ပြီး ပျက်နေတာမို့ ပြီးခဲ့တာတွေလည်း ပြန်တွေးနေလို့ အကျိုးမရှိ အနာဂါတ်ကို လှမ်းမျှော်ဖို့လည်း အဓိပ္ပာယ်မရှိ ပစ္စုပ္ပန် တည့်တည့်ရဲ့ အနိစ္စ လက္ခဏာကိုသာ ရှုတော်မူကြပါ။

အနတ္တဆိုတာကတော့ အပေါ်မှာ ပြောခဲ့တဲ့ အတိုင်း ငါ သူ မရှိ ရုပ်တရား နာမ် တရားများ သူ့သဘောသူဆောင် ဖြစ်ပျက်နေခြင်းဆိုတာကို ဆုံးဖြတ်နိုင်ပြီဆိုရင် အနတ္တ လက္ခဏာကို မြင်တာပါပဲ။ ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင်ရှုရုံနဲ့တင် အနတ္တ လက္ခဏာက

ထင်ရှားပါတယ်။ ပြောခဲ့တဲ့အတိုင်း သင်္ခါရလောကကြီးမို့ ရုပ်နာမ်တွေကို ရုပ်နာမ်လို့ ပြောမနေတော့ပဲ သင်္ခါရတရားတွေ အဖြစ်မြင်ကြည့်လိုက် ဖြစ်နေသမျှဟာ (သင်္ခါရတရား-> သင်္ခါရတရား-> သင်္ခါရတရား) ဆိုသလို အကြောင်းကြောင့် အကျိုးဖြစ် အဲဒီအကျိုးကပဲ အကြောင်းအနေနဲ့ နောက်အကျိုးတစ်ခုထပ်ဖြစ် ဒီလိုနဲ့ပဲ မဆုံးအောင် လည်ပတ်နေတာမို့ ငါ သူ ပုဂ္ဂိုလ် သတ္တဝါဆိုတာမရှိ။ ငါသူပိုင်ဆိုင်မှုလည်း မရှိ။ ငါ သူ ပြုလုပ်တာလည်း မရှိ။ အရာအားလုံးဟာ အကြောင်း အကျိုး သူ့သဘောသူဆောင် ဖြစ်ပျက်နေတာမို့ အနတ္တလို့ ရှုမှတ် ရပါမယ်။ ဒါကိုနားလည်ပြီဆို အနတ္တ လက္ခဏာကို နားလည်တာပါပဲ။ ဒီနေရာမှာ တစ်ခုပြောစရာက သဗ္ဗေ အလုံးစုံသော၊ ဓမ္မာ တရားတို့သည်၊ အနတ္တာ ငါ သူ မဟုတ်၊ အတ္တမဟုတ်၊ ပိုင်ဆိုင်သည့် သဘောမရှိ၊ သူ့သဘောသူဆောင် ဆိုတဲ့နေရာမှာ နိဗ္ဗာန်သည်လည်း အနတ္တ ဆိုတာလေး သိထားဖို့ လိုပါတယ်။ ဒီလောက်ဆို အနတ္တ ရှင်းလောက်ပါပြီ။

ဒုက္ခဆိုတာကတော့ စက်ဆုပ်စရာ အသုံးမကျတာလို့ အဓိပ္ပာယ်ရပါတယ်။ လောကမှာ ရှိသမျှ အရာအားလုံးဟာ သင်္ခါရတရားများသာ ဖြစ်ပြီး သင်္ခါရတရား အားလုံးဟာ ခဏမျှမတည်နိုင် အမြဲ ပျက်နေပါတယ် (အနိစ္စ)။ အဲဒီပျက်နေတဲ့ အပေါ်မှာလည်း ပိုင်ဆိုင်မှုလည်း မရှိ လိုချင်မှုသည်လည်း သင်္ခါရတရား သူ့ကြောင့် ဖြစ်တဲ့ အားထုတ်မှုသည်လည်း သင်္ခါရတရား သူ့ကြောင့်ဖြစ်တဲ့ ဝေဒနာသည်လည်း သင်္ခါရတရားမို့ ငါသူရတယ်ဆိုတာကိုမရှိ ငါသူ ဆိုတာလည်းမရှိ ဘာအဓိပ္ပာယ်မှ မရှိ သူ့သဘောသူဆောင် နေတာကြောင့် ဖြစ်ပျက်နေသမျှ သင်္ခါရတရားတွေဟာ အသုံးချ လို့ကို မရလို့ အသုံးမကျဘူးလို့ ပြောပါတယ်။ ပြီးတော့ ဖြစ်တဲ့ သင်္ခါရတွေ ကြည့်ပြန်တော့လည်း သင်္ခါရတရားတွေပဲ ဖြစ်တဲ့ ကိလေသာတွေပေါ်မူတည်ပြီး မမြဲတဲ့ ဝမ်းသာမှု ဝမ်းနည်းမှု ဒေါသဖြစ်မှု လိုချင်မှု အားထုတ်မှု ပင်ပန်းမှု သောက ပရိဒေဝ ဖြစ်မှု ဆိုတာတွေပဲ ဖြစ်နေလေတော့ အားလုံးဟာ စက်ဆုပ်စရာတွေ ချည်းပါပဲ။ အဲဒီတော့ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရာ သင်္ခါရတရားတို့သည်။ ဒုက္ခာ စက်ဆုပ်စရာ အသုံးမကျ တာတွေချည်းပဲလို့ သိနိုင်ပါပြီ။

အနိစ္စ ဒုက္ခ အနတ္တ ဆင်ခြင်တယ်ဆိုတာဟာ ဝိပဿနာ အစ အလယ် အဆုံး သုံးမျိုးလုံးမှာပါတဲ့ အတွက် မိတ်ဆွေတို့အတွက် အကျိုးတစုံတရာ ရှိမယ်လို့ မျှော်လင့်ပါတယ်။

mgyoe.com

## သေခြင်းတရားဆိုတာ

mgyoe.com SAMPLE BOOK

ခန္ဓာငါးပါး (ရုပ်၊ ဝေဒနာ၊ ဝိညာဏ်၊ သညာ၊ သင်္ခါရ) ရှိနေသ၍ မလွဲမသွေ ကြုံရမှာကတော့ သေခြင်းတရားပါ။ ရုပ်တရား နာမ်တရား ဟာ သင်္ခါရတရားတွေ အနတ္တတွေမို့ အသက်ဇီဝဆိုတာ မရှိပါဘူး ဒါပေမယ့် သေခြင်းတရား ကတော့ ရှိပါတယ်။ သေခြင်းတရားကို မလွဲ မသွေ ကြုံရမှာ ဖြစ်လို့ မသေခင်က သေခြင်း တရားအကြောင်း ကို သိပြီး ပြင်ဆင်ထားနိုင်ရင် အကောင်းဆုံးပါပဲ။ သေခြင်းတရားကို သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ နဲ့ မဖြတ်ကျော်ပဲ အနိစ္စ ဒုက္ခ အနတ္တ ကို သိနားလည်တဲ့ ဉာဏ်နဲ့ ဖြတ်ကျော်ဖို့ အရေးကြီးပါတယ်။

သေခြင်းတရားနဲ့ ပတ်သက်ပြီး ကြုံရတော့မယ်ဆိုရင် သိထားသင့်တဲ့ ပထမ အချက်ကတော့ ရှေ့ဘဝ နောက်ဘဝ ဆိုတာ ဆောင်ပြောရရင် ရှိပါတယ်။ ဒီဘဝ ရုပ်နာမ် ပျက်စီးသွားတဲ့ အခါမှာ နောင်ဘဝ ရုပ်နာမ်ဆိုတာ ဖြစ်ဦးမှာပါ။ မပြီးပြတ် သွားပါဘူး။ သေခါနီးမှာ ဖြစ်တဲ့ စိတ်ပေါ်မူတည်ပြီး ကံအကျိုးပေးဖြစ်ပြီး အဲဒီကံ အကျိုးပေးအတိုင်း ဘဝ အသစ်တစ်ခု ထပ်ဖြစ်ရဦးမှာပါ။

အတည့်ပြောရရင်တော့ ရှေ့ဘဝနောက်ဘဝ ဆိုတာ မရှိပါဘူး အခုလည်း ပိုင်စိုးမရတဲ့ ငါ သူ မဟုတ်တဲ့ ရုပ်နာမ် ဖြစ်ပျက်ကြီး ဖြစ်ပျက်နေတာသာရှိပြီး သေတယ် ဆိုတဲ့ အခါမှာလည်း စုတိစိတ် ဆိုတဲ့ နာမ် ဖြစ်ပျက် ထိုမှတဆင့် ပဋိသန္ဓေစိတ် ကို အကျိုးပေးပြီး ရုပ်နာမ် ဖြစ်ပျက် ဆက်ဖြစ်ဦးမှာပါပဲ။ ဒါကြောင့်လည်း ရှေ့ဘဝ နောက် ဘဝ ဘုရား မဝေဖန် ဆိုတဲ့ စကား ဖြစ်လာတာပါ။ ပုဂ္ဂိုလ် သတ္တဝါ သေပြီး ဖြစ်ဦးမှာလား ဆိုရင် ရုပ်နာမ် ဖြစ်ပျက်သာ ရှိတာမို့ မရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါနဲ့ မေးတာကို ဘုရား မဖြေ တာပါ။

နောက်တစ်ချက်ကတော့ ပုထုဇဉ် ဘဝနဲ့ သေရင် ဝိနိပါတိက ဘေးဆိုတဲ့ ပရမ်းပတာ ကျရောက် တတ်တဲ့ ဘေးရှိပါတယ်။ ဘာလို့လဲ ဆိုတော့ အနိစ္စ ဒုက္ခ အနတ္တ နဲ့ ရုပ်တရား နာမ်တရား ကိလေသာ တရား ကံတရား တို့ရဲ့ အကြောင်းကြောင့် အကျိုး ဖြစ်နေရုံသက်သက် ငါ သူ ဆိုတာ မရှိဆိုတာကို သေခါနီးမှာ နှလုံးမသွင်းနိုင် မဆင်ခြင်နိုင် လို့ပါ။ ဒီအတွက် ရုပ်နာမ်ပဲ ရှိတယ်ဆိုတာကို သိဖို့နဲ့ ခုနပြောခဲ့သလို အကြောင်းကြောင့် အကျိုး ဖြစ်နေတယ်ဆိုတာကို လေးလေးနက်နက် သိထားဖို့ လိုပါတယ်။ ဒါဆိုရင်တော့ စူဠသောတာကန်ဘဝမို့ တစ်ဘဝ နှစ်ဘဝ အပယ်မလားပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ရုပ်နာမ် ခွဲသိတယ်ဆိုတာကတော့ မြင်နေရတဲ့ ကိုင်တွယ်လို့ ရတဲ့ ချိန်တွယ်လို့ ရတဲ့ အရာမှန်သမျှဟာ ရုပ်ပါ။ ခန္ဓာကိုယ်ကြီးဟာ ရုပ်ပါ။ သေရင်ကျန်ခဲ့တဲ့ အလောင်းကောင်ကြီးနဲ့ ဘာမှ မထူးပါဘူး။ ချိန်တွယ်လို့ မရတဲ့ ခံစားတတ်တဲ့သဘော သိတတ်တဲ့သဘော မှတ်သားတတ်တဲ့သဘော ပြုလုပ်တတ်တဲ့သဘော (စေတနာ) ဒါတွေကတော့ နာမ်ပါ။ အကောင်အထည်မရှိပါဘူး။ ဒီအပြင်ဘာမှ မရှိတဲ့အတွက် ငါသူဆိုတာ မရှိပါဘူး။ ရုပ်နာမ်ရဲ့ ဖြစ်ပျက်သာ ရှိပါတယ်။ ဒါကို သေသေချာချာ ကိုယ့်ခန္ဓာနဲ့ တိုက်ပြီး အမှန်သိမြင်လက်ခံ သွားရင် ရုပ်နာမ်ခွဲ သိတဲ့ ဉာဏ်ပါပဲ။ ရုပ်နာမ်သာရှိတယ် ငါသူဆိုတာ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူးဆိုတာကတော့ ဒီဉာဏ်နဲ့ ဆုံးဖြတ်ချက် ချရမယ့် ကိစ္စပါ။ ဒါအရေးကြီးပါတယ်။

အကြောင်းကြောင့် အကျိုး ဖြစ်နေတယ်ဆိုတာကို နားလည်ဖို့ကတော့ ရုပ်တရားဟာ ကံ စိတ် ဥတု အာဟာရရဲ့ ပြုပြင်မှုကြောင့် ဖြစ်နေတာ ဖြစ်ပြီး ငါသူမဟုတ် အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားလို့ သိဖို့ပါပဲ။ နာမ်တရားကတော့ အာရုံလို့ ခေါ်တဲ့ အဆင်း အသံ အနံ့ အရသာ ထိတွေ့မှု နဲ့ တွေးကြံမှု အတွေးအကြံ နဲ့ ဒွါရလို့ ခေါ်တဲ့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် တို့ ထိခိုက် ရာကနေ ဖြစ်လာတာပါ။

ဒီတော့ ရုပ်တရားရော နာမ်တရားရော ဟာ အကြောင်းကြောင့် အကျိုး ဖြစ်ပျက်နေတာသာ ရှိပြီး ငါ သူ ဆိုတာ မရှိ ဖြစ်ပျက်နေမှု သာ ရှိတယ်။ ပိုင်းစိုးရတဲ့ သဘောနန်နမ်မှ မရှိ ဆိုတာကို နားလည်ရမှာပါ။ ပိုင်စိုးမရ အကြောင်းဖြစ်တဲ့ အကျိုးတရား သက်သက်သာမို့ အနတ္တဆိုတာကို နားလည်သဘောပေါက်ဖို့ အရေးကြီးပါတယ်။ ပိုင်စိုးမရတဲ့ သဘောမို့ အိုနာသေ ဖြစ်ရတာပါ။ ဒါကြောင့် အိုနာသေနဲ့ ကြုံရတဲ့အခါမှာ အနတ္တ ဆိုတဲ့ အကြောင်း သက်သေပြနေတာပဲလို့ ဆင်ခြင်နိုင်ရင်တော့ အကောင်းဆုံး ပါပဲ။ ဒီလောက်ဆို သေခြင်းတရားနဲ့ ရင်ဆိုင်တဲ့အခါ အကျိုးတစုံတရာ ဖြစ်မယ်လို့ ယူဆပါတယ်။

mgyoe.com

mgyoe.com

## သင်္ခါရဒုက္ခ

သင်္ခါရဒုက္ခဆိုတာ သဗ္ဗေ သင်္ခါရာ ဒုက္ခာကို ဆိုလိုတာပါ။ အလုံးစုံသော သင်္ခါရတို့သည် စက်ဆုပ်စရာ အသုံးမကျတာများဖြစ်သည်လို့ ဆိုလိုပါတယ်။ အနိစ္စ ဒုက္ခ အနတ္တ ဆိုတာကို ဆင်ခြင်တဲ့ အခါမှာ အနိစ္စကနေသွားတာက ပိုခရီးတွင်ပါတယ်။ အနိစ္စကမြင်သာပါတယ်။ ပြီးရင် အနတ္တာရော ဒုက္ခရော မြင်ပါတယ်။ အနိစ္စက သွားတယ်ဆိုတာက ဖြစ်ပျက်ကိုပဲ ဖြိုင်ဖြိုင်မြင်ပြီးသွားရတာပါ။ အနတ္တကို သိအောင် အရင်လုပ်ရင်တော့ အနိစ္စကို တစ်ခါထပ်ရှုရပါတယ်။ ပြီးတော့မှ အနတ္တနဲ့ အနိစ္စ နှစ်ခုပေါင်းကို မြင်ပြီး ဒုက္ခဆိုတာ ထင်ရှားလာတာပါ။ ဒီသုံးမျိုးထဲမှာ ဒုက္ခဆိုတာက အနိစ္စနဲ့ အနတ္တကို ကောင်းကောင်းကြီးသဘောပေါက်မှ ထိုးထွင်းသိ သိရတာပါ။ ဒုက္ခ ဆိုတာကို မြင်ပြီဆိုရင် ခရီးက တစ်ဝက်ကျော်လောက် ရောက်ပါပြီ။ ဒီကရှေ့က မခက်တော့ပါဘူး။

ပြောနေကြအတိုင်းပဲ ပြောရရင် သင်္ခါရဆိုတာ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားပါ။ ရုပ်နာမ်ခွဲသိတာတွေနဲ့ ပတ်သက်လို့ ရုပ်တရား နာမ်တရားနဲ့ ပတ်သက်လို့ ဒီမှာ ထပ်မပြောတော့ပါဘူး။ ပြောချင်တာက ပုဂ္ဂိုလ်တွေ သတ္တဝါတွေ မရှိပဲ အားလုံးဟာ ရုပ်တရား နာမ်တရားတွေပါ။ အဲဒီ ရုပ်တရား နာမ်တရားဟာလည်း သင်္ခါရတရားပါ။ သင်္ခါရဆိုတာ အကြောင်းကြောင့် ဖြစ်သော အကျိုးတရားဆိုတဲ့ အတိုင်း ဘယ်အကြောင်းကြောင့် ရုပ်နာမ် ဖြစ်ရသလဲဆိုရင်တော့ ပဋိသန္ဓေဝိညာဏ် ဆိုတဲ့ အကြောင်းကြောင့် နာမ်ရုပ် ဖြစ်လာရတာပါ။ အဲဒါကြောင့် နာမ်ရုပ်သည် သင်္ခါရတရားပါ။ ပဋိသန္ဓေကိစ္စ ပြီးတဲ့အခါမှာတော့ ရုပ်ကို ကံ စိတ် ဥတု အာဟာရက အကြောင်းအနေနဲ့ ပြုပြင်ပြီး၊ နာမ်ကတော့ အာရုံဒွါရ အကြောင်းကြောင့် ဖြစ်ရ ပါတယ်။ အဲဒီတော့ ပုဂ္ဂိုလ်သတ္တဝါမရှိ ပိုင်ဆိုင်သူမရှိ သူ့သဘောသူဆောင်နေသော တရားများ ဖြစ်တဲ့အတွက် အနတ္တပါ။

ထပ်ပြီးကြည့်လိုက်တဲ့ အခါကျတော့ ရုပ်ရှုတဲ့သူက ရုပ်ဖောက်ပြန် ပျက်စီးနေတာ တွေ့ပါလိမ့်မယ်။ နာမ်ရှုတဲ့ သူကျတော့ စိတ်တွေ ဝေဒနာတွေ ဖြစ်ပျက်နေတာကို တွေ့ပါမယ်။ အဲဒီမှာ အရေးကြီးတာကတော့ ငါ သူ ယောက်ျားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ ပြောစရာမရှိပဲ ရုပ်တရားနဲ့ နာမ်တရားတွေ (သင်္ခါရတရားတွေ) ဟာ ဖြစ်ပြီး ပျက်နေရုံက လွဲပြီး ဘာအဓိပ္ပာယ်မှလဲ ပြောစရာမရှိ၊ သူ့သဘောသူဆောင် ပိုင်တယ် လို့လည်း မရှိတဲ့အတွက် တကယ်တော့ လောက ဆိုတာ တစ်ခုလုံးဟာ ဖြစ်တတ် ပျက်တတ်တဲ့ သဘောသာရှိတာမို့ ဇာတိဒုက္ခ ဇရာဒုက္ခ မရဏဒုက္ခ ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်း ဒုက္ခ မချစ်တဲ့သူနဲ့ အတူနေရခြင်းဒုက္ခ ဒီလိုဒုက္ခတွေသာ ဆက်တိုက် ဖြစ်နေတာမို့ စက်ဆုပ် စရာလည်း ကောင်း အသုံးချလို့ရသလားကြည့်တော့လည်း ကိုယ့်အလိုမလိုက် ကိုယ်

mgyoe.com

ဆိုတာလည်း မရှိ သူ့သဘောသူဆောင် အမြဲပျက်နေတာမို့ အသုံးချစရာ တစ်ကွက်မှ မရှိတဲ့ အသုံးမကျမှုကြီး သက်သက်လို့ ဒုက္ခဆိုတာရဲ့အဓိပ္ပာယ် စက်ဆုပ်စရာ အသုံးမကျ တာလို့ မြင်လာဖို့ပါပဲ။

ရှေ့မှာ မြင်ခဲ့တဲ့ အနိစ္စနဲ့ အနတ္တ အမြင် အားကောင်းလေလေ ဒုက္ခကို မြင်တဲ့ အခါမှာ သဘောပေါက် လေလေပါပဲ။ သဘောပေါက်လာတဲ့အခါမှာ ကိုယ်ခင်တွယ်ခဲ့တဲ့ အရာအားလုံး ခံစားမှု အားလုံးဟာ တကယ်တော့ သင်္ခါရတရားတွေပဲ အနိစ္စပဲ အနတ္တပဲ သုခဆိုတာ တစ်ကွက်တစ်စက်မှ မရှိ ဒုက္ခကြီးသက်သက် ပဲလို့ ထိုးထွင်း သိရမှာပါ။ ဒုက္ခကို တကယ်ထိုးထွင်း သိပြီဆိုရင်တော့ မြင်သမျှ ကြားသမျှ စားသမျှ နံသမျှ ထိတွေ့ သမျှ ကြံစည်သမျှ အားလုံးဟာ သင်္ခါရတရားတွေပဲ ဒုက္ခတွေပဲ ဆိုပြီး ခန္ဓာငါးပါးကို ဒုက္ခအတုံးအခဲ ကြီးအဖြစ်မြင်တော့တာပါပဲ။ ဒီလိုအမြင်သန်လာမှသာ အဲဒီဒုက္ခကြီးက လွတ်ချင်စိတ် ပေါက်လာတော့တာပါ။ လွတ်ချင်စိတ်ပေါက်ပေမယ့် လွတ်ရာနေရာကို ကိုယ်မသိလေတော့ ခေါင်းမီးလောင်နေသလို ခံစားလာရတာပါ။ လွတ်ဖို့မှလွဲပြီး ဘာမှ မလိုချင်တော့တာလည်း ဒီနေရာပါပဲ။ တစ်သက်လုံး ဂုတ်ခွ စီးလာတဲ့ တဏှာတရား နောက်ဆုတ်စပြုလာတာပေ့ါခင်ဗျာ။ ဒုက္ခကြီးပဲ မြင်နေ ရတာမို့ တရားထိုင်တဲ့နေရာကနေ ထွက်ပြေးချင်လာတာ ဒီနေရာပါပဲ။ ဘယ်လိုမှ လွတ်လမ်းမမြင်တော့ ရှေ့က ဖြစ်ခဲ့တဲ့ ဉာဏ်စဉ်တွေကို ပြန်ပြီးသုံးသပ်တဲ့ ကိစ္စလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဘာဘာတစ်ယောက် ရေးဖူးသလိုပါပဲ ဒီနေရာမှာ အနတ္တ အမြင်ပိုင်တဲ့ သူတွေကတော့ ခန္ဓာငါးပါးအပေါ် တစိမ်းဆန်ဆန်အမြင်ရှိလေတော့ ဒုက္ခတွေပေါ် အညီအမျှ လျစ်လျူရှုရင်း သင်္ခါရုပေက္ခာ ဉာဏ်ကနေ တက်သွားတော့ တာပါပဲ။ အနတ္တ အမြင်မသန်သေးသူ အနိစ္စ အမြင်မသန် သေးသူတွေကတော့ အဲဒီနှစ်မျိုးကိုပဲ အမြင်ရှင်းသထက်ရှင်းအောင် ထိုးထွင်းသိနဲ့ သိအောင် ကြိုးစား ကြရပါတယ်။ ဝိပ္ပလ္လာသနဲ့ ဝေဖန်ပြရရင်တော့ နိစ္စနဲ့ အတ္တ ကို သညာ ဝိပ္ပလ္လာသထိ ဖြုတ်ရမှာ ဖြစ်ပြီး။ သုခကိုတော့ ဒိဋ္ဌိဝိပ္ပလ္လာသထိ ဖြုတ်ရတာပါ။

အထက်ဉာဏ်တွေကတော့ ကျနော်လည်း မရောက်သေးတော့ မရေးနိုင်သေး ပါဘူး။ ဒီနေရာရောက်ပြီဆို ရင်တော့ ဘာကိုမှ သုခလို့ မယူဆတော့ပဲ တဏှာ ကို အရင်းက စပြီးနှဲ့တဲ့ နေရာလို့ပဲပြောရမှာပါ။ ဒိဋ္ဌိနဲ့တဏှာဆိုတာဟာ ပူလောင်တဲ့ ကိလေသာ တွေမို့ သူတို့ သိသိသာသာပါးလာတဲ့ ဒီနေရာမှာ အေးချမ်းမှု တစ်စိတ်တစ်ဒေသကိုလည်း ခံစားရမှာပါလို့ ပြောရင်း နိဂုံးချုပ်ပါရစေ။ ကျေးဇူးတင်ပါတယ်။

---

mgyoe.com

mgyoe.com

## မပိုင်သောရုပ်နာမ်

အနတ္တဆိုတာရဲ့ အဓိပ္ပာယ်ကို ဆင်ခြင်မိတဲ့အတိုင်းပြောရရင် ငါ သူတစ်ပါး ယောကျာ်းမိန်းမ ပုဂ္ဂိုလ်သတ္တဝါမရှိ အသက်ဇီဝ မရှိ၊ မပိုင်ဆိုင်၊ သူ့သဘောသူဆောင်လို့ ပြောရပါမယ်။ အဲဒီထဲမှာ အရေးကြီးဆုံးကတော့ မပိုင်တာနဲ့ သူ့သဘောသူဆောင်နေတယ်ဆိုတာ သိဖို့ပါပဲ။ အဲဒါကို သိတာနဲ့ ငါသူတစ်ပါး ယောကျာ်းမိန်းမ ပုဂ္ဂိုလ် သတ္တဝါ မရှိ အသက်ဇီဝမရှိဆိုတာ ထင်ရှားလာပါလိမ့်မယ်။

အဲဒီတော့ ပထမဆုံးအနေနဲ့တော့ ရုပ်နာမ်နဲ့ ပတ်သက်ပြီး အားလုံးကို တရားများအဖြစ် မြင်ဖို့လိုပါတယ်။ ရုပ်နဲ့ ပတ်သက်ရင် မြတ်စွာဘုရားက မဟာဘုတ်လေးပါးသည်လည်းကောင်း မဟာဘုတ်လေးပါးကို မှီ၍ဖြစ်သော ရုပ်အပေါင်းကိုလည်းကောင်း ရုပ်ဟုခေါ်သည်လို့ ဟောထားပါတယ်။ မဟာဘုတ်လေးပါးဆိုတာဟာ ပထဝီ တေဇော အာပေါ ဝါယော ဆိုတဲ့ ဓာတ်ကြီး လေးပါးပါ။ ဒီတရားတွေဟာ အကြောင်းပြုပြင်လို့ ဖြစ်ပေါ်လာတဲ့ တရားတွေပါ။ ဘယ်အကြောင်းက ပြုပြင်ပေးလိုက်သလဲ ဆိုရင်တော့ ပဋိသန္ဓေဝိညာဏ်က ပြုပြင်ပေးလိုက်တာပါ။ ပဋိသန္ဓေ ဝိညာဏ်စိတ်လေး ဖြစ်တာနဲ့ ရုပ်တရားတွေရော နာမ်တရားလေးပါးပါ တစ်ပေါင်းတည်းဖြစ်သတ္တိနဲ့ ဖြစ်လာကြပါတယ်။ အဲဒီပဋိသန္ဓေဝိညာဏ်လေးဟာလည်း စုတိစိတ် နဲ့ အတိတ်ကံကြောင့် ဖြစ်လာရတာပါ။ အစကတည်းက ရုပ်နာမ်ဆိုတာ မပိုင်တဲ့ တရားတွေပါ။ ရုပ်တရားနဲ့ ပတ်သက်ပြီး အမျိုးမျိုးခွဲပြထားတာကိုတော့ အသေးစိတ် သိချင်ရင် ဓမ္မသင်္ဂဏီကျမ်းမှာ ဖတ်နိုင်ပါတယ်။ သို့သော်လည်း တရားအားထုတ်သူအဖို့ ရုပ်သည် တရားတွေသာလို့ သိထားရင် ရပါပြီ။ မဟာဘုတ်ကို မှီပြီးဖြစ်တဲ့ ရုပ်အပေါင်း ထဲမှာ ထိတွေ့မှုသဘော ဖြစ်နိုင်တဲ့ အကောင်အထည်သဘောဆောင်သော ရုပ်ရော၊ မျက်စိနဲ့မြင်ရတဲ့ ရုပ်ရောရှိပေမယ့် အကောင်အထည်ရှိလို့ မြင်ရလို့ တရားမဟုတ်ဘူးလို့ သတ်မှတ်လို့ မရပါဘူး။ အကောင်အထည်သည်လည်း မဟာဘုတ်ကို မှီပြီးဖြစ်ရတာမို့ ရုပ်တရားတွေပါပဲ။ ဒီလိုပဋိသန္ဓေကိစ္စပြီးတဲ့အခါမှာတော့ ရုပ်ကို ဆက်လက်ကြီးထွားစေတဲ့ တစ်နည်း ရုပ်ကို ပြုပြင်နေတဲ့ တရားတွေကတော့ ကံ စိတ် ဥတု အာဟာရပါ။ ဒီတော့ ရုပ်ကြီးကို မပိုင်ဘူးဆိုတာ မြင်သာပါတယ်။ ဒီနေရာမှာ ကိုယ်ထမင်းစားလိုက်ရင် ဗိုက်ပြည့်တာပဲ ရုပ်တရားကို ကိုယ်ပိုင်တယ်လို့ ထင်ကြပါ ဦးမယ်။ တကယ်တော့ ထမင်းစားတယ်ဆိုတာ စားချင်စိတ်က ရုပ်ကို ပြုပြင်လိုက်တာ ဖြစ်ပါတယ်။ အဲဒီစိတ်ကို ပိုင်သလားဆိုတာ ဆက်ကြည့်ရအောင်ပါ။

စိတ်ဆိုတော့ ကျနော်တို့က နာမ်တရားထဲမှာပါတာပါ။ နာမ်တရားကတော့ ပိုရှင်းပါတယ် မဟာဘုတ် ဓာတ်ကြီးလေးပါးပေါင်းစပ်မှုနဲ့ ဖြစ်လာတာလည်းမဟုတ်

mgyoe.com

မမြင်ရ အကောင်အထည်မရှိတဲ့ တရားတွေပါ။ ဒီနေရာမှာ သူတစ်ပါးစိတ်ကို မျက်စိက မြင်ရတယ်လို့ ပြောချင်ပြောပါမယ်။ ဒါဟာ တကယ်တော့ သူတစ်ပါးရဲ့ စိတ်ရဲ့ သဘောကို ဖော်ပြတဲ့ ရုပ်ကိုပဲ မြင်ရတာ ဖြစ်ပြီး ငယ်စဉ်ကတည်းက စွဲမြဲလာတဲ့ သညာနဲ့ ဘာသာပြန်မှု ဖြစ်တာပါ။ တကယ်ရှိတာကတော့ ရုပ်နာမ်ပါပဲ။ ပြောခဲ့တဲ့အတိုင်း နာမ်ကတော့ အကောင်အထည် လုံးလုံးမရှိ တရားများသာ ဖြစ်ပါတယ်။ နာမ်အစုအဝေး တစ်နည်း နာမ်ခန္ဓာအနေနဲ့ကတော့ လေးပါး ရှိပါတယ်။ သိမှု ဝိညာဏ် (စိတ်) နဲ့ ခံစားမှု ဝေဒနာ၊ မှတ်သားမှု မှတ်မိမှု သညာ၊ စေ့ဆော်မှု သင်္ခါရ (စေတသိတ်) တို့ပဲ ဖြစ်ပါတယ်။ ဒီနာမ်ခန္ဓာလေးပါးမှာ တခြားတရားတွေ ပေါင်းစုံ ဖြစ်ကြပါတယ်။ ကိလေသာအပါအဝင် နာမ်တရားတွေ အားလုံးကို ကိုယ်ပိုင်သလားလို့ မေးစရာ ဖြစ်လာပါတယ်။ ခုနက ပြောခဲ့တဲ့ ဥပမာအတိုင်း ထမင်းစားချင် စိတ်ကိုပဲ ကိုယ်ပိုင် သလားလို့ ကြည့်ရအောင်ပါ။ ထမင်းစားချင်စိတ်ဖြစ်တဲ့အခါမှာ ငါထမင်းစားချင် လိုက်တာလို့ အတွေးပေါ်ပါတယ်။ ဒါပေမယ့် အဲဒီအတွေးဟာ သူ့ဟာသူ ပေါ်လာတာ မဟုတ်ပါဘူး။ အဲဒီအတွေးကို ပြန့်ထုတ်ကြည့်ရင် ငါဆိုတာက ဒိဋ္ဌိပါ၊ ထမင်းစားချင်တယ် ဆိုတာက တဏှာပါ။ တစ်နည်းအားဖြင့် ကိလေသာ တရားတွေပါ။ ဒီတဏှာနဲ့ ဒိဋ္ဌိဆိုတဲ့ ကိလေသာတရားတွေဟာ ထမင်းဟင်းတွေကို မြင်မှုဆိုတဲ့ မျက်လုံးအကြည်ရုပ်နဲ့ အဆင်းရုပ် တိုက်မှုကြောင့် ဖြစ်ရတဲ့ ဥပေက္ခာဝေဒနာ နဲ့ မြင်စိတ် ဝိညာဏ်ကြောင့်လည်း ဖြစ်ချင်ဖြစ်ပါမယ်။ ဒါမှမဟုတ် ဗိုက်ထဲက နာကျင်တယ် ဆိုတဲ့ ဒုက္ခဝေဒနာနဲ့ သညာ အတွဲအစပ် ကနေ ဗိုက်ဆာတာဟု သိမှု ဝိညာဏ်ကြောင့်လည်း ဖြစ်ချင်ဖြစ်ပါမယ်။ ပြောချင်တာက ငါဆိုတဲ့ အယူအဆ ဒိဋ္ဌိကိလေသာ ကိုက ဝေဒနာ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားပါ။ ဘယ်လိုမှ ဘယ်သူမှမပိုင်တဲ့တရားပါ။ အဲလိုပဲ ထမင်းစားချင်မှု ဆိုတဲ့ တဏှာကလည်း ဒိဋ္ဌိနဲ့ တစ်ပြိုင်တည်းတွဲဖြစ်တဲ့ ဝေဒနာဆိုတဲ့ အကြောင်းကြောင့် ဖြစ်ရတဲ့အကျိုးတရားပါပဲ။ အဲဒီဝေဒနာကိုရော ပိုင်သလားဆိုတော့ ဝေဒနာသည်လည်း အာရုံဒွါရ အကြောင်းတိုက်ဆိုင်မှုကြောင့် ဖြစ်လာတဲ့ အကျိုးတရား ပါပဲ။ အာရုံ ရော ဒွါရ ရောဟာ မနောဒွါရနဲ့ ကြံတွေးစရာ ဆိုတဲ့ နာမ်တရားကလွဲရင် ကျန်တာ ရုပ်တရားတွေ ချည်းပါပဲ။

အဲဒီတော့ ရုပ်တရား၊ နာမ်တရားဟာ အကြောင်းအကျိုး အဆက်မပြတ် လည်ပတ်နေတယ် ပြုလုပ်သူမရှိဘူး သူ့သဘောသူဆောင်နေတယ် မပိုင်ဘူး။ ငါသူ ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်စရာလည်းမရှိဘူး။ ရုပ်နာမ်ဖြစ်ပျက်အစဉ်တန်းသာရှိတယ် အသက် ဇီဝဆိုတာလည်း မရှိဘူးဆိုတာ သိသာပါပြီ။

ဒီနေရာမှာ ထူးဆန်းတဲ့ ဘုရားပွင့်မှ သိရတဲ့ မဂ္ဂင်တရားဆိုတာ ပါလာပါပြီ။ အဲဒါကတော့ အမှန်အတိုင်း သိမြင်ခြင်းလို့ပဲ ပြောရမှာပါ။ သူ့သဘောသူဆောင်နေတဲ့ ရုပ်တရား နာမ်တရားတွေဟာ ဒီအတိုင်းဆို ငါ သူ ဆိုတဲ့ အထင်ကနေ လွတ်လမ်း

မရှိပါဘူး။ ဒီ ငါ သူ အထင်မလွတ်သရွေ့လည်း လွတ်လမ်းကို တကယ်တားထားတဲ့ တဏှာကိလေသာတရားရဲ့ လက်က မလွတ်ပါဘူး။ ဒီလိုသူ့သဘောသူဆောင် ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားဟာ ဘုရားပွင့်တာနဲ့ကြုံ ဒီစာကို ဖတ်မိပြီး ဟုတ်သားပဲ ငါ သူ ဆိုတာမရှိဘူးပဲ ရုပ်တရား နာမ်တရားဟာ အမြဲ ဖြစ်ပျက်နေတာပဲ အနိစ္စပဲ၊ မပိုင်တဲ့ တရားတွေပဲ အဲဒီတရားတွေ အားလုံးဟာ သူ့သဘောသူဆောင်နေကြတာပဲ အနတ္တပဲ၊ ဒီလိုဖြစ်ပျက်နေမှုကြီးဟာ စက်ဆုပ်စရာ အသုံးမကျတာပဲ ဒုက္ခပဲ ဆိုတဲ့ အမှန်သိမြင်မှု မဂ္ဂင်တရား ပေါ်ပေါက်လာတဲ့အခါမှာ ဒီရုပ်နာမ်တရားကြီးချုပ်ငြိမ်းရာကို ရှာတဲ့ သဘော လွတ်ငြိမ်းရာကိုတောင့်တမှုတရား ပေါ်ပေါက်လာပါတယ်။ အတိုခြုံးပြီးသာ ပြောလိုက်ရတာပါ။ တကယ်တော့ ကိလေသာဆိုတာက သံသရာတစ်လျှောက်လုံး အသားကျလာတဲ့ စွဲမြဲလာတဲ့ တရားတွေ ဖြစ်လေတော့ ပြောခဲ့တဲ့ အနိစ္စ ဒုက္ခ အနတ္တ ကို အကြိမ်ကြိမ် ဆင်ခြင်မှု ဖြစ်မှသာလျှင် လွတ်လမ်းရှာချင်မှုတရား ဖြစ်လာမှာပါ။ အမှန်မြင်မှု များများဖြစ်လေလေ ကိလေသာတွေ ပါးလေလေပါပဲ။ ဒီတော့ အမှန်မြင်မှု များများဖြစ်ဖို့ အကြိမ်ကြိမ် ဆင်ခြင်မှု ဖြစ်ဖို့လိုပါတယ်။ ခုနကပြောခဲ့တဲ့အတိုင်း ဝေဒနာနောက်မှာ တဏှာတရားနဲ့ ဒိဋ္ဌိတရား လိုက်မယ့်အစား အမှန်ဆင်ခြင်မှု အမှန်မြင်မှု မဂ္ဂင်လိုက်လေလေ ကိလေသာ ပါးလေလေ ဖြစ်မှာပါပဲ။ ကိလေသာ ပါးလွန်းမကပါးပြီး အနိစ္စနဲ့ အနတ္တကို အဆုံးထိ ကိုယ်တိုင်ထိုးထွင်းသိနဲ့ သိမြင်သွားတဲ့အခါမှာတော့ မဂ်ဖိုလ်ဆိုတဲ့လောကုတ္တရာတရားတွေ ပေါ်လာမှာပါ။

ဒီနေရာမှာ တစ်ခုထည့်ပြောချင်တာက ရုပ်တရားနာမ်တရားမှာ မရှုကောင်းတဲ့ တရားဆိုတာမရှိပါဘူး။ ရှုလို့ရတဲ့တရားမှန်သမျှ ရှုပါ။ မြတ်စွာဘုရားလည်း ရုပ်တရား နာမ်တရားအားလုံးကို ရှုပြီး ကျနော်တို့အတွက် လမ်းပြသွားတာပါ။ မြတ်စွာဘုရား ဉာဏ်တော်နဲ့မှ ရှုနိုင်တဲ့ တရားတွေကိုတော့ ကျနော်တို့ ရှုလို့မရဘူးပေါ့။ အဲဒီလို တရားတွေကိုတော့ သဒ္ဓါတရားနဲ့ပဲ မြတ်စွာဘုရားရဲ့ ဉာဏ်တော်ကို ကြည်ညို ယုံကြည် လိုက်ပါ။ မရှုကောင်းတဲ့ တရားလို့တော့ နာမည်မတပ်လိုက်ပါနဲ့ ရှုနိုင်သမျှ တရား အားလုံးကို နားလည်အောင်သာ ရှုသွားပါ။

ကျနော်ကိုယ်တိုင်လည်း ကြိုးစားဆဲမှာ ဝါသနာအလျှောက် စာရေးဖြစ်နေတာ ပါ။ ဒီလမ်းပေါ်လျှောက်နေတဲ့ မိတ်ဆွေများအားလုံးလည်း အမှန်သိမြင်မှု တရားခိုင်မြဲစွာ ဖြစ်ပါစေလို့ပဲ ဆန္ဒပြုရင်း နိဂုံးချုပ်ပါရစေ။

mgyoe.com

mgyoe.com

## တရားအားထုတ်တယ်ဆိုတာ – အပိုင်း(၁)

ဒီစကားကို ရှင်းဖို့အတွက်က ပညတ်နဲ့ ပရမတ် ရောပြောမှ ရပ့်မယ်။ တကယ့် အဖြစ်မှန်က ပရမတ် နားလည်အောင် သုံးရမှာက ပညတ်။ ဒီလို နှစ်မျိုး ပြောရပါမယ်။ ပညတ်အနေနဲ့ပဲ ပြောရရင်တော့ ရှေးရှေးဆရာများ ဟောခဲ့တဲ့အတိုင်းပဲ ခန္ဓာအရှိနဲ့ ဉာဏ်အသိ ကိုက်အောင် လုပ်တာပါပဲ။ ခန္ဓာအရှိက ဘာလဲဆိုရင် ရုပ်နာမ် ဖြစ်ပျက်။ အနိစ္စ ဒုက္ခ အနတ္တ။ ပုထုဇဉ် ဉာဏ်အသိက ငါသူ ပုဂ္ဂိုလ်သတ္တဝါ လို့ အမှား သိထားတာ။ အဲဒါကို အမှန်အတိုင်း မြင်အောင်ကြိုးစားအားထုတ်တာကို တရား အားထုတ်တယ် ခေါ်တာပါပဲ။

ဒီလိုအားထုတ်ရာမှာ ပထမဆုံးသိဖို့က ပုဂ္ဂိုလ်သတ္တဝါမဟုတ် ရုပ်နဲ့ နာမ်သာ လို့ သိဖို့ပါပဲ။ အကောင်အထည်မြင်ရတဲ့ ရုပ်ရယ် အကောင်အထည်မရှိတဲ့ နာမ်ရယ်ပဲ ရှိတယ်။

- (ရုပ်နဲ့ပတ်သက်ရင် မြတ်စွာဘုရားဟောထားတာကတော့ မဟာဘုတ် လေးပါး သည်လည်းကောင်း မဟာဘုတ်လေးပါးကို မှီ၍ဖြစ်သော ရုပ်အပေါင်းကို လည်း ကောင်း ရုပ်ဟုခေါ်သည်လို့ ဟောထားပါတယ်။ ဒီထဲက မဟာဘုတ်ရုပ်လေးပါး ဆိုတာ ပထဝီ တေဇော အာပေါ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါးဖြစ်ပြီး အကောင်အထည် မရှိပါဘူး။ သူ့ကိုမှီပြီးဖြစ်တဲ့ ရုပ်မှာတော့ အကောင်အထည် သဘော မြင်ရတဲ့သဘောရုပ်တွေပါပါတယ်။ ဒါကြောင့် ဒီနေရာမှာ တရားစအားထုတ် သူအဖို့ ဓာတ်ကြီးလေးပါးကို မရှုနိုင် သေးတာရယ် အကောင်အထည်ရှိတဲ့ မြင်ရတဲ့ ရုပ်ကိုပဲ ကြည့်ပြီးရုပ်နာမ် ခွဲနိုင်တာကြောင့်မို့ အကောင်အထည်မြင်ရတဲ့ ရုပ်ကို အဓိကထား မြင်သာအောင် ပြောတာပါ။)
- (နာမ်ကတော့ အကောင်အထည် လုံးလုံးမရှိပါဘူး။ မဟာဘုတ် ဓာတ်ကြီး လေးပါး နဲ့ဖွဲ့ စည်းထားတာလည်း မဟုတ်ပါဘူး)။

ဒီလို ရုပ်နဲ့နာမ်သာရှိတယ် ငါ သူတစ်ပါး ယောက်ျားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ ရယ်လို့ မရှိဘူးဆိုတာ သိရင် နာမရူပ ပရိစ္ဆေဒဉာဏ် ခေါ်တဲ့ ရုပ်နာမ်ကို ခွဲခြားသိသော ဉာဏ် ရပါပြီ။ ဒီဉာဏ်ရရင် ကိုယ့်ကိုကိုယ်လည်းရှု တစ်ပါးသူကိုလည်း ရှုပြီး လောကကြီး ဆိုတာ နာမ်ရုပ်တွေပဲ ပုဂ္ဂိုလ်သတ္တဝါမှ မရှိတာ ဆိုတာကို ဆုံးဖြတ်ချက်ချနိုင်တဲ့ထိ ဆင်ခြင်ပါ။ ဒီထက် ထပ်သိဖို့လိုတာကတော့ ရုပ်နဲ့နာမ်ကို ခွဲခြမ်းစိတ်ဖြာလိုက်ရင် ခန္ဓာငါးပါးရပါတယ်။ ခန္ဓာဆိုတာ အစုအပေါင်းဆိုတဲ့ အဓိပ္ပာယ်ပါ။ ရုပ်ကို ရူပက္ခန္ဓာ

mgyoe.com

ဟုခေါ်ပြီး ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်။ နာမ်ကို စိတ်နှင့် စေတသိတ် ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါတယ်။ စိတ်ကို ဝိညာဏက္ခန္ဓာဟုခေါ်ပြီး သိမှုသဘောရှိပါတယ်။ စေတသိတ်ကတော့ သုံးမျိုးရှိပြီး ၎င်းတို့မှာ ဝေဒနာက္ခန္ဓာ ခံစားမှုသဘော၊ သညာက္ခန္ဓာ မှတ်သားမှုသဘော၊ သင်္ခါရက္ခန္ဓာ စေ့ဆော်မှုသဘောတို့ ဖြစ်ပါတယ်။ စေတသိတ် တို့သည် စိတ်နှင့် အမြဲတစေ ယှဉ်၍ဖြစ်ကြပါတယ်။ နာမ်ခန္ဓာလေးပါးသည် တစ်ပေါင်း တည်းဖြစ် တစ်ပေါင်းတည်းပျက် သတ္တိရှိပါတယ်။ လောကတွင် ပုဂ္ဂိုလ် သတ္တဝါ ယောက်ျား မိန်းမ ဟူ၍မရှိ ဆိုခဲ့သော ခန္ဓာငါးပါးသာ ရှိပါသည်။ ကိုယ့်ခန္ဓာကို ကိုယ်ကိုယ်တိုင် ဆင်ခြင်ကြည့် ပါ အကောင်အထည်ရှိသည့် ရုပ်နှင့် သိမှုသဘော နားလည်မှုသဘော၊ ခံစားမှုသဘော ဒုက္ခဝေဒနာ သုခဝေဒနာ ဥပေက္ခာဝေဒနာ၊ မှတ်သားမှု မှတ်မိမှု သဘော၊ စေ့ဆော်မှု သဘော ကာယကံ ဝစီကံ မနောကံ။ အစရှိသဖြင့် ဆင်ခြင်ရန် လိုပါသည်။ ခန္ဓာငါးပါးသာ ရှိသည် ငါ သူ မရှိဆိုသည်ကို အကြိမ်ကြိမ် ဆုံးဖြတ်ချက် ကျသည်ထိ ဆင်ခြင်ပေးပါ။

ဒုတိယအချက်ကတော့ ဒီရုပ်နာမ်ဟာ ဘယ်လိုဖြစ်လာတာလဲ ဘာဆက် ဖြစ်ဦး မှာလဲ ဆိုတာ သိဖို့ပါပဲ။ ရုပ်နာမ် လောကကြီးဟာ တစ်ဦးတစ်ယောက် ဖန်ဆင်း ထားတာ မဟုတ်ပါ။ အရာအားလုံးသည် အကြောင်းကြောင့် ဖြစ်လာသော အကျိုးသာ ဖြစ်ပါသည်။ မိခင်နှင့် ဖခင်တို့သည်လည်း ရုပ်နာမ်ဖြစ်စေသော အကြောင်းတရား များထဲမှ တစ်ခုသာ ဖြစ်ပြီး မိခင်ဖခင်ဆိုသည် အကြောင်းတရား တစ်မျိုးတည်းကြောင့်လည်း မဟုတ်ပါ။ ရုပ်နာမ် ဖြစ်ပေါ်ရသည့် အကြောင်းမှာ အတိတ်ဘဝ စုတိချိန်တွင် သစ္စာလေးပါးကို မသိမှုကြောင့် ပြုလုပ်ခြင်း သင်္ခါရဖြစ်ခဲ့ပါသည်။ ထိုအကြောင်းနှင့် မိခင်ဖခင်တို့ တိုက်ဆိုင် သည့်အခါ ပဋိသန္ဓေဝိညာဏ် ဖြစ်ပါသည်၊ ထိုပဋိသန္ဓေဝိညာဏ် အကြောင်းကြောင့် နာမ်နှင့်ရုပ် ဖြစ်လာရပါသည်။ ယခုဘဝတွင်လည်း သစ္စာလေးပါးကို မသိခြင်း အဝိဇ္ဇာနှင့် နေထိုင်သွားမည်ဆိုလျှင် နောင်တဖန်ဘဝ ထပ်ဖြစ်ဦးမည် ဖြစ်ပါသည်။ ထိုသို့ အဖန်ဖန် ဖြစ်နေခြင်းကို သံသရာ လည်သည်ဟု ခေါ်ပါသည်။

ဘဝဆက်ပုံကို အကြမ်းဖျင်းအားဖြင့် သိပြီးလျှင် လက်ရှိဘဝ ရုပ်နာမ် ခန္ဓာ ဖြစ်စဉ်ကို အကြောင်းအကျိုး သိမ်းဆည်း သိရန် လိုပါသည်။ ငါ သူ မရှိ ရုပ်နာမ်သာ ရှိသည် ထိုရုပ်နာမ်သည်လည်း တစ်ဦးတစ်ယောက် ပြုလုပ်ခြင်းမဟုတ် ပြုလုပ်သူ ခံရသူဟူ၍မရှိ အကြောင်းအကျိုးများ လည်ပတ်နေခြင်းသာ ဆိုသည်ကို သိရန်လို ပါသည်။ ပဋိသန္ဓေ ဝိညာဏ်မှ နာမ်ရုပ် ဖြစ်ရသည်ထိ ပြောပြီးဖြစ်ပါသည်။ ရှေ့ဆက် ပြောမည့် အကြောင်းမှာ လက်ရှိလည်ပတ်နေသော ခန္ဓာဖြစ်စဉ် ဖြစ်ပါသည်။ အဆင့်တိုင်းတွင် ငါသူမရှိဆိုသည်ကို ဆင်ခြင်သိနေဖို့ အရေးကြီးပါသည်။ ဆက်ရလျှင် နာမ်ရုပ် ဖြစ်သောအခါ ဒွါရခြောက်ပါးဟု ခေါ်သော စိတ်ဖြစ်ရာ ခြောက်ပါး သဠာယတန သည် ဖြစ်ပေါ်လာသည်။ ၎င်းတို့မှာ မျက်စိ

နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် နှင့် စိတ် (မနောဒွါရ) တို့ ဖြစ်ပါသည်။ ၎င်း ဒွါရခြောက်ပါး ဖြစ်ခြင်းကြောင့် ၎င်းတို့တွင် အဆင်း အသံ အနံ့ အရသာ အထိအတွေ့ အကြံအစည်တို့က လာရောက် ထိတွေ့မှု ဖဿ ဖြစ်ပါသည်။ ထိုသို့ ထိတွေ့မှု ဖဿကြောင့် ခံစားမှု ဝေဒနာသည် ဖြစ်ပေါ်လာပါသည်။ အထက်မှာပြောခဲ့တဲ့အတိုင်း နာမ်ခန္ဓာလေးပါးသည် တစ်ပေါင်းတည်းဖြစ် သတ္တိရှိသည့် အတွက် ဝေဒနာ ဖြစ်ချိန်တွင် ဝိညာဏ် သညာ သင်္ခါရ တို့ တစ်ပေါင်းတည်း ဖြစ်ကြ ပါသည်။ ထို့နောက် ဖြစ်ပြီးခဲ့သော ဝေဒနာနှင့် သညာ ပေါ် မူတည်၍ လိုချင်မှု တဏှာ၊ ထောင်လွှားမှု မာန နှင့် ငါသူဟု အယူမှားမှု ဒိဋ္ဌိ တို့ ဖြစ်ကြပါသည်။ ၎င်းတို့မှာလည်း ဝေဒနာ ဆိုသည့်အကြောင်းကြောင့် ဖြစ်သော အကျိုးများသာ ဖြစ်ပါသည်။ ထို့နောက် တဏှာမာနဒိဋ္ဌိ အကြောင်းကြောင့် မရမနေ ဆိုသည့် တဏှာ အကြီးစား ဥပါဒါန် ဖြစ်လာပါသည်။ ထိုဥပါဒါန် ပျက်သွားချိန်တွင်တော့ ဥပါဒါန် အကြောင်းကြောင့် ကာယကံ ဝစီကံ မနောကံ တို့ ဖြစ်လာပါသည်။ ထိုအခါ နာမ်ရုပ် ရှိပြီးသား ဖြစ်သော ကြောင့် သဠာယတနတွင် ပြန်ပြီး ထိတွေ့မှု ပြန်ဖြစ်ပြန်ပါသည်။ ဤနေရာတွင် ဝိညာဏ် တစ်နည်း သိစိတ်၌ (ငါ သူ မဟုတ် ငါ သူ ပြုလုပ်ခြင်းလည်း မဟုတ် ငါ သူ လိုချင် ခြင်းလည်း မဟုတ်) အကြောင်းကြောင့် အကျိုးဖြစ်နေသော ခန္ဓာ ဖြစ်စဉ်ပေါ်တွင် ငါလိုချင်လို့ ငါလုပ်တာ ငါခံစားရတယ် ဆို၍ ယူဆမှု နှလုံးသွင်းမှား ထပ်ခါ ထပ်ခါ ဖြစ်၍ ဒိဋ္ဌိကိလေသာ ခေါ်သော အတ္တဒိဋ္ဌိသည် သညာတွင် ကြီးပွားသည်ထက် ကြီးပွား လာသည်။ ၎င်းကို အကြောင်းပြု၍ လိုချင်မှု မာန အစရှိသည်တို့မှာလည်း တိုးပွားနေ သည်သာ ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများကို သိပြီးပါက ရုပ်သည် သိတတ်သည့် သဘော မရှိ စိတ်သည်သာ သိတတ်သည့် သဘောရှိသောကြောင့် ခန္ဓာဖြစ်စဉ်ကို မိမိကိုယ်တိုင် သိရန်အတွက် သတိထား၍ ပညာဖြင့် ကြည့်ရန်လိုအပ်ပါသည်။ ဥပမာ မျက်လုံးနှင့် အဆင်း ထိတွေ့မှု ဖြစ်သောအခါ မြင်စိတ်တစ်ခုပေါ်လာသည် ထိုသို့ မြင်စိတ်ဖြစ်ခြင်းမှာ မျက်လုံးတွင် ဥပေက္ခာဝေဒနာပေါ်ခြင်းပင် ဖြစ်ပါသည်။ ဤနေရာတွင် စကားစပ်၍ ပြောရပါမူ မျက်စိ နား နှာခေါင်း လျှာ စိတ်တွင် ဥပေက္ခာ ဝေဒနာ ပေါ်ပါသည်။ ကိုယ်တွင် ဒုက္ခ သုခ ဥပေက္ခာဝေဒနာ ပေါ်ပါသည်။ အထက်တွင် ပြောခဲ့သည့်အတိုင်း မြင်စိတ်ဖြစ်ခြင်းမှာ မျက်လုံးတွင် ဥပေက္ခာဝေဒနာဖြစ်ပြီး နာမ်ခန္ဓာလေးပါး တစ်ပေါင်းတည်း ဖြစ်ကာ ယခင်မှတ်မိထားသည်များပေါ် မူတည်၍ လိုချင်မှု တဏှာသည် ငါဆိုသည့် ဒိဋ္ဌိနှင့် ယှဉ်တွဲပေါ်ပါသည်။ ထို့နောက် မရမနေ ထပ်ကြည့်ချင်မှုဖြစ်စေ ပြောလိုမှုဖြစ်စေ ကြံစည်လိုမှုဖြစ်စေ ဆိုသည် ဥပါဒါန် ပေါ်လာပါသည် ထို့နောက် ကာယကံ ဝစီကံ မနောကံ ဖြစ်ပါသည်။ တစ်ဖန်ထပ်၍ သဠာယတန တွင် ဖြစ်သည့်

ပေါ်မှုတည်ပြီး အဖန်ဖန် စိတ်တစ်ခုပြီးတစ်ခု ဖြစ်ပြီး ပျက်နေပါသည်။ ထိုစိတ်တွင် လောဘ ဒေါသ မောဟ အလောဘ အဒေါသ အမောဟ ဆိုသည့် တရားများသာ ဖြစ်သည်ချည်း ဖြစ်ပါသည်။ ထို့ပြင် နာမ်ခန္ဓာဆိုသည်မှာလည်း သိမှု သဘော၊ ခံစားမှု သဘော၊ မှတ်သားမှုသဘော၊ စေ့ဆော်မှုသဘော များသာဖြစ်၍ တရားများသာ ဖြစ်ကြပါသည်။ ရုပ်ခန္ဓာဆိုသည်မှာလည်း မဟာဘူတခေါ်သည့် ပထဝီ တေဇော အာပေါ ဝါယော ဆိုသည့် ဓာတ်ကြီးလေးပါး တရားများနှင့် ၎င်းတို့ကို မှီပြီး ဖြစ်သော ရုပ်တရားများသာ ဖြစ်ပါသည်။ ထို့ကြောင့် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း၊ လှုပ်ရှားမှု ကာယကံ ဝစီကံ ဖြစ်တိုင်း ဖြစ်တိုင်း ဘာကြောင့်ဖြစ်ရသည်ဆိုသည့် အကြောင်းတရားကို ဆင်ခြင်ပြီး အကြောင်းကြောင့်အကျိုး ဖြစ်နေသော တရားများသာဟု ဆုံးဖြတ်ချက် ချနိုင်သည်ထိ ကြိုးစား အားထုတ်ရန် ဖြစ်ပါသည်။

ဤအထိဆိုလျှင် ရုပ်တရား နာမ်တရားများ အကြောင်းအကျိုးအတိုင်း ဖြစ်ပျက် နေသည် ငါ သူ ပုဂ္ဂိုလ် သတ္တဝါ မရှိဆိုသည်ကိုကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်ချက်ကျပြီဟု ယူဆပါသည်။ ထို့နောက်တွင်မှ ပစ္စုပ္ပန်တည့်တည့် ကို အာရုံထားပြီး ရှုမှတ်ကြည့်ပါ။ ရုပ်တရား နာမ်တရားများသည် အကြောင်းကြောင့် ဖြစ်ပြီးပျက်သွားသည် ထို့နောက် ၎င်းကပင်လျှင် အကြောင်းအနေဖြင့် နောက်တရားတစ်ခုကို ဖြစ်စေပြန်သည်။ ထို့ကြောင့် ထိုတရားများကို သင်္ခါရတရားများဟု ခေါ်ပါသည်။ ဖြစ်တတ် ပျက်တတ်သောကြောင့် လောကဟုခေါ်ပြီး လောကတွင် ပုဂ္ဂိုလ်သတ္တဝါမရှိ သင်္ခါရတရားများ ဖြစ်ပျက်နေခြင်း သာ ရှိပါသည်။ ထိုသင်္ခါရတရားတိုင်းသည် အမြဲပျက်နေသည် ဖြစ်၍ အနိစ္စ အမြဲမရှိ၊ ခိုင်မြဲသည့်တရားမရှိ။ ငါ သူ ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ အကြောင်းကြောင့် အကျိုးဖြစ်ပျက် နေမှုသာ ဖြစ်သည့်အတွက် ငါဆိုသည်မှာမပါ။ ပိုင်ဆိုင်သူမရှိ သလို ပိုင်ဆိုင်မှုလည်းမရှိ။ တဏှာ မာန ဒိဋ္ဌိ လောဘ ဒေါသ မောဟ ကိလေသာ နှင့် ခန္ဓာငါးပါးတရားများသည် မည်သူ့အလိုကိုမျှ လိုက်သည်မဟုတ် သူ့သဘောသူဆောင်နေခြင်းသာ ဖြစ်သည့်အတွက် အနတ္တ (ငါ သူ မဟုတ်၊ မပိုင်ဆိုင်၊ အစိုးမရ၊ သူ့သဘောသူဆောင်)။ ဒုက္ခ စက်ဆုပ်စရာ အသုံးမကျတာ (လိုချင်မှုတဏှာနှင့် တချို့ ဖြစ်ပျက်မှုများကို အသုံးကျသည်ထင် သော်လည်း တရားများသည် သူ့သဘောသူဆောင်နေခြင်းသာ ဖြစ်၍ ငါသူဆိုသည်မှာ မရှိ၍ စက်ဆုပ်စရာ အသုံးမကျတာ သက်သက်သာ ဖြစ်သည်)။ ဖြစ်ပေါ်လာသည့် ရုပ်တိုင်း စိတ်တိုင်း (တစ်နည်း) သင်္ခါရတရားတိုင်း ကို အနိစ္စ ဒုက္ခ အနတ္တ အနေနှင့် ရှုမှတ်ရန် ဖြစ်ပါသည်။

စာအတန်ငယ် ရှည်လာပြီဖြစ်၍ သတိထားစရာအချက် တစ်ချက်ခန့် ပြောခွင့် ပြုပါ။ တရားအားထုတ်နေပြီးသား ယခုအဆင့်များကို ဖြတ်ကျော်ပြီးသွားသူများမှအပ

ဤစာကို တစ်ထိုင်တည်း ဖတ်သွားပြီး မေ့သွားလျှင်အကျိုးမရှိပါ။ သိသင့်သည်များ ကို မှတ်သားရန်လိုသလို ရှုမှတ်ရန် ပြောထားသည့် နေရာများတွင် စာကိုခဏရပ်ပြီး အမှန်တကယ် ရှုပွါးမှု ပြုလုပ်ရန် လိုပါသည်။ ရှု့ပွားမှု ပြုလုပ်ရာတွင်လည်း မိမိ ကိုယ်ပိုင် ဉာဏ်ဖြင့် ရုပ်နာမ်ဆိုလျှင် ရုပ်နာမ်၊ အကြောင်းအကျိုးတွင် အကြောင်းအကျိုး၊ အနိစ္စ ဒုက္ခ အနတ္တ တွင် အနိစ္စ ဒုက္ခ အနတ္တ ရှင်းရှင်းလင်းလင်း သဘောပေါက်ရန်လိုပါသည်။ အနိစ္စ နှင့် အနတ္တမှာ အဓိက ဖြစ်ပြီး ဒုက္ခကိုတော့ အနိစ္စ အနတ္တပေါ် အမြင်ရှင်းလာ လေလေ သဘောပေါက်လေလေ ဖြစ်ပါမည်။ ရှေ့ဆက်ပါရစေ။

ရှေ့ဆက်ရန်ကတော့ ပြောခဲ့သည့် အနိစ္စ ဒုက္ခ အနတ္တမှ အနိစ္စကို အထူး ရှုမှတ်ရန် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဖြစ်ပျက်ကို ရှုမှတ်ရန်ပင် ဖြစ်ပါသည်။ အထက်တွင်လေ့ကျင့် ရှုမှတ်ခဲ့သည့်အတိုင်း စိတ်ကလေးတစ်ခု ဖြစ်ပြီးပျက်သွား သည်ကို သတိထားပြီး ပျက်သွားသည်ဟု ဆုံးဖြတ်ပေးနေရန် ဖြစ်ပါသည်။ ဤသည်ကို ဖြစ်ပျက်ရှုသည်ဟု ခေါ်ပါသည်။ မြင်စိတ် ကြားစိတ် နံစိတ် အရသာခံစိတ် ခန္ဓာ ကိုယ်ပေါ်မှ ဒုက္ခဝေဒနာ သုခဝေဒနာ ဥပေက္ခာဝေဒနာကို ယားနားကောင်းစိတ်၊ တွေးတောကြံစည်စိတ် အစရှိသည့် စိတ်တိုင်း စိတ်တိုင်းကို သတိထား၍ ဖြစ်တိုင်း သိသိပေး ပျက်တိုင်း သိသိပေးနေဖို့ ဖြစ်ပါသည်။ ဤနေရာသည် အဓိက အကျဆုံးသော နေရာ ဖြစ်ပါသည်။ အထက်တွင်ပြောခဲ့သည့်အတိုင်း စိတ်တိုင်းကို သင်္ခါရတရားများ ဖြစ်သည်။ သဗ္ဗေ သင်္ခါရာ အနိစ္စာ ဆိုသည့်အတိုင်း သင်္ခါရတရားများ ဖြစ်ပြီးပျက်နေ သည်ဟု အမှန်အတိုင်း မြင်ရန် ဖြစ်ပါသည်။

ဤသို့ ရှုပွားနေခြင်းသည် အမှန်အတိုင်းသတိထားခြင်း သမ္မာသတိ၊ အမှန် သိမြင်ရန်အားထုတ်မှု သမ္မာဝါယမ၊ တခြားစိတ်မသွားပဲ ဖြစ်ပျက်အပေါ်တွင် တည်ကြည်စွာ ရှုမှတ်နေမှု သမ္မာသမာဓိ၊ အမှန်အတိုင်းကြံစည်မှု သမ္မာ သင်္ကပ္ပ၊ ဖြစ်ပျက်နေသည် မို့ အနိစ္စ၊ ဖြစ်ပြီးပျက်နေတာသာရှိ၍ ငါသူမရှိ အနတ္တ၊ ဖြစ်ပျက်နေခြင်းသည် ဒုက္ခ ဟု အမှန်အတိုင်း ဆုံးဖြတ်ပေးနေခြင်း သမ္မာဒိဋ္ဌိ ဆိုသည် လောကီ မဂ္ဂင်ငါးပါးပင် ဖြစ် ပါသည်။ ဤနေရာတွင် ဖြစ်ပျက်နေမှု အနိစ္စကိုသာ အဓိကထားရှုမှတ်ရန် ဖြစ်ပါသည်။ ထိုသို့ရှုမှတ်ရင်း အပျက်တွေချည်းမြင်လာပြီး ပျက်ပြီး အစားထိုးမှုတစ်ပါး အခြားမရှိ ဆိုသည်ကို သိလာမှသာလျှင် အနတ္တကိုပါ မြင်လာမည် ဖြစ်ပါသည်။ သို့မှသာ ဒုက္ခသည်လည်း ထင်ရှားလာပါမည်။ ဤနေရာတွင် အချိန်အများဆုံးပေးရပါမည်။ မိမိကိုယ်ကို ရုပ်နာမ် ဖြစ်ပျက်သက်သက်သာဟု ကျေနပ်လောက်အောင် ရှုမှတ်ပြီးလျှင် တစ်ပါးသူကိုလည်း ရုပ်နာမ် ဖြစ်ပျက်သက်သက်သာဟု ရှုပါ။ ထိုအခါ ပုဂ္ဂိုလ်သတ္တဝါ ရှာမရတော့ပဲ သတ္တဝါဟု ယူစွဲထားမှုများသည် တကယ်တမ်း ယောကျ်ားမိန်းမ သတ္တဝါများ

မဟုတ်ပဲ သူ့သဘောသူဆောင်နေသည့် အနတ္တ ရုပ်နာမ်ဖြစ်ပျက်များသာဟု ထင်မြင်လာသည်အထိ ရှုရန်လိုပါသည်။ ဘယ်အချိန်ထိ ရှုရမည်နည်း ဆိုလျှင် ထိုဖြစ်ပျက်များကို ပစ္စုပ္ပန်တည့်တည့်တွင် သင်္ခါရ တရားများအဖြစ် ကိုယ်ပိုင်ဉာဏ်နှင့် မြင်ပြီး မုန်းလာပြီး ဆုံးသွားသည်ထိ ရှုရမည်ဖြစ်ပါသည်။ ဖြစ်ပျက်များကို သင်္ခါရ တရားများ အဖြစ်မြင်ပြီး အနိစ္စ နှင့် အနတ္တကို အဆုံးထိမြင်လာပြီး ဒုက္ခ(စက်ဆုပ်စရာ၊ အသုံးမကျတာ) ဟု ဆုံးဖြတ်ပြီး မုန်းသထက် မုန်းလာလျှင် ထိုသင်္ခါရတရားများမှ လွတ်ချင်စိတ် အကြီးအကျယ် ပေါ်လာမည် ဖြစ်ပါသည်။ ထို့နောက်တွင်တော့ အနတ္တကို နားလည်နေပြီ ဖြစ်သည့်အတွက် သူ့သဘောသူဆောင်နေသည်မို့ လျစ်လျူရှုဉာဏ် ရောက်လာမည် ဖြစ်ပါသည်။

ဤအထိသည်ပင် ကလျာဏ မိတ္တကောင်း၏ ကိစ္စဖြစ်ပါသည်။ ကျန်သည့် ဉာဏ်များကတော့ အနတ္တမို့ တရားက ဆောင်သွားမည်ဖြစ်သောကြောင့် ကျနော် စာတွေ့နှင့် မရေးလိုတော့ပါ။ ဤစာကို အပိုင်း(၁)ဟု အမည်တပ်ထားခြင်းမှ ပညတ်သုံး၍ တရားအားထုတ်သည် ဆိုသည့် အကြောင်း ရေးသားထားခြင်း ဖြစ်သောကြောင့် ဖြစ်ပါသည်။ အပိုင်း(၂)တွင်မူ ပရမတ်တရားသက်သက်ဖြင့် ရှင်းပြရန်ကြိုးစားပါမည်။ အပိုင်း(၂)ကိုလည်း ဖတ်ရှုစေလိုပါသည်။ အထက်ပါတရားအားထုတ်နည်းသည် လောကီ မဂ္ဂင်ငါးပါးနှင့် အားထုတ်သော မိုးကုတ်ဆရာတော်ကြီး နိသယျပင် ဖြစ်ပါသည်ဟု ပြောရင်း အပိုင်း(၁) ကို နိဂုံးချုပ်ပါရစေ။

## တရားအားထုတ်တယ်ဆိုတာ – အပိုင်း(၂)

တကယ်တော့ အပိုင်း (၁) က တရားအားထုတ်ဖို့အတွက် လုံလောက်ပါတယ်။ ဒီအပိုင်းကတော့ တရားအားထုတ်တယ်ဆိုတာ ဘာဖြစ်တာလဲဆိုတာကို ပရမတ်အမြင်နဲ့ ပြောပြချင်တာပါ။ ပရမတ်အနေနဲ့ ပြောမှာမို့ ဒိဋ္ဌိပြုတ်သင့်သလောက်ပြုတ်ပြီး ပရမတ်ကို သဘောပေါက်တဲ့တရားအားထုတ်နေသူများအတွက် ပိုအဆင်ပြေပါတယ်။

လောက ဆိုတာ ဖြစ်တတ် ပျက်တတ်လို့ လောကလို့ခေါ်တာပါ။ လောကရယ် လောကအလွန်ရယ် ဆိုပြီး နှစ်မျိုးရှိပါတယ်။ အဲဒီနှစ်မျိုးစလုံးမှာ တရားတွေချည်းသာ ရှိပါတယ်။ လောကမှာ စိတ် စေတသိတ် ရုပ် လို့ခေါ်တဲ့ ပြုပြင်စီရင်ခြင်းကြောင့် ဖြစ်ပြီး ပျက်နေတဲ့ သင်္ခါရ၊ သင်္ခတတရားတွေ ရှိပါတယ်။ အကြောင်းပြုပြင်လို့ ဖြစ်တဲ့အတွက် သင်္ခါရလို့ ခေါ်ပြီး၊ ပျက်စီးတတ်တဲ့အတွက် သင်္ခတလို့ ခေါ်တာပါ။ လောကအလွန်မှာတော့ ပြုပြင်စီရင်ခြင်းမရှိ ဝိသင်္ခါရ၊ ပျက်စီးခြင်းမရှိတဲ့ အသင်္ခတ တရားရှိပါတယ်။ အသင်္ခတ ဝိသင်္ခါရ ဆိုတာကတော့ တရားတစ်မျိုးတည်းဖြစ်ပြီး။ သင်္ခါရကတော့ တရား

ပေါင်းများစွာရှိပါတယ်။ လောကထဲမှာ ရှိနေတာဟာ လူတွေ ပုဂ္ဂိုလ်တွေ သတ္တဝါတွေ မဟုတ်ပဲ သင်္ခါရတရားတွေပါ။ ဒါကြောင့်လည်း သင်္ခါရလောကလို့ ခေါ်ပါတယ်။

(သင်္ခါရတရားဆိုတာ အလွန်ကျယ်ပြန့်ပါတယ်။ သင်္ခါရဆိုတဲ့အမည်ကိုပဲ သုံးမျိုး ခွဲခြားပြီး သုံးပါတယ်။

ပထမဆုံးအသုံးပြုတာကတော့ ကုသိုလ်ကောင်းမှုကို ပြုလုပ်မှု ပုညာဘိ သင်္ခါရ၊ မကောင်းမှု အကုသိုလ်ကို ပြုလုပ်မှု အပုညာဘိသင်္ခါရ၊ အရူပဈာန်တရား အားထုတ်မှု အာနေဉ္ဇာဘိသင်္ခါရ၊ ကိုယ်ဖြင့် ပြုလုပ်မှု (ကာယသင်္ခါရ)၊ နှုတ်ဖြင့် ပြောဆိုမှု (ဝစီသင်္ခါရ)၊ စိတ်ဖြင့် ကြံစည်မှု (စိတ္တသင်္ခါရ) တို့ ဖြစ်ပါတယ်။

ဒုတိယတစ်မျိုးမှာ သင်္ခါရက္ခန္ဓာ ဖြစ်ပါသည်။ သင်္ခါရက္ခန္ဓာကတော့ စေတသိတ်တရား ဖြစ်ပြီး ၎င်းတွင် ပါဝင်သော တရားတို့မှာ တွေ့ထိမှု 'ဖဿ'၊ စေ့ဆော်မှု 'စေတနာ'၊ ကြံစည်မှု 'ဝိတက်'၊ သုံးသပ်မှု 'ဝိစာရ'၊ နှစ်သက်မှု 'ပီတိ'၊ စိတ်၏ တစ်ခုတည်းသော အာရုံရှိသည်၏အဖြစ် 'စိတ္တဿေကဂ္ဂတာ'၊ အစိုးတရ ယုံကြည်မှု 'သဒ္ဓိန္ဒြေ'၊ အစိုးတရ အားထုတ်မှု 'ဝီရိယိန္ဒြေ'၊ အစိုးတရ အောက်မေ့မှု 'သတိန္ဒြေ'၊ အစိုးတရ တည်ကြည်မှု 'သမာဓိန္ဒြေ'၊ အစိုးတရ အပြားအားဖြင့် သိမှု 'ပညိန္ဒြေ'၊ အစိုးတရ စောင့် ရှောက်မှု 'ဇီဝိတိန္ဒြေ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'၊ ကောင်းစွာ ကြံစည်မှု 'သမ္မာသင်္ကပ္ပ'၊ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ ကောင်းစွာ အောက်မေ့မှု 'သမ္မာသတိ'၊ ကောင်းစွာ တည်ကြည်မှု 'သမ္မာ သမာဓိ'၊ မတုန်မလှုပ် ယုံကြည်မှု 'သဒ္ဓါဗိုလ်'၊ မတုန်မလှုပ် အားတုတ်မှု 'ဝီရိယဗိုလ်'၊ မတုန်မလှုပ် အောက်မေ့မှု 'သတိဗိုလ်'၊ မတုန်မလှုပ် တည်ကြည်မှု 'သမာဓိဗိုလ်'၊ မတုန်မလှုပ် အပြားအားဖြင့် သိမှု 'ပညာဗိုလ်'၊ မတုန်မလှုပ် (ကာယဒုစရိုက်စသည်တို့မှ) ရှက်မှု 'ဟိရီဗိုလ်'၊ မတုန်မလှုပ် (ကာယ ဒုစရိုက် စသည်တို့မှ) ကြောက်လန့်မှု 'သြတ္တပ္ပဗိုလ်'၊ မလိုချင်မှု 'အလောဘ'၊ မဖျက်ဆီးမှု 'အဒေါသ'၊ မတွေဝေ မှု 'အမောဟ'၊ မမက်မောမှု 'အနဘိဇ္ဈာ'၊ စိတ် မပျက်စီးမှု 'အဗျာပါဒ'၊ ကောင်းစွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'။ (ကာယ ဒုစရိုက်စသည်တို့မှ) ရှက်မှု 'ဟိရီ'။ (ကာယ ဒုစရိုက်စသည်တို့မှ) ကြောက်လန့်မှု 'သြတ္တပ္ပ'၊ စေတသိက် အပေါင်း (ကိုယ်) ၏ ငြိမ်းချမ်းမှု 'ကာယပဿဒ္ဓိ'၊ စိတ်၏ ငြိမ်းချမ်းမှု 'စိတ္တပဿဒ္ဓိ'၊ စေတသိက်အပေါင်း (ကိုယ်) ၏ လျင်မြန် ပေါ့ပါးမှု 'ကာယလဟုတာ'၊ စိတ်၏ လျင်မြန်ပေါ့ပါးမှု 'စိတ္တလဟုတာ'၊ စေတသိက်အပေါင်း (ကိုယ်) ၏ နူးညံ့မှု 'ကာယမုဒုတာ'၊ စိတ်၏ နူးညံ့မှု 'စိတ္တမုဒုတာ'၊ စေတသိက် အပေါင်း (ကိုယ်) ၏ ခံ့မှု 'ကာယကမ္မညတာ'၊ စိတ်၏ခံ့မှု 'စိတ္တကမ္မညတာ'၊ စေတသိက်အပေါင်း (ကိုယ်) ၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'ကာယပါဂုညတာ'၊

စိတ်၏ အလေ့အကျင့်ရှိမှု (ကျင့်သားရမှု) 'စိတ္တပါဂုညတာ' ၊ ကိုယ်၏ ဖြောင့်မတ်မှု 'ကာယုဇုကတာ' ၊ စိတ်၏ ဖြောင့်မတ်မှု 'စိတ္တုဇုကတာ' ၊ အောက်မေ့မှု 'သတိ' ၊ ကောင်းစွာ အပြားအားဖြင့် သိမှု 'သမ္ပဇည' ၊ ငြိမ်သက်မှု 'သမထ' ၊ အထူးထူး ရှုမြင်မှု 'ဝိပဿနာ' ၊ ချီးမြှောက်မှု 'ပဂ္ဂါဟ' ၊ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် (ရှိ၏)။ ထို့ပြင် ထိုအခါ၌ ဝေဒနာက္ခန္ဓာကို ချန်ထား၍ သညာက္ခန္ဓာကို ချန်ထား၍ ဝိညာဏက္ခန္ဓာကို ချန်ထား၍ (ဆိုအပ်ခဲ့ပြီးသည်တို့မှ) တစ်မျိုးတခြားလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော (ဆန္ဒ, အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ, ကရုဏာ, မုဒိတာ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော) အကြင် နာမ် တရားတို့သည် ရှိကုန်၏။ ထိုအခါ၌ သင်္ခါရက္ခန္ဓာ ဟူသည် ဤသဘောဖြစ်၏။ (ဓမ္မသင်္ဂဏီ)

တတိယတစ်မျိုးကတော့ အကြောင်းကြောင့်ဖြစ်သော အကျိုးတရား သင်္ခါရ တရား ဖြစ်ပါတယ်။ အရာအားလုံးဟာ တရားများသာ ဖြစ်တဲ့အတွက် ပြုပြင်စီရင်သူ ဆိုတာ မရှိပါဘူး။ အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်နေတာပါ။ ဒါကြောင့် အကြောင်းတရားကြောင့် ဖြစ်သောအကျိုးတရား သင်္ခါရဆိုတဲ့ထဲမှာ ရှေ့တွင်ပြောခဲ့သော ပုညာဘိ အပုညာဘိ အာနေဉ္ဇာဘိ ကာယသင်္ခါရ ဝစီသင်္ခါရ မနောသင်္ခါရ ရော သင်္ခါရက္ခန္ဓာ မှာပါတဲ့ တရားတွေရော နောင်ပြောမည့် တရားများရော အားလုံးသော တရားများကို စုပေါင်းပြီး အကြောင်းကြောင့်ဖြစ်သော အကျိုးတရားများ သင်္ခါရ တရားများဟု ခေါ်ပါတယ်။ နောင် အခါမှာ သင်္ခါရတရားလို့ ရည်ညွှန်းပါက ဤ တတိယ သင်္ခါရ အဓိပ္ပာယ်ကို ရည်ညွှန်းတယ်လို့ မှတ်ယူပေးပါ)

လောက အကြောင်းကိုပဲ ဆက်ပြောပါရစေ။ လောကမှာ စိတ် စေတသိတ် ရုပ် တရားများရှိတယ်လို့ ပြောခဲ့ပါတယ်။ အဲဒီတရားတွေဟာ တစ်ခုတည်း မနေပဲ အစုအပေါင်း အနေနဲ့ ဖွဲ့ပြီး ရှိနေပါတယ်။ တည်ရှိနေပုံ သုံးမျိုး ရှိပါတယ်။

ပထမတစ်မျိုးကတော့ ရုပ်ချည်းသက်သက် စုဝေးနေခြင်းပါ။ ရုပ်အစုအဝေးကို ရူပက္ခန္ဓာလို့ခေါ်ပြီး ရုပ်ဆိုတာကတော့ မဟာဘုတ်လေးပါးတို့သည်လည်းကောင်း၊ မဟာဘုတ်လေးပါးတို့ကို မှီ၍ဖြစ်သော ရုပ်အပေါင်းတို့လည်းကောင်း ရုပ်ဟုဆိုအပ် ပါတယ်။ အကောင်အထည်မြင်ရသော ရုပ်ရော အကောင်အထည်မမြင်ရသော ရုပ်ရော ပါပါတယ်။ ရုပ်ဟာ အကောင်အထည်မြင်ရပေမယ့် အသေးစိတ် စိတ်ပိုင်းကြည့် လိုက်မယ်ဆိုရင်တော့ ပြောခဲ့တဲ့အတိုင်း မဟာဘုတ်လေးပါးမှ အစပြုလာတာဖြစ်တဲ့ အတွက် ပထဝီ တေဇော အာပေါ ဝါယော ဆိုသည့် သဘောတရားများကို အခြေခံ ပါတယ်။ အကောင်အထည် ဒြပ်ထုသဘော မရှိပါဘူး။ ရုပ်ဟာဖောက်ပြန်ပျက်စီးတဲ့

mgyoe.com SAMPLE BOOK

သဘောရှိပါတယ်။ ဒီလိုမျိုးစုဝေးမှုဟာလည်း အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားပဲ ဖြစ်ပါတယ်။ ထို့ကြောင့် ရုပ်တရားဟာလည်း သင်္ခါရတရားပါ။

ဒုတိယတစ်မျိုးကတော့ နာမ်အစုအဝေး လေးပါးသက်သက် စုဝေးနေခြင်းပါ။ အဲဒါကို နာမ်ခန္ဓာလေးပါးလို့ ခေါ်ပြီး သညာဆိုတဲ့ မှတ်မိတဲ့ မှတ်သားတဲ့ သဘော၊ ဝိညာဏ် ဆိုတဲ့ သိမှုသဘော၊ ဝေဒနာဆိုတဲ့ ခံစားမှုသဘော (နာမ်ချည်းသက်သက်မို့ သုခဝေဒနာ ဒုက္ခဝေဒနာ မရှိပါဘူး၊ ဥပေက္ခာဝေဒနာ၊ သောမနသ ဒေါမနသ ပဲ ရှိပါတယ်)။ နာမ်ဆိုတာ ဓာတ်ကြီးလေးပါးနဲ့ ဖွဲ့စည်းတာလည်းမဟုတ် အကောင်အထည်လည်း လုံးလုံး မရှိပါဘူး။ နာမ်ခန္ဓာဆိုတာ နာမ်တရားများ အစုအဝေး ဖြစ်ပါတယ်။ နာမ်တရားများဟာလည်း အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားများ သင်္ခါရတရားများပါ။

တတိယ တစ်မျိုးကတော့ ရုပ်ခန္ဓာရော နာမ်ခန္ဓာလေးပါးပါ စုဝေးနေခြင်းပါ။ အဲဒါကတော့ ခန္ဓာငါးပါးအစုအဝေးလို့ ခေါ်ပါတယ်။ ခန္ဓာငါးပါး ရုပ်တရား နာမ်တရား ဖြစ်လာတဲ့ အခါမှာ သဠာယတနခေါ်တဲ့ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုတဲ့ ဒွါရတွေ ဖြစ်လာပါတယ်။ အဲလို ဒွါရတွေ ရှိတဲ့အခါမှာ အဆင်း အသံ အနံ့ အရသာ အထိအတွေ့ ကြံတွေးစရာ ဆိုတဲ့ အာရုံတရားတွေ နဲ့ ထိတွေ့မှု ဖဿ တရား ဖြစ်လာပါတယ်။ ဒီလိုထိတွေ့မှု ဖြစ်တဲ့အခါမှာ သုခ ဒုက္ခ ဥပေက္ခာ ဆိုတဲ့ ဝေဒနာ တရားဖြစ်ပြီး ဝေဒနာရဲ့ နောက်မှာ တဏှာမာနဒိဋ္ဌိ ဆိုတဲ့ ကိလေသာတရားတွေ ဖြစ်လာပါတယ်။ အဲဒီအခါမှာတော့ တဏှာအကြီးစား ဥပါဒါန်တရား ဖြစ်ပြီး ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရ ဆိုတဲ့ တရားတွေ ဖြစ်ပါတယ်။

ခန္ဓာငါးပါး အစုအဝေးရှိမှသာ သင်္ခါရလောကမှ အသင်္ခတ သို့ ပြောင်းလဲသွားခြင်း ဖြစ်နိုင်ပါတယ်။ ဥပမာ ယခုစာကို ဖတ်ရှုမှုဆိုတာ အထက်မှာ ပြောခဲ့တဲ့ အာရုံ ဒွါရကစတဲ့ ဖြစ်စဉ် ဖြစ်နေခြင်းပါ။ သညာတရားကြောင့် နားလည်သိရှိမှုတရား ဖြစ်တာပါ။ ဒီဖြစ်စဉ်ဟာ အသင်္ခတကို ကူးပြောင်းသွားဖို့ အထောက်အပံ့ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီလို ပြောင်းလဲသွားဖို့ကို တားဆီးပိတ်ပင်နေတာကတော့ ကိလေသာ တရားများဖြစ်ပါတယ်။ အလွယ်ပြောရရင်တော့ လောဘ ဒေါသ မောဟ ဆိုတဲ့ တရားများပါ။ အဓိက လက်သယ်ကတော့ မောဟနဲ့ လောဘ(တဏှာ) ဖြစ်ပြီး မောဟကတော့ အမှန် သိမြင်မှုတရား မဖြစ်ခြင်း၊ အယူမှားတရား ဖြစ်နေခြင်းပါ။ လောဘ(တဏှာ) ဆိုတဲ့ တရားကတော့ ခင်စရာ မင်စရာ အာရုံမှန်သမျှကို ခင်တွယ်ခြင်းပါပဲ။ သင်္ခါရမှ ဝိသင်္ခါရ တစ်နည်း အသင်္ခတကို ပြောင်းလဲသွားတဲ့ ဖြစ်စဉ်ကိုပဲ ပညတ်အနေနဲ့ တရား အားထုတ်

mgyoe.com

တယ်လို့ ပြောရတာပါ။ တကယ်တော့ တရားအားထုတ်သူမရှိတဲ့အတွက် တရားများရဲ့ ဖြစ်စဉ်လို့ပဲ ပြောရပါမယ်။

လောကဟာ သင်္ခါရတရားများသာရှိတဲ့ သင်္ခါရလောကကြီးဖြစ်ပြီး လွတ်မြောက်လိုခြင်း ဆိုတဲ့ သင်္ခါရတရား မဖြစ်ပဲ သင်္ခါရမှ အသင်္ခတသို့ ပြောင်းလဲသွားခြင်းဖြစ်စဉ် မဖြစ်နိုင်ပါဘူး။ ပုဂ္ဂိုလ်သတ္တဝါ မရှိတဲ့လောကကြီးမှာ အကြောင်းအကျိုး တိုက်ဆိုင်တဲ့ အခါမှာ ဒီလောကကြီးအကြောင်း သင်္ခါရတရားများ ဖြစ်ပျက်နေခြင်းသာ ဆိုတဲ့ အကြောင်း သင်္ခါရတရားများသာမို့ ငါ သူတစ်ပါး ပုဂ္ဂိုလ် သတ္တဝါ ယောကျ်ားမိန်းမ အသက်ဇီဝ ဆိုတာ မရှိ၊ တရားများ သူ့သဘောသူဆောင်နေခြင်းသာ ဘာအနှစ်သာရမှ မရှိ ဆိုတဲ့ အနတ္တ ဟု အမှန်မြင်ခြင်းတရား၊ သင်္ခါရတရားများဟာ အမြဲ ဖြစ်ပျက် နေတယ်ဆိုတဲ့ သင်္ခါရတရားရဲ့ သဘာဝ ကိစ္စဟု သိမြင်ခြင်းတရား၊ ဒီလို အမြဲဖြစ်ပျက် နေခြင်းဟာ ဘာမှအသုံးမကျ၊ စက်ဆုပ်စရာ ဆိုတဲ့ ဒုက္ခ ဆိုတဲ့ သိမြင်ခြင်းတရားတွေ ဖြစ်လာမှသာ လွတ်မြောက်လိုခြင်းဆိုတဲ့ သင်္ခါရတရားဟာ အမှန်သိမြင်ခြင်းကို အကြောင်းပြုပြီး ပေါ်ပေါက်လာတာပါ။

နောက်ဆုံးမှာတော့ ခန္ဓာငါးပါးဟာ သင်္ခါရတရားများ အဆက်မပြတ်ဖြစ်ပြီး ပျက်နေခြင်း၊ နှိပ်စက်မှုသက်သက်ဖြစ်ခြင်း၊ ကိလေသာတရားတို့ရဲ့ ပူလောင်မှုကို အမြဲခံနေရခြင်း တို့ကြောင့် စက်ဆုပ်စရာ အသုံးမကျတာ အမှန် ဒုက္ခသစ္စာ ဆိုတာကို သိမြင်ခြင်းတရားဖြစ်လာပါမယ်။ ဒီလိုသိမြင်ရာကနေ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ ကတော့ လိုချင်မှုတရား တဏှာ ဖြစ်တယ်ဆိုတာလည်း သိမြင်လာပါမယ်။ အဲဒီအခါမှာ တော့ ဒုက္ခသစ္စာကို ရှုနေရင်း လောကုတ္တရာမဂ္ဂင်ရှစ်ပါး အကြောင်းပြည့်စုံပြီး ပေါ်လာတဲ့ အခါမှာ လိုချင်မှု သမုဒယသစ္စာ တဏှာကို ဖြတ်ပြီး အေးငြိမ်းရာအမှန် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပါတယ်။

ဒါကတော့ တရားအားထုတ်တယ် ဆိုတာကို ပရမတ် အမြင်သက်သက်နဲ့ ရှင်းပြတာပဲ ဖြစ်ပါတယ်။ ရှင်းပြသူ ဖတ်ရှုသူဆိုတာလည်း တကယ်တော့ မရှိပဲ အားလုံးဟာ သင်္ခါရတရားများ အကြောင်းအကျိုးဖြစ်နေခြင်းသာလို့ ပြောရင်း နိဂုံးချုပ်ပါရစေ။

---

mgyoe.com

mgyoe.com

## ဗုဒ္ဓဘာသာ

ဗုဒ္ဓဘာသာကလေ လူကြိုက်များတဲ့ ဘာသာမဟုတ်ဘူး။ လူတိုင်း ကြိုက်မှာ မဟုတ်ဘူး။ အဲဒါကို လူကြိုက်များပါစေဆိုပြီး ဘာသာဝင်တွေများလာအောင် ကြိုးစားရင် လူတွေအကြိုက် ဖြစ်အောင် ကြိုးစား ဟောပြောရင်လည်း ပျက်မှာပဲ။ မဟာယာန ဖြစ်သွားတဲ့ ပုံစံမျိုးပေ့ါ။ လက်ကို အန္တရာယ်ကင်း ကြိုးချည်ပေးတာတို့ ဘာတို့ အစရှိသဖြင့်ပေ့ါ။ အဲဒါတွေ လုပ်ရင် ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ အားနည်းသွားမှာပဲ။ ကျနော့် အမြင်အရတော့ ဗုဒ္ဓဘာသာဝင်များတာထက် ဗုဒ္ဓသာသနာ တည်တံ့တာကို အားပေးချင်တယ်။ သာသနာတည်တံ့တယ် ဆိုတာ နားလည်အောင်ပြောရရင် အရိယာတွေ များလာတာကို ဆိုလိုတာပါ။ အရိယာများမှာသာလျှင် ဗုဒ္ဓရဲ့အဆုံးအမ အခိုင်အမြဲတည်နိုင်ပါတယ်။

မြတ်စွာဘုရားဟာ လောကီရော လောကုတ္တရာမှာပါ အမြင့်မြတ်ဆုံးသော တရားမင်းပါ။ ဗုဒ္ဓဘာသာ ကိုးကွယ်ခြင်းအားဖြင့် အကျိုးမရှိဘူးလားဆိုတော့ အကျိုးရှိပါတယ်။ လိုက်နာကျင့်သုံးရင် ပိုအကျိုးရှိပါတယ်။ ဒီကမှ ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း ကျင့်ကြံပြီး မဂ်ဖိုလ်ရသွားရင်တော့ အကျိုးအရှိဆုံးပေ့ါ။ ဒါပေမယ့် မြတ်စွာဘုရား တောင်မှ ဘုရားဖြစ်တဲ့အချိန်မှာ လူတွေရဲ့ ကိလေသာထူလွန်းကြောင်းကို သိလို့ သူသိထားတဲ့ တရားတွေကို မဟောတော့ဖို့တောင် စိတ်ကူးခဲ့ပါသေးတယ်။ မြတ်စွာဘုရားနဲ့ သူငယ်ချင်း ဖြစ်ဖူးတဲ့ ဗြဟ္မာကြီးနဲ့ သိကြားမင်းတို့ လာလျှောက်လို့သာ တရားဟောခဲ့တာပါ။ တရားတော်တွေဟာ လွတ်ယုံသက်သက်ဆိုရင်တော့ အခက်ကြီးမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ကိုယ့်ခန္ဓာကိုယ် ကြည့်ရတာပဲလေ။ ပြီးတော့ အမှန်တွေကိုပဲ ဟောထားတာမို့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဖြုတ်ဖို့ ဆိုတာ တရားအရ မခက်ပါဘူး။ ရိုးရိုးလေး စဉ်းစားရင် မင်းမြင်တာ ထင်တာ မှားနေတယ်။ အမှန်က ဒီလို၊ မယုံရင် သတိထားပြီး ပညာနဲ့ စူးစိုက်ကြည့်လိုက်။ လောကကြီးရဲ့ အဖြေဟာ ငါသူ ပုဂ္ဂိုလ်သတ္တဝါမဟုတ် တရားတွေ ဒုက္ခသစ္စာပဲ၊ အဲဒါဖြစ်ရကြောင်းက သမုဒယသစ္စာ၊ အဲဒါကို အမှန် ကို သတိထားပြီး ပညာနဲ့ စူးစိုက်ကြည့်ခြင်းအားဖြင့် လွတ်မြောက်ရာ နိရောဓသစ္စာ ဆိုတာ ရောက်သွားမယ်။ အနှစ်ချုပ်လိုက်ရင် ပြောတာက အဲဒါပါပဲ။ ခက်သလား ဆိုတော့ မခက်ပါဘူး။ ဒါပေမယ့် လူတွေရဲ့ မောဟတွေက ခက်လွန်းအားကြီးတယ်။ ကိလေသာတွေက ထူလွန်းအားကြီးတယ်။ ကိလေသာ မထူတဲ့ခေတ်ဆို အလွယ်လေး သဘော ပေါက်ပြီး သောတာပန်လောက်ကတော့ ဖြစ်သွားကြတာပါပဲ။

mgyoe.com

mgyo.com SAMPLE BOOK
ဒါပေမယ့် ဒီဘက်ခေတ်မှာကျတော့ လူတွေကိလေသာ အရမ်းထူတဲ့ခေတ် ဖြစ်နေပါပြီ။ ပညာနောက်မလိုက်ပဲ ဥစ္စာနောက်လိုက်တဲ့ ခေတ်ဖြစ်နေပါပြီ။ လောဘ စရိုက်တွေ မောဟ စရိုက်တွေများပါတယ်။ အဲဒီတော့ တရားတော်အကြောင်းပြောရင် ကန့်လန့်တွေ ဖြစ်ကုန်တာပါပဲ။ တကယ်ဖြစ်မြောက်သွားတဲ့သူနည်းတယ်။ လူတွေက လိုချင်တာ ပိုက်ဆံချမ်းသာဖို့ ပြီးရင် နာမည်ကြီးဖို့ ပြီးရင် ကိုယ့်လက်အောက်ငယ်သား တပည့်များဆိုတာတွေ ရှိဖို့။ လောကကြီးက တကယ့်ကို စိတ်ပျက်စရာ လောကကြီးကို ဖြစ်နေတာပါပဲ။ ဟီရိဩတ္တပ္ပ ဆိုတာလည်း မရှိတော့ဘူး။ လူတွေမှာတင်မဟုတ် ရဟန်း တွေမှာပါ အလဇ္ဇီတွေ ဒုသီလတွေ များလာတယ်။ အလဇ္ဇီဆိုတာ ဝိနည်းကို သိလျက်နဲ့ ချိုးဖောက်တာ၊ ဒုသီလဆိုတာ ပါရာဇိကကျပြီးလျက်နဲ့ ရဟန်းဝတ်နဲ့ ဆက်နေတာ။ ဒါဟာ အရှက်အကြောက် ကင်းမဲ့လို့ ဖြစ်တဲ့ ကိစ္စပါပဲ။ ဒါပေမယ့်လည်း ဝိမုတ္တိခေတ် ဆိုတဲ့အတိုင်း လွတ်ထိုက်တဲ့ သူတွေကတော့ လွတ်သွားမှာပါပဲ။ အဓိက က လွတ်တဲ့ထဲ ကိုယ်ပါဖို့ စဉ်းစားစေချင်တာပါ။ တချို့က တရားကို အာမခံနဲ့ ပြပေးတာမျိုး သဘော ကျတယ်။ အနတ္တတရား မပိုင်တဲ့တရားပါဆိုမှ အာမခံရမယ် ဆိုတော့ စကတည်းက ယဉ်သကို ဆိုသလို ဖြစ်နေပါတယ်။ အဲလိုလူတွေ လူလိမ် လူညာနဲ့ တွေ့ကြတာများ တယ်။ တရားကို အာမခံနဲ့ ပြပေးနိုင်သူမရှိပါဘူး။ မြတ်စွာဘုရားသော်မှ ကျွတ်ထိုက်တဲ့ သူမှ ချွတ်နိုင်တာပါ။ မဂ်ဖိုလ်ကို အာမခံလို့ မရပါဘူး။

သို့သော် စိတ်ဓာတ်ကျဖို့ မဟုတ်ပါဘူး။ သောတာပန် ဖြစ်ကြောင်းထဲမှာ သစ္စာတရားနာမှုနဲ့ နှလုံးသွင်းမှန်မှုက အဓိကပါပဲ။ အရိယာ သာဝကော ဆိုသလို အရိယာရဲ့ တပည့်သား ဖြစ်ခွင့်ရရင်တော့ ကံကောင်းပါတယ်။ အရိယာ တပည့်သား လုပ်မယ်ဆိုပြီး အရိယာဆီက ရွှေငွေ စည်းစိမ် ရာထူး အာဏာ သို့မဟုတ် အရိယာ ဖြစ်ကြောင်း အာမခံချက်ဆိုတာမျိုး ရှာမယ်ဆိုပြန်ရင်လည်း လွဲဦးမှာပါပဲ။ အရိယာများ ပြောတဲ့ စကားတွေဟာ တန်ဖိုးရှိလွန်းလို့ပြောသမျှကို ကိုယ့်အားကိုယ်ကိုး နားလည်အောင် ကြိုးစား၊ ဆုံးမတာ နာခံ ဒါပဲ လုပ်လို့ရပါတယ်။ ဘယ်သူ ဘယ်လောက်ဟောဟော နှလုံးသွင်းမှန်ဖို့ ဆိုတာ ကိုယ့်ကိစ္စမို့ လွယ်သလားဆိုရင် မလွယ်ဘူးပဲ ပြောရမှာပါ။ ဒါပေမယ့် မြတ်စွာဘုရားဟောခဲ့သလို ဆန္ဒ စိတ္တ ဝီရိယ ပညာ စတဲ့ ပြင်းပြတဲ့ ဆန္ဒ၊ ထက်သန်တဲ့ စိတ်ဓာတ်၊ အလျှော့မပေးတဲ့ လုံ့လဝီရိယ၊ ထက်မြက်တဲ့ ပညာရှိရင်တော့ ကိစ္စပြီးမြောက်နိုင်ပါတယ်။ အဲဒီတော့ အဓိက ကတော့ ဆရာရွေးမမှားဖို့ပါ။ ကျနော် ကတော့ မိုးကုတ်ဆရာတော်ကြီးကိုပဲ ဆရာအဖြစ် ရွေးစေချင်တယ်။ မိုးကုတ်ဆရာ တော်ကြီး တရားတွေ နာစေချင်တယ်။ ပြီးရင် ကျနော်ရေးခဲ့တဲ့ စာတွေလည်း ဖတ်စေ ချင်တယ်။ ဘာလို့လဲဆိုတော့ ကျနော်က မိုးကုတ်ဆရာတော်ကြီး တရားတစ်မျိုးပဲ နာပြီး
mgyo.com

တရားအားထုတ်လာခဲ့တယ်။ အရိယာ ဆရာလည်းရှိတယ်။ ထိုက်သင့်တဲ့ ဉာဏ်စဉ်လည်း ရောက်လာခဲ့တယ်။ ဒီလိုတရားအားထုတ် ဖြတ်သန်းလာရင်းနဲ့ အတွေ့အကြုံရေးဖြစ်တာ ဆိုတော့ ကျနော်နဲ့ သဘာဝတူသူတွေအတွက် မိုးကုတ်ဆရာတော်ကြီး တရားတွေ နာရင်း နားမလည်တာတွေရှိရင် ကျနော့်စာတွေက အကျိုးတစုံတရာ ပေးမယ်လို့ မျှော်လင့်လို့ပါ။ တခြား လက်ရှိမှာ ဆိုရင်လည်း သိသာတဲ့ ဆရာတွေကတော့ ဆရာ ဦးထင်ကျော် (စက်မှုတက္ကသိုလ်)တို့ ခန္ဓာငါးပါး တစ်ဦးတို့ ဆိုရင်လည်း မဂ်ဖိုလ် အကြောင်း တရားအကြောင်း ရေးတာ အင်မတန် ကောင်းပါတယ်။ အဲဒီဆရာတွေရဲ့ စာတွေလည်း ဖတ်ကြည့်ပါ။ ဆရာကောင်းရှာပြီး စွဲစွဲမြဲမြဲ လုပ်သွားရင် အကျိုးရှိမှာပါ။

နောက်ဆုံးပြောနိုင်တာကတော့ တရားနဲ့ပတ်သက်ပြီး ကျနော်ကူညီနိုင် သလောက် ကူညီဖို့ အသင့်ရှိပါတယ်။ မရှင်းတာရှိရင် Page Messenger က ဖြစ်ဖြစ် ကျနော့် Account ကိုဖြစ်ဖြစ် ဆက်သွယ်နိုင်ပါတယ် မေးမြန်းနိုင်ပါတယ် လို့ ပြောရင်း နိဂုံးချုပ်ပါရစေ။ ကျနော့်ကိုလည်း ဓမ္မမိတ်ဆွေအဖြစ်သာ သဘောထားပါလို့ ဖြည့်စွက် ပြောပါရစေ။

## ဗုဒ္ဓသာသနာ

သာသနာနဲ့ ကြုံရတဲ့ တန်ဖိုးကို သာမန်လူတွေ မသိနိုင်ပါဘူး။ တရားတွေနဲ့ ဝေးကွာလေ သဒ္ဓါ ပညာ နည်းလေ မသိလေပါပဲ။ ဒါကြောင့်လည်း အနောက်နိုင်ငံ သွားပြီး လူဖြစ်ရ ကောင်းလေစွ ဆိုတာမျိုး မျှော်မှန်းကြတာပေါ့။ ပြောမယ့် ပြောတာ မဟုတ်ပါဘူး ကြီးပွားတိုးတက်တဲ့ နိုင်ငံတွေမှာလည်း တစ်ခုခုလိုချင် တစ်ခုခုပေး ဆိုသလို အချိန် ကြိုးစားအားထုတ်မှု သောကဗျာပါဒ ဒါမျိုးတွေ ပေးဆပ်ပြီး ကြီးပွား ချမ်းသာမှုနဲ့ လဲယူနေကြရတာပါ။ သာသနာနဲ့ပါ လွဲတဲ့အတွက် သူတို့အတွက် ဘဝ ဆိုတာ လူ့ပြည်ကို အလယ်တစ်ခေါက်လာပြီး လောဘ ဒေါသ မောဟတွေ စုသွားတာ လောက်ပါပဲ။ ဒါနတော့ အထိုက်အလျောက်ပါချင် ပါပါမယ်။ ဒါပေမယ့် ဘာပဲပြောပြော သံသရာက လွတ်ကြောင်း အဆုံးအမကောင်း ဖြစ်တဲ့ သာသနာနဲ့တော့ လွဲကြရတာ ပါပဲ။

ကျနော်က ဖရီးသင်ကာ ဘဝက လာတာပါ။ အစွန်းရောက် လစ်ဗရယ်ပါ။ ဒါပေမယ့် အသိပညာကို အလေးထားတဲ့ စိတ်ကလေးတစ်ခုကြောင့် သာသနာရဲ့ အကျိုးကို ခံစားရတာပါ။ ဒါပေမယ့် ကျနော်ဖာသာ ဘယ်လောက်ပဲ ပညာလိုချင်လိုချင် သာသနာနဲ့ လွဲမယ်ဆိုရင် အတ္တဝါဒတွေနဲ့ပဲ ဘဝတစ်ခုအကျိုးမဲ့ပြီးသွားမှာပါ။ မှားယွင်းတဲ့ အယူဝါဒ ကနေ မှားယွင်းတဲ့ အပြုအမူတွေကို ဦးတည်ပြီး ဘဝကူး ကောင်းမှာ မဟုတ်ပါဘူး။

အဲဒီတော့ သာသနာနဲ့ ကြုံရတာသည် အင်မတန် အကျိုး ကြီးတယ် ဆိုတဲ့အကြောင်း ပြောချင်တာပါ။ တန်ဖိုးလည်း ထားတတ်စေချင်မိပါတယ်။

တချို့ကလည်း ဘုရားကို ကျေးဇူးတင်ကြပါတယ်။ သမုတိအရ မှားတယ်လို့တော့ ပြောမရပါဘူး။ သို့သော်တကယ်ကတော့ ကျေးဇူးတင်ရမှာ မြတ်စွာဘုရား အကြိမ်ကြိမ် ဟောခဲ့တဲ့ ဒုလ္လဘတရားပါ။ လက်ရှိဘဝကို တန်ဖိုးထားပြီး နိဗ္ဗာန်ရောက်ကြောင်း အားထုတ်ဖြစ်အောင် ခြေရေဆေးတဲ့အချိန်တိုင်း ဒုလ္လဘတရားကို ဟောကြားတယ်လို့ မှတ်သားဖူးပါတယ်။ ဒုလ္လဘတရားကတော့

- ဘုရားသာသနာတော်နှင့် ကြုံရန်ခဲယဉ်းခြင်း။
- သစ္စာတရားဟောတတ်ပြောတတ်သည့် ကလျာဏမိတ္တဆရာကောင်း သမားကောင်းများနှင့် ကြုံရန်ခဲယဉ်းခြင်း။
- သစ္စာတရား ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်များအား ကြားနာတတ်ရန် ခဲယဉ်းခြင်း။
- နှလုံးသွင်းမှန်ဖြင့် အဆင့်ဆင့် ကျင့်ကြံကြိုးကုတ် အားထုတ်ရန် ခဲယဉ်းခြင်း။
- အကျင့်ကောင်းအကျင့်မြတ်များကို ကျင့်ကြံကြိုးစားအားထုတ်၍ တရား ဓမ္မများဖြင့် ပြန်လည်ပူဇော်ရန် ခဲယဉ်းခြင်း။

တို့ ဖြစ်ပါတယ်။ သဗ္ဗေဓမ္မာ အနတ္တာဆိုတဲ့ အတိုင်း ပုဂ္ဂိုလ်သတ္တဝါမရှိ ဓမ္မတွေသာ ဖြစ်တဲ့အတွက် မြတ်စွာဘုရားဆိုတဲ့ တရားမင်း ဆိုသည်မှာ အကြောင်းအကျိုးတိုက်ဆိုင်ပြီး ဖြစ်လာတဲ့ တရားဖြစ်ပါတယ်။ သာသနာဆိုတာလည်း အကြောင်းအကျိုးတိုက်ဆိုင်ပြီး ဖြစ်တာပါ။ နောက်ဆုံးမိတ်ဆွေ ဒီစာကို ဖတ်ဖြစ်တာသည် ပင်လျှင် အကြောင်းအကျိုး တိုက်ဆိုင်တာပါ။ မိတ်ဆွေလို့ သုံးရပေမယ့်လည်း တကယ်တော့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ အကြောင်းအကျိုးအတိုင်း ဖြစ်ပျက် နေတာပဲ မဟုတ်ပါလား။ ဒါဟာရခဲတဲ့ ဒုလ္လဘတရားနဲ့ ပြည့်စုံနေတာပါ။ ဒုလ္လဘ တရားငါးပါးထဲက နောက်ဆုံး ဒုလ္လဘတရား မရရင်နေပါ ရှေ့လေးပါး ရယုံနဲ့တင် ကိစ္စပြီးနေပါပြီ။

အဲဒီတော့ သစ္စာတရားဟောတတ်တဲ့ မိုးကုတ်ဆရာတော်ကြီးတရားတွေ နာပါ။ ဖေ့ဘွတ်ခ်မှာလည်း သစ္စာတရားတွေ ရှိပါတယ်။ ရှာဖွေဖတ်ရှုပါ။ ဒီဘဝ ဒီခန္ဓာနဲ့ လွတ်အောင် ကြိုးစားလိုက်ပါလို့ တိုက်တွန်းပါရစေ။

---

mgyoe.com

mgyoe.com
SAMPLE BOOK

## မထိန်လင်းနိုင်သည့် သာသနာ

သာသနာဆိုသည်မှာ မြတ်စွာဘုရား၏အဆုံးအမကို ခေါ်ပါသည်။ ယခုခေတ်သည် မြန်မာနိုင်ငံအနေနှင့်ကြည့်ကြည့် တစ်ကမ္ဘာလုံးအနေနှင့် ကြည့်ကြည့် မြတ်စွာဘုရား၏ အဆုံးအမများသည် အယူဝါဒ အသစ်ပေါင်းစုံ လောကီပညာပေါင်းစုံတို့ကြားတွင် ညှိုးနွမ်းနေပါသည်ဟုပဲ ပြောချင်မိပါသည်။

ဘုရားတစ်ဆူ၏သာသနာ နှင့် ကြုံဆုံခွင့်ရခြင်းသည် ရခဲလှသည့် ဒုလ္လဘဖြစ်သည့်တိုင် သောက်ဆေးကို လိမ်းဆေး လုပ်နေကြသလို တလွဲအသုံးချပြီး ဗရမ်းဗတာ ဖြစ်နေကြသည်ကို မြင်ရသည်မှာ အမှန်ပင် စိတ်မကောင်းစရာ ကိစ္စဖြစ်ပါသည်။

တရားတော်အတိုင်း ပြောရမည်ဆိုပါလျှင် ကောင်းရာသုဂတိရောက်ကြောင်း ဒါန နှင့် သီလ ဆိုသည်ပင်လျှင် နူနာရှိသူကို မီးကင်ပေးသကဲ့သို့ပင် ဖြစ်ပါသည်။ ယခုဘဝတွင် နူနာ မပျောက်နိုင်သူများအတွက် ရောဂါမပျောက်သော်လည်း ခဏတာ သက်သာရာ ရစေကြောင်း မီးကင်ပေးရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သာသနာနှင့် ကြုံချိန်တွင် အနည်းဆုံး သီလလောက်တော့ လုံကြဖို့ ကောင်းပါသည်။ သူ့အသက်ကို မသတ်သော မုသားစကားမဆိုသော သူများဥစ္စာ မခိုးသော သူတစ်ပါးသားမယား နှင့် အုပ်ထိန်းသူရှိသော အမျိုးသမီးများကို မစော်ကားသော ကာမဥ္ဆ မှားယွင်းစွာ မကျင့်သော တိုင်းပြည်ဆိုလျှင်ပင် အတော်ကြီးကို ကောင်းမွန်သော လူနေမှုပတ်ဝန်းကျင် လုံခြုံစိတ်ချရသော လူနေမှု ပတ်ဝန်းကျင် ဖြစ်နေပါပြီ။ လူအားလုံးက ဒုစရိုက်အမှု ပြုလုပ်ရမည်ကို ရှက်တတ် ကြောက်တတ်ပါက ဟီရိဩတ္တပ္ပနှင့် ပြည့်စုံသော တိုင်းပြည်ဖြစ်ပါပြီ။ ယခုအခြေအနေမှာမူ အားလုံးသိကြသည့်အတိုင်း ကပြောင်းကပြန် ဖြစ်နေကြသည်မှာ နူနာသည်မှာ အနာသက်သာရန် မီးကင်ဖို့ ပေးသည်ကိုပင် အတင်းငြင်းဆန်ပြီး ခွေးလျှားခြံထဲသို့ အလုအယက်တိုးနေကြသလို ဆိုးသထက် ဆိုးသည့် အပါယ်ကိုသာ သွားကြဖို့ တာဆူနေကြသလို ဖြစ်နေပါသည်။

ထိုကဲ့သို့သောအခြေအနေတွင် ဗုဒ္ဓသာသနာ၏အနှစ်သာရဖြစ်သော အနတ္တတရားဆိုသည့် လောက၏ အလင်း မထိန်လင်းနိုင်ဟု ကျနော်ဆိုသည်မှာ အလွန်ဟု ပြောရမည် မထင်ပါ။ ငါ သူတစ်ပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါမရှိ ရုပ်နာမ်ဖြစ်ပျက်သာ ဆိုသည်မှာ အလွန်ကို ရိုးရှင်းပြီး အမှန်တကယ် သတိထား ပညာနှင့်ကြည့်သူတိုင်း မြင်နိုင်သည် ကိစ္စဖြစ်ပါသည်။ သတ္တဝါဟု ထင်သမျှ အားလုံးသည် အမှန်စင်စစ်အားဖြင့် ရုပ်နှင့်နာမ်များသာ ဖြစ်ကြပါသည်။ အကောင်အထည်မြင်ရသော ရုပ်နှင့် အကောင်အထည်မရှိသော နာမ်များသာ ဖြစ်ကြပါသည်။ ထိုသတ္တဝါများ ပြောသည် ပြုလုပ်သည် ကြံစည်သည် ဆိုသည်မှာ

mgyoe.com

သတ္တဝါဆိုသည့် ပညတ်ကို ဖယ်လိုက်ပါက ရုပ်နာမ်ဖြစ်ပျက်များသာ ဖြစ်သည်ဆိုသည်မှာ အထင်းသား အရှင်းသားပင် ဖြစ်ပါသည်။ သို့သော် ထိုအမြင်မှန်သည် ပတ်ဝန်းကျင်နှင့် ထိတွေ့သည် နှင့် မခိုင်မြဲနိုင်ပဲ လောက၏ မောဟ က ဖုံးလွှမ်းကာ အယူမှားနှင့်သာ အသားကျနေကြမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဘုရား၏အဆုံးအမသာသနာ ဖြစ်သည့် အနိစ္စ ဒုက္ခ အနတ္တ သစ္စာလေးပါး အလင်းတရားများ မထိန်လင်း နိုင်သည့်အခြေအနေ ရှိနေသည်ဟု ဆိုရခြင်း ဖြစ်ပါသည်။ အများနှင့်တစ်ယောက် ဖြစ်နေသည် အခြေအနေ မျိုးတွင် အရိယာ များ နှုတ်ဆိတ်နေကြခြင်းမှာ မဆန်းလှပါ။

သာသနာကို တကယ်ထွန်းလင်းစေလိုပါလျှင် ဘုရားတည် ကျောင်းဆောက်ရုံ မျှဖြင့် မလုံလောက်ပါ။ ဘုရားတည် ကျောင်းဆောက်ရုံမျှဖြင့် ဗုဒ္ဓတက္ကသိုလ်ကြီးများ ဖွင့်ကြရုံမျှနှင့်တော့ အပေါ်ယံသာသနာ အမည်ခံဗုဒ္ဓဘာသာများသာ တိုးပွါးလာပါမည်။ သီလမလုံသည့် ဗုဒ္ဓဘာသာများ ဟီရိဩတ္တပ္ပမရှိသည့် ဗုဒ္ဓဘာသာများ ဝိနည်းကို ပျက်ရယ်ပြုသည့် အလဇ္ဇီသံဃာများတိုးပွားရုံနှင့်တော့ သာသနာအတွက် အကျိုးမများ ဆုတ်ယုတ်ရန်သာရှိပါသည်။ သာသနာအမှန်တယ် ထွန်းလင်းစေဖို့ ရဟန်းသံဃာများမှ အစပြု၍ အရိယာသံဃာများ ဖြစ်ရန်ကြိုးစား အားထုတ်ကြဖို့ လိုပါသည်။ ရဟန်း ဝိနည်းမလိုက်နာနိုင်ပါက ကိုရင်ဝတ်ဖြင့် ဝိပဿနာတရားများကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ထိ ရောက်အောင် အားထုတ်ကြစေလိုပါသည်။

ရဟန်းတော်များကို လျှောက်ထားလိုသည်မှာ စာပေသင်ယူခြင်းသည် သာသနာ ကို ထိန်းသိမ်းစောင့် ရှောက်ခြင်း မည်သော်လည်း မြတ်စွာဘုရား မိန့်ကြားခဲ့သည့် "အရိယာများရှိနေသ၍ အရိယာများမှ နည်းပေးလမ်းပြ၍ အရိယာဖြစ်အောင် ကျင့်ကြံ အားထုတ်သ၍ သာသနာမကွယ်နိုင်" ဆိုသည့် စကားကို ထောက်ပြီး အရိယာများ ဖြစ်ကြ စေဖို့ အရိယာအရေအတွက် များပြားလာပြီး မြတ်စွာဘုရားလက်ထက် တစ်ပြည်လုံး အရိယာများ ဖြစ်ကုန်ကြသကဲ့သို့ လူအများကိုပါ သံသရာလွတ်ကြောင်း နိဗ္ဗာန်သို့ လမ်းပြ ဆုံးမ သယ်ယူ သွားတော်မူကြပါရန် တောင်းပန်လျှောက်ထား လိုပါသည်။ သို့မှသာလျှင် သာသနာ ထိန်လင်းမည် ဖြစ်ပါကြောင်း ပြောရင်း နိဂုံးချုပ် ပါရစေ။

---

mgyoe.com

## ဘာသာရေးမှိုင်း

mgyoe.com
SAMPLE BOOK

ခုခေတ်မှာ ဘာသာရေးမှိုင်းဆိုတဲ့ စကားကို အပြောများကြတယ်။ ဘာသာမှန်သမျှဟာ ဘာသာရေးမှိုင်း သွတ်သွင်းထားတာဆိုတဲ့ အယူအဆနဲ့ ဘာသာမှန်သမျှဟာ အလိမ်အညာတွေ ဂျင်းတွေ ဆိုပြီး ဘာသာကနေ လွတ်မြောက်ဖို့ အယူအစွဲတွေ အကုန်စွန့်ဖို့ ကြိုးစားကြတယ်။ ဒါနဲ့ပတ်သက်ပြီး ဗုဒ္ဓဘာသာကတော့ အမှန်ပါ ကျန်တဲ့ ဘာသာတွေကတော့ အယူမှားတွေ ဂျင်းတွေပါလို့ ပြောရင် တစ်ဖက်သတ်ဆန်တယ်လို့ မြင်ကြဦးမှာပါပဲ။

ဒါနဲ့ပတ်သက်လို့ ပြောရရင် ကျနော်ဘာသာမဲ့၊ ဖရီးသင့်ကာ၊ အစွန်းရောက် လစ်ဘရယ် ဘဝနဲ့ ဘာသာတွေပေါ်မှာ လေ့လာခဲ့ပုံကို ပြောချင်ပါတယ်။ Free Thinker ဆိုတာသည် ဘာသာအယူဝါဒ မှန်သမျှကို စွန့်လွှတ်ထားပါတယ်။ သို့သော် တစ်ယောက် ချင်းစီပေါ်လိုက်ပြီး တချို့က စွန့်ပယ်ပြီး သိပ္ပံပညာမှာတင် ရပ်နေတတ် ကြတယ်။ တချို့ကတော့ အတွေးအခေါ် လွတ်လပ်မှုကို အသုံးချပြီး လောက အမှန်တရား ဆိုတာကို ရှာကြပါတယ်။ ရှာတဲ့အခါမှာလည်း အတွေးအခေါ် အယူအဆ ဘာသာတရား အားလုံးကို လူတွေရဲ့ ကြိုးစားမှု အသီးအပွင့်အဖြစ် လေးစားသမှု ထားပြီး လေ့လာဆန်းစစ်ပါတယ်။ ကျနော်က အဲဒီ ဒုတိယ အမျိုးအစားထဲမှာ ပါခဲ့ပါတယ်။ အတော်ငယ်ငယ်ထဲက စာပေါင်းစုံ ကို ဖတ်ဖြစ်ခဲ့ပါတယ်။ အတွေးအခေါ်မှန် သမျှကို ဖတ်ရတာ တွေးရတာ သဘောကျပါ တယ်။ ဒါပေမယ့် ဗုဒ္ဓဘာသာက စာပေ တွေနဲ့ ပိုရင်းနှီးခဲ့တယ် ဆိုတာတော့ အမှန် တရားပါ။ ဘုရားလောင်း အကြောင်းတွေ ဖတ်ပြီး ဗုဒ္ဓဘာသာကို သဘောကျတဲ့ စိတ် အခံရှိပါတယ်။

တစ်ချိန်မှာတော့ ဒါကိုပါ ပစ်ပယ်ပြီး တခြားဘာသာတွေကိုပါ ညီတူညီမျှထားပြီး လေ့လာဖြစ်ခဲ့ပါတယ်။ ဘသာသာက လူကို ရွေးရတာမဟုတ် လူကသာ ဘာသာကို ရွေးချယ်သင့်တယ်ဆိုတဲ့ အမြင်နဲ့ ဘာသာတွေကို လေ့လာဖြစ်ခဲ့ပါတယ်။ ကျနော် ဘာသာတွေကို ဆန်းစစ်ကြည့်ပုံက ရိုးရှင်းပါတယ်။ ဘာသာရဲ့ အနှစ်သာရနဲ့ သူတို့က ဘာအကျိုးကျေးဇူးရမယ်လို့ ကတိပေးထားသလဲဆိုတာ ကြည့်တာပါ။ ခရစ်ယာန် ဆိုရင် ဘုရားက အားလုံးကို ဖန်ဆင်းတယ်လို့ ပြောထားပါတယ်။ လူက လူကိုမွေးနေတာ တွေ့လျက်နဲ့ ဘုရားဖန်ဆင်းတယ်ဆိုတာ သိပ်သဘာဝ မကျပါဘူး။ စကြဝဠာကလည်း သူ့သဘောသူဆောင်ပြီး ဖြစ်နေတာကို တစ်ဦးတစ်ယောက်က ဖန်ဆင်းတယ် ဆိုတာ သိပ်သဘာဝမကျပါဘူး။ တကယ်ဆို နေအဖွဲ့အစည်းပဲ ဖန်ဆင်း စရာ လိုမှာပေါ့ ကျန်တဲ့ စကြဝဠာဆိုတာကြီးကို ဖန်ဆင်းဖို့မှမလိုတာ အဲဒီတော့ သိပ်အဓိပ္ပာယ် မရှိဘူးပေါ့။

mgyoe.com

အဲဒီကနေပြီး အားလုံးကို ချယ်လှယ်တယ်ဆိုတာလည်း အလကားအလုပ် ရှုပ်တဲ့ ကိစ္စပါပဲ။ နောက်ပြီး ထာဝရဆိုတဲ့ ဘုရားရဲ့ စိတ်သဘောကလည်း အတော် မကောင်းတဲ့ စိတ်သဘောရှိပါတယ်။ အဆုံးသတ်လက်မခံနိုင်မှုကတော့ သူ့ကိုယုံကြည် ရမယ် လက်ခံရမယ် မယုံကြည်လက်မခံရင် ထာဝရ ငရဲသွားရမယ်။ ယုံကြည်ရင်တော့ ထာဝရ သုခဘုံဆိုတဲ့ ကိစ္စဟာ ကျနော့်အတွက် လုံးဝအဓိပ္ပာယ်မရှိတဲ့ ယုံကြည်မှုကို သုခဘုံနဲ့ခြောက် ငရဲနဲ့ခြောက်ပြီး တောင်းတဲ့ ကိစ္စပဲလို့ ရိုးရိုးလေးပဲ မြင်ပါတယ်။ Freethinker သမားဆီက ယုံကြည်မှုကို ဒါမျိုးနဲ့ ဘယ်တော့မှ မရပါဘူး။ နောက်ပြီး ခရစ်ဘာသာသည် နေကို ဘုရားအဖြစ်တင်စားပြီး စိတ်ကူးကောင်းကောင်းနဲ့ ဖန်တီး ထားတဲ့ အယူဝါဒ ဆိုတဲ့ အတွေးအခေါ်ကိုလည်း နားထောင်ဖူးပြီး သဘာဝ ကျတယ်လို့ ထင်ပါတယ်။ ဘာအပြစ်ပဲ လုပ်လုပ် ဝန်ခံလိုက်ရင် ကျေတယ်ဆိုတဲ့ သဘောက အစ အားလုံးမှာ ဘဝင်မကျစရာတွေ ချည်းပါပဲ။ အဲဒီအတွက် သေချာပေါက် ပယ်ရတဲ့ အယူဝါဒ ဖြစ်နေပါတယ်။ ဘာသာရေးဂျင်း ဆိုတာ ခရစ်ယာန်ဝါဒနဲ့တော့ ကိုက်ပါတယ်။

မူဆလင်ဆိုတာကတော့ အထူးပြောစရာမရှိပါဘူး။ ခရစ်ယာန်ဝါဒကိုပဲ လူတော်တစ်ယောက်က ချဲ့ထွင်ပြီး ဘာသာအသစ်တစ်ခုအနေနဲ့ တီထွင်ထားတယ်လို့ပဲ မြင်ပါတယ်။ သူတို့ နှစ်ခုစလုံးရဲ့ အဓိက ပြဿနာက ယုံကြည်မှုကိုပဲ အတင်းတောင်းကြတာပါ။ ယုံကြည်မှုပေးလိုက်ပြီဆိုရင် သူတို့ ပြောချင်သမျှ ပြောတော့မယ် ယုံဆိုတာဟာ လူ့ရဲ့ တွေးခေါ်နိုင်စွမ်းကို အင်မတန် စော်ကားတဲ့ ကိစ္စလို့ပဲ မြင်ပါတယ်။ သူတို့မှာ တူညီတဲ့ နောက်တစ်ချက်က ဘာသာရေးခေါင်းဆောင်ဆိုတဲ့ သူတွေက စည်းမျဉ်းအသစ်တွေ အဆင်သင့်သလိုထုတ်နိုင်တဲ့ ကိစ္စပါ။ လူကိုအရမ်းနှိမ့်ချတဲ့ ဘာသာတွေပါ။

ဟိန္ဒူကတော့ အင်မတန် ရှုပ်ထွေးပါတယ်။ သို့သော် အနှစ်ချုပ်ကတော့ မဟာဗြဟ္မာကြီးနဲ့ ပြန်လည် ပေါင်းဆည်းရေး ဆိုတဲ့ သဘောပါပဲ။ သူကတော့ ဇာတ်လမ်းပေါင်းများစွာပါ။ သူ့ကိုတော့ ရေရေရာရာ မရှိတဲ့ ဘာသာအနေနဲ့ ပဲ မြင်ပြီး မဟာဗြဟ္မာကြီးရဲ့ ဘတစ်ဆင့်နိမ့်ဆိုတဲ့ အယူအဆကို မကြိုက်လို့ ပယ်ပါတယ်။ ဒီ ဘာသာသုံးခုစလုံးက ယုံကြည်မှုကို ဓားပြတိုက်သလို တိုက်ယူဖို့ ကြိုးစားကြပါတယ်။ လုံလောက်တဲ့ အကျိုးအကြောင်း မရှိရင် ဘာကိုမှ မယုံကြည်တဲ့ Freethinker မို့ အဲဒီဘာသာတွေ အကုန်လုံးကို ဘာသာရေးမှိုင်းတွေ ဂျင်းတွေ အဖြစ် သတ်မှတ်ပြီး ပယ်လိုက်ပါတယ်။ ဂျိန်းဘာသာတို့ ဇင် တို့ ဆိုတာတွေလည်း ရှိပါသေးတယ် အဲဒါတွေ ကလည်း မှန်သလိုလိုနဲ့ အနှစ်သာရ သိပ်မရှိလှပါဘူး။ စကားလုံးတွေနဲ့ လှည့်စား ထားတဲ့ သဘောပါပဲ။ စိတ်ငြိမ်းချမ်းမှုဆိုတဲ့ သဘောမျိုးတွေပါ။ သိပ်မခိုင်မာဘူးလို့ပဲ ပြောရပါမယ်။ သိပ်လည်း မတွင်ကျယ်တော့ သူတို့ကိုတော့ အပြစ်မပြောလိုပါဘူး။ ဘာသာရေး ဂျင်းဆိုတဲ့ အဆင့်ထိမရောက်ပါဘူး။

mgyee.com SAMPLE BOOK

mgyoe.com SAMPLE BOOK

တခြားအယူဝါဒတွေ ဖြစ်တဲ့ အမျိုးသားရေးဝါဒတို့ လစ်ဗရယ်တို့ ဖြစ်တည်မှုပဓာနဝါဒတို့ကိုလည်း လေ့လာဖြစ်ခဲ့ပါတယ်။ အဲဒီထဲက ဖြစ်တည်မှု ပဓာနဝါဒနဲ့ အဆုံးစွန် လွတ်မြောက်ခြင်း ကို သဘောကျခဲ့ပါတယ်။

ဗုဒ္ဓဘာသာနဲ့ပတ်သက်လို့ကတော့ နှစ်ပိုင်းရှိတယ်လို့ ပြောရပါမယ်။ ပထမ အပိုင်းကတော့ ဒါန သီလ ဆိုတဲ့ အပိုင်းပါ။ ဒီအပိုင်းကိုပဲ ဟောပြောကြတာ များပါတယ်။ ဘာဝနာဆိုတဲ့အပိုင်းကိုတော့ ဟောပြောသူနည်းပါတယ်။ ဒါန သီလဆိုတဲ့ အပိုင်းနဲ့ ပတ်သက်ရင် ငယ်ငယ်ထဲက ရင်းနှီးခဲ့ပေမယ့် သိပ်ပြီးလေးစား လိုက်နာတာမျိုး မရှိပါဘူး။ ဗုဒ္ဓဘာသာ အခြေခံလို့ပြောရမယ်ထင်ပါတယ်။ ဒီနေရာမှာပါတာတွေ ကတော့ ဟီရိဩတ္တပ၊ ဖြဟ္မစိုရ်တရားလေးပါး၊ သုစရိုက် ဆယ်ပါး၊ ဒုစရိုက် ဆယ်ပါး၊ ငါပါးသီလ၊ ရှစ်ပါးသီလ၊ သာမဏေအကျင့်၊ ရဟန်းအကျင့် တွေပါ။ ဒါတွေ အားလုံးဟာ လူတိုင်း ကျင့်ကြံနိုင်ပါတယ်။ နောက်ဆုံး ဘုရားဖြစ်ဖို့တောင် လူတိုင်း စတင်ကျင့်ကြံနိုင် ပါတယ်။ အဲဒီအတွက် ဗုဒ္ဓဘာသာက စလေ့လာဖြစ်ကတည်းက အနှစ်အသား ရှိတယ်လို့ ခံစား ရပြီး ကျန်တဲ့ ဘာသာတွေထက် အလေးထားခဲ့ပါတယ်။ ဗုဒ္ဓဘာသာကို သဘောကျ တာက အကျိုးအပြစ်ကိုပဲ ဟောထားတာပါ။ ယုံကြည်မှုကို မတောင်းဆို ပါဘူး။ ယုံကြည်မှုကိုလည်း တရားတစ်ခုအဖြစ်ပဲ ဖွင့်ဆိုပြထားတာပါ။ ကျနော့်အတွက် ၂၀၀၇ ကနေ ၂၀၁၇ ထိကြားကာလမှာ ဗုဒ္ဓဝါဒရဲ့ မှန်ကန်မှုကို တစ်စိတ်တစ်ပိုင်း လက်တွေ့ သိမြင်လို့ တစ်စိတ်တစ်ပိုင်း ဗုဒ္ဓဘာသာဝင် လို့ ပြောရမှာပါ။ သို့သော် ယုံကြည်မှုကို အလုံးစုံ ဘယ်လိုနည်းနဲ့မှ မပေးနိုင်တဲ့အတွက် Freethinker အဖြစ်ပဲ ဆက်ရှိနေတယ်လို့ ပြောရမှာပါ။ အဲဒီအချိန်အတွင်းမှာ အတွေးအခေါ်နဲ့ ပတ်သက်လို့ ကျနော် စိတ်ဝင်စား တာဟာ ဘာသာပေါင်းစုံ လူမျိုးပေါင်းစုံက လက်ခံနိုင်မယ့် လောကကို အကျိုးဖြစ်စေမယ့် စံ သတ်မှတ်ချက် တစ်ခု အသစ် တီထွင်ဖို့ စိတ်ဝင်စားခဲ့တာပါ။ ဒါကြောင့်လည်း တတ်နိုင် သလောက် လေ့လာမှုတွေ လုပ်ဖြစ်ခဲ့တယ်လို့ ပြောရပါမယ်။ အစွန်းရောက် လွတ်လပ်ခြင်း ဆိုတာဟာ မူးယစ်ဆေးနဲ့ ပတ်သက်တဲ့ အယူအစွဲတွေ ကိုပါ ဆန့်ကျင်ပြီး လွတ်လပ်စွာ မူးယစ်ဆေး သုံးစွဲခွင့်ရှိတယ်။ စမ်းသပ်ခွင့်ရှိတယ်လို့ ယူဆထားတာပါ။

ဗုဒ္ဓဘာသာဟာ ဘာသာအနေနဲ့သာ ပြောရတာပါ ပညာရှင်အနေနဲ့ ကြည့်ရင် ဘာသာဆိုတာထက် ဝါဒဆိုတဲ့ သဘောဆန်ပါတယ်။ ဗုဒ္ဓဘာသာကို ဘုရားက ဝိဘဇ္ဇဝါဒ၊ အနတ္တဝါဒ အနေနဲ့ ဟောခဲ့တာပါ။ အယူဝါဒတစ်ခုရဲ့ တန်ဖိုးဟာ မှန်ကန်မှု လို့ ပြောမယ် ဆိုရင် ဗုဒ္ဓရဲ့ ဝါဒဟာ အဖိုးမဖြတ်နိုင်တဲ့ ဝါဒဆိုတဲ့ စကားလုံးရဲ့ တန်ဖိုး အမြင့်ဆုံး ဖြစ်တဲ့ အမှန်တရားကို ဟောပြထားတဲ့ ဝါဒပါ။ ဒီကိစ္စဟာ ဒါန သီလ ဆိုတဲ့ ဗုဒ္ဓဘာသာရဲ့ အပေါ်ယံ ပိုင်းမှာ မတွေ့နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ လူတွေရဲ့ အောင်မြင်မှု ကြီးပွားချမ်းသာမှုကို

mgyoe.com

mgyoe.com SAMPLE BOOK

တိုင်းတာတဲ့ စံနှုန်းတွေက လွဲမှားနေလို့ပါ။ ဥပမာ ဒါန လုပ်ရင် သီလစောင့်ထိန်းရင် ဘာအကျိုးတွေ ရတယ်ဆိုတာဟာ ချက်ခြင်းလက်ငင်း အလိုပြည့် လောက်အောင် အကျိုးမပေးပါဘူး။ လူ့သဘာဝက ဒီနေ့လှူ မနက်ဖြန်ထီပေါက် ဆိုတာမျိုး မျှော်လင့်ထားလေတော့(အဲလိုဖြစ်အောင်လည်း ဗုဒ္ဓဘာသာရဟန်းတွေကပဲ အဲလိုဇာတ်လမ်းတွေကို အသားပေးဟောကြတာပါ) ဒါန သီလ မှာ မှန်ကန်မှုကို Free Thinker တစ်ယောက် ကျေနပ်လောက်အောင် သက်သေမပြနိုင်ဘူးလို့ပဲ ပြောရပါမယ်။ ဒါကြောင့်လည်း ခုခေတ်မှာ ဗုဒ္ဓဘာသာ ကိုပါ ဂျင်းအဖြစ် ပြောဆိုနေကြတာပါ။ ဗုဒ္ဓဘာသာက ဟောထားတဲ့ ဓမ္မတွေဟာ တရားမျှတမှုမရှိဘူး ဆိုပြီး ပြောကြ မြင်ကြ တာပါ။ ဒါပေမယ့် ဗုဒ္ဓဘာသာရဲ့ သီလနဲ့ ဆိုင်တဲ့ အပိုင်းကို အားလုံး လိုက်နာကြမယ် ဆိုရင် ကောင်းကျိုးချမ်းသာ ဖြစ်စေမယ်ဆိုတာ ငြင်းစရာမရှိပါဘူး။ မလိုက်နာတဲ့ သူနဲ့တွေ့တဲ့အခါမှာသာ ဗုဒ္ဓဘာသာမှာ ဘယ်လို တုန့်ပြန်ရမယ်ဆိုတာဟာ ကျေနပ်စရာ ကောင်းမနေတာပါ။ ဗုဒ္ဓဘာသာရဲ့ သီလထဲက ငါးပါးသီလမှ မလုံတဲ့သူတွေက ဘာသာရေးခေါင်းဆောင်ဆိုတာမျိုး၊ သာသနာပြုဆိုတာမျိုးတွေ လုပ်လာကြ မုသားတွေ ဖောဖောသီးသီး သုံးလာကြတဲ့ အခါမှာ ဗုဒ္ဓဘာသာပေါ် မြင်တဲ့ အမြင်တွေ ပြောင်းလာ ကြတာပါ။

ဒါပေမယ့် ဗုဒ္ဓဘာသာရဲ့ ဒုတိယအပိုင်း ဖြစ်တဲ့ ဝိဘဇ္ဇ လို့ခေါ်တဲ့ ခွဲခြမ်း စိတ်ဖြာမှု၊ အနတ္တဝါဒ လို့ခေါ်တဲ့ ငါသူတစ်ပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ်သတ္တဝါ မဟုတ် အသက်ဇီဝ မရှိ ဆိုတာနဲ့ သစ္စာလေးပါးကတော့ တော်တော်လေးနက်ပြီး အမှားတွေ ဟောကြတာတွေလည်း ရှိနေတာမို့ ဆရာကောင်းနဲ့တွေ့ဖို့လည်း လိုအပ်ပါတယ်။ ဆရာကောင်းရှာပြီး သေသေချာချာ လေ့လာမယ်ဆိုရင်တော့ ဒီ အနတ္တဝါဒဟာ တခြား ဘယ်အယူအဆ ဘယ်ဘာသာမှာမှ မရနိုင်တဲ့ ခိုင်မြဲတဲ့ အေးချမ်းမှုကို ပေးစွမ်းနိုင် ပါတယ်။ ဗုဒ္ဓဘာသာက တောင်းဆိုတာကတော့ အမှန်ကို လက်ခံဖို့၊ ရိုးသားဖို့ အထူးရိုးသားဖို့နဲ့ ဉာဏ်ပညာ ဝီရိယကို တောင်းဆိုပါတယ်။ ကိုယ်တိုင် ခွဲခြမ်းစိတ်ဖြာ လေ့လာပြီး ကိုယ်တိုင် သိတဲ့အခါမှာမှ ယုံကြည်မှု ဆိုတာဟာ အလိုလို ဖြစ်လာတာပါ။ ဒီတရားတွေကို သိတဲ့သူဟာလည်း အလိုလို သီလ လုံခြုံတဲ့ ဘဝကို ရောက်ပြီး အဆိုး တရားတွေ အားလုံးက ကင်းလွတ်ပြီး လောကီသုခ ကနေ နောက်ဆုံး နိဗ္ဗာန်ဆိုတာကို မျက်မှောက်ပြုသွားနိုင်ပါတယ်။

ဒီတရားတွေနဲ့ ပတ်သက်လို့ကတော့ ၂၀၁၇ ကနေ ဒီနေ့ထိ ကျနော်ကြိုးစားအားထုတ်ရင်းစာတွေလည်းအတော်များများရေးခဲ့ပြီမို့ ဒီစာမှာတော့ မရေးတော့ပါဘူး။ ဒီစာရဲ့ အဓိကရည်ရွယ်ချက်ကတော့ ဘာသာတရားဟာ ဂျင်းပါလို့ ပြောချင်ရင် ဗုဒ္ဓဘာသာရဲ့ အနတ္တဝါဒ ကို သေချာလေ့လာပါစေကြောင်း ဖရီးသင့်ကာများ၊ ဘာသာ

mgyoe.com

မဲ့များ၊ လူငယ်များကို ပြောချင်တဲ့ သဘောပါ။ အစွမ်းကုန် လေ့လာတတ်သူ ယုံကြည်မှု လုံးဝမပေးတတ်သူ တစ်ယောက်အနေနဲ့ ဘယ်လိုမှ ငြင်းဆန်မရတဲ့ အမှန်တရားဟာ ဗုဒ္ဓဘာသာမှာ ရှိပါတယ်။ သာမန်ဘာသာ တစ်ခုအနေနဲ့ သဘောထားလိုက်ရင် နစ်နာစရာတွေ ရှိတယ်ဆိုတဲ့ အကြောင်းလည်း ပြောချင်ပါတယ်။ အနတ္တဝါဒ အပါအဝင် ဗုဒ္ဓဘာသာရဲ့ အနှစ်သာရကို သိဖို့အတွက် ဆရာကောင်းအနေနဲ့တော့ မိုးကုတ်ဆရာတော်ကြီးကို ညွှန်းချင်ပါတယ်။ ဘာသာမဲ့ခဲ့သူချင်း ပြောသလို ပြောရရင် ကျန်တဲ့ ဘုန်းကြီးတွေ ပြောတာတွေ အားလုံး အမှားတွေလို့ ယူဆပြီး မိုးကုတ်ဆရာတော်ကြီး ဟောတာပဲ အမှန်ဆိုတဲ့ အတွေးနဲ့သာ စ လေ့လာလိုက်ပါ။ ဉာဏ်ပညာ ကြီးရင် ကြီးသလောက် မြန်မြန်သဘောပေါက်လာပါလိမ့်မယ်လို့ပဲ ပြောရင်း နိဂုံးချုပ်ပါရစေ။

---

## အခြားဘာသာဝင်များအပေါ် ဗုဒ္ဓဘာသာ၏ သဘောထား

ကျနော်တို့ နိုင်ငံအနေနဲ့ ဗုဒ္ဓဘာသာဝင်တစ်မျိုးတည်းမဟုတ်ပဲ အခြား ဘာသာဝင်များနဲ့ပါ ယှဉ်တွဲနေထိုင်ကြရမယ်ဆိုတာ အမှန်တရားပါ။ ဒီလို ယှဉ်တွဲ နေထိုင်တဲ့ အခါမှာ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ ဘယ်လိုသဘောထားရမလဲ ဆိုတာနဲ့ ပတ်သက်ပြီး နည်းနည်း ပြောချင်လို့ပါ။

ပထမဆုံးအနေနဲ့ မူဆလင် ဘာသာဝင်တွေနဲ့ ပတ်သက်တဲ့ သဘောထားက အရေးကြီးပါတယ်။ မူဆလင် ဘာသာဝင်တွေပေါ် ကျနော်လည်း အရင်က ခါးခါးသီးသီး မုန်းတီးခဲ့ဖူးပါတယ်။ ဒါဟာတကယ်တော့ ဗုဒ္ဓဘာသာဝင်တစ်ယောက် လိုက်နာသင့်တဲ့ အကျင့်တရားကို မလိုက်နာဘဲ အလကားသက်သက် အသုံးမကျတဲ့ သဘောထား သေးသိမ်မှုပါ။ ဘာသာရေးဖက်က အရင် ပြောပါ့မယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး ဗုဒ္ဓဘာသာဝင်တစ်ယောက် ကျင့်ကြံသင့်တဲ့ တရားတွေကို ကောင်းကောင်းမသိနားမလည်တဲ့ သူတွေဟာ မူဆလင်နဲ့ပတ်သက်ပြီး မုန်းတီးကြပါတယ်။ ဒါဟာတကယ် မကောင်းတဲ့ ကိစ္စပါ။ တကယ်တော့ မူဆလင် ဘာသာဝင်များဟာ မိစ္ဆာဒိဋ္ဌိပါ။ အယူမှားနေတယ်လို့ ပြောရမှာပါပဲ။

ဗုဒ္ဓဘာသာဝင်များအနေနဲ့ မူဆလင်ကို မုန်းတီးကြတဲ့ ထဲမှာ အဓိက အချက်တွေက နွားသတ်တာရယ်၊ မိန်းမလေးယောက်ယူတာရယ်၊ ဗုဒ္ဓဘာသာဝင်တွေ အထူးသဖြင့် မိန်းမတွေကို ယူပြီး မူဆလင်ဘာသာထဲ သွတ်သွင်းတဲ့ ကိစ္စ ငွေပေးပြီး ဘာသာပြောင်းခိုင်းတဲ့ ကိစ္စပါ။

mgyoe.com SAMPLE BOOK

ဗုဒ္ဓဘာသာ အမြင်နဲ့ ပြောရရင် နွားသတ်တဲ့ ကိစ္စက ပါဏာတိပါတာ ကံ ထိုက်ပါတယ်။ အဲဒီထိကတော့ ဗုဒ္ဓဘာသာဝင်တွေလည်း သတ်ကြတာပါပဲ။ နွားသတ် တာနဲ့ ခြင်ရိုက်သတ်လိုက်တာ ပါဏာတိပါတာခြင်း တူတူပါပဲ။ ဒါပေမယ့် ပြဿနာက အဲလို သတ်ခြင်းအားဖြင့် နောင်ဘဝ ကောင်းရာမွန်ရာ ရောက်နိုင်တယ်ဆိုတဲ့ အယူ ကတော့ အပါယ်ကို ကျိန်းသေကျရောက်မယ့် အပြစ်အကြီးဆုံး မိစ္ဆာဒိဋ္ဌိပါ။ ဒီကံဟာ ပဥ္စနန္တရိယ ခေါ်တဲ့ ဘုရားကို သွေးစိမ်းတည်အောင် လုပ်ခြင်း၊ မိဘ ကို သတ်ခြင်း၊ ရဟန္တာကို သတ်ခြင်း၊ သံဃာ သင်းခွဲခြင်း ဆိုတဲ့ ကံထက်တောင် အပြစ်ကြီးပါသေးတယ်။ ဒီလိုကံကို ကျူးလွန်သူတွေပေါ် ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ သနားဂရုဏာ ဖြစ်ဖို့သာ ရှိပါတယ်။ အဲဒီအကြောင်းကြောင့် မုန်းတီးစရာ မရှိပါဘူး။ ဒီကံနဲ့ အသက်ရှင်တာထက် သေသွားတာ မြတ်တယ်ဆိုတဲ့ အတွေမျိုးတော့ ယောင်လို့တောင် မတွေးအပ်ပါဘူး။ အသက်ရှင်နေသ၍ အယူဝါဒပြောင်းပြီး အကောင်းဖက် ရောက်လာနိုင်ပါသေးတယ်။ သူတို့ရဲ့ အဲဒီ အယူမှားက လွတ်အောင် အမှန်တရား ဟောပြောခြင်း တစ်နည်း သာသနာပြုခြင်း ကိစ္စနဲ့ ပတ်သက်လို့တော့ နောက်ပိုင်းမှ သီးသန့်ရေးပါ့မယ်။ နိုင်ငံရေး အရ တစ်နည်း ဥပဒေအရတော့ ဒါကို တားဆီးဖို့ မဖြစ်နိုင်ပါဘူး။ ဥပဒေက တန်းတူညီမျှရှိရမှာမို့ ဗုဒ္ဓဘာသာတွေ သူများအသက် သတ်တာကို မတားပဲ မူဆလင်မှ တားမယ်ဆိုရင် အဓိပ္ပာယ်မရှိပါဘူး။ အဲဒီအတွက် ဥပဒေအနေနဲ့တော့ ဥပေက္ခာပြုထား ရုံပဲ ရှိပါတယ်။

မိန်းမ လေးယောက်ယူတဲ့ ကိစ္စကတော့ မူဆလင်အခြင်းခြင်းမှာကိုပဲ သဘော ထားကွဲလွဲမှု ရှိပါတယ်။ အဲဒီကိစ္စက ဘာသာရေး စစ်ပွဲတွင်းမှာ မူဆလင်လူမျိုး နည်းပါးလာပြီး ဘာသာမပျောက်အောင်ဆိုပြီး ကလေးများများမွေးဖို့ အကြောင်းပြုပြီး ဖြစ်လာတဲ့ အယူအဆပါ။ ဒါကို လိုက်နာကျင့်သုံးတဲ့ နိုင်ငံတွေ ရှိပေမယ့် ပိုက်ဆံ မရှာနိုင်ပဲ မိန်းမလေးယောက်ယူ ကလေးတွေမွေးပြီး ဒုက္ခရောက်ကြတာ အများကြီးပါ။ ရခိုင်က ဘင်္ဂလီတွေဟာလည်း (ရိုဟင်ဂျာ ဆိုတာ လက်မခံပါ) အဲဒီလို ဘာသာရေး အစွန်းရောက်ပြီး ဒုက္ခရောက်ကြတာပါ။ ဒါနဲ့ ပတ်သက်လို့ မိန်းမ တစ်ယောက်ထက် ပိုယူတာ ဗုဒ္ဓဘာသာ အမြင်အရ အပြစ်တော့ မဟုတ်ပါဘူး။ တရားဝင်ယူဖို့သာ လိုတာပါ။ ဗုဒ္ဓဘာသာမှာ မိန်းမအများကြီးယူပြီး ကလေးအများကြီးမွေးတာနဲ့ ပတ်သက်ပြီး အကုသိုလ်ဖြစ်တယ်လို့ မရှိပါဘူး။ သို့သော်လည်း မြတ်စွာဘုရားကတော့ တစ်လင် တစ်မယား စနစ်ကို ထောက်ခံ မိန့်ကြားထားမှု ရှိပါတယ်။ တရားအနေနဲ့ ပြောရရင် ကာမဂုဏ် အလွန်အကြူးခံစားတာကို ဗုဒ္ဓဘာသာက အားမပေးတဲ့အတွက် တစ်လင် တစ်မယားစနစ်က ပိုကောင်းပါတယ်။ ကလေးကတော့ ကိုယ်ကျွေးနိုင်ရင် မွေးချင် သလောက်သာ မွေးပါလို့ပဲ ပြောရပါမယ်။ ဗုဒ္ဓဘာသာအဆုံးအမနဲ့ ကြီးပြင်းခွင့် ရသူ

mgyoe.com

များတာ အဆိုးမဟုတ်ပါဘူး။ နိုင်ငံရေး တစ်နည်း ဥပဒေအရ ပြောရင်တော့ လက်ရှိရှိနေတဲ့ မျိုးစောင့် ဥပဒေ ဆိုတဲ့ ဥပဒေကို အပြစ်မမြင်ပါဘူး။ မျိုးစောင့်ဆိုတဲ့ စကားကြီးကိုတော့ အကြောင်းမဲ့ ရန်စသလို ဖြစ်နေလို့ ဖယ်ပစ်သင့်ပါတယ်။ လက်ထပ် ထိမ်းမြားခြင်းဆိုင်ရာ ဥပဒေဆိုလည်း ရတာပါပဲ။ ဒါကတော့ ဥပဒေအနေနဲ့မို့ ဘယ် ဘာသာဝင် မဆို လိုက်နာ ရမယ့် ကိစ္စဖြစ်ပါတယ်။ မူဆလင်ဘာသာရဲ့ အဆုံးအမကို မကျင့်သုံးနိုင်လို့ ဒီဥပဒေကို မလိုက်နာနိုင်ဘူးဆိုရင်တော့ သူ့ပစ္စည်းဥစ္စာပိုင်ဆိုင်မှုနဲ့တကွ နယ်နှင်ဒဏ်ပေးသင့်ပါတယ်။

မြန်မာ မိန်းကလေးကိုယူပြီး သူ့ဘာသာဝင်ဖြစ်အောင် ပြုလုပ်ခြင်း ငွေပေးပြီး ဘာသာပြောင်းခိုင်းခြင်းနဲ့ပတ်သက်လို့ အရင်က ဒေါသထွက်စရာ ကိစ္စလို့ မြင်ခဲ့ဖူးပေမယ့် အခုတော့ အဲလို အယူမရှိပါဘူး။ ဒါဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ကိုယ်ခံအားပေါ်ပဲ မူတည် တယ်လို့ ပြောရမှာပါပဲ။ ဗုဒ္ဓဘာသာရဲ့ ရည်ရွယ်ချက်ဟာ ဘာသာဝင်များဖို့ မဟုတ်ပါဘူး။ သံသရာက လွတ်မြောက်ကြောင်းကို ကြိုးစား အားထုတ်ဖို့ပါ။ ဒါနဲ့ ပတ်သက်လို့ကတော့ ဘာသာရေးအရ ဗုဒ္ဓဘာသာဝင်အမျိုးသမီးတွေကို ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အသိပညာ ငယ်စဉ်ကတည်းက ပေးထားရမှာဖြစ်ပြီး စောင့်လေမျိုးနွယ် ဆိုတဲ့ ကိစ္စမျိုးကတော့ ဘုရားဟောပါ။ နိုင်ငံရေး တစ်နည်း ဥပဒေအရကတော့ ဒီလိုသာသနာပြုပုံမျိုး ကို တားဆီးရပါမယ်။ ဒါနဲ့ ပတ်သက်လို့တော့ သာသနာပြုခြင်း အခန်းမှာရေးပါမယ်။ ဗုဒ္ဓဘာသာဝင် မိန်းကလေးနဲ့ လက်ထပ်ခွင့်ကိုတော့ တာဆီး ပိတ်ပင်ဖို့ ခက်ပါတယ်။ ဒါကြောင့် အဲဒါကိုတော့ ဥပဒေအရ လျစ်လျူရှုထားရမှာပါပဲ။

ဒုတိယ ခရစ်ယာန်နဲ့ ပတ်သက်ပြီးတော့ ပြောရရင်တော့ တခြားနေရာတွေမှာ ပြဿနာအနေနဲ့ ပြောစရာ မရှိပဲ သာသနာ ပြုပုံမှာသာ ပြောစရာ ရှိနေတာမို့ သာသနာ ပြုခြင်းဆိုတဲ့ ကိစ္စမှာပဲ ရေးပါတော့မယ်။

သာသနာပြုခြင်းနဲ့ ပတ်သက်ရင်တော့ သူ့ဘက် ကိုယ့်ဘက် မျှတရပါမယ်။ ကျနော်အနေနဲ့က အရင်တုန်းက အယူအဆအရဆို ဘယ်ဘာသာမှ သာသနာမပြုနဲ့ အဲဒါအကောင်းဆုံးလို့ ယူဆခဲ့ပါတယ်။ ခုတော့ ဘာသာရေးအနေနဲ့ ပြောရရင် ဘာသာ တရားသည် ယုံကြည်ကိုးကွယ်မှုသည် အသိဉာဏ်ပညာပိုင်းဆိုင်ရာ ကိစ္စ ဖြစ်တယ်လို့ ယူဆတဲ့အတွက် အယူဝါဒရေးရာ ပြိုင်ဆိုင်မှုမျိုးကို အားပေးပါတယ်။ ဗုဒ္ဓဘာသာဟာ မှန်ကန်တဲ့ ဘာသာဖြစ်တဲ့အတွက် ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ အတွေးအခေါ် အယူအဆတွေကို ဖြန့်ဖြူးသင့်တယ်လို့ ယူဆပါတယ်။ ဒီနေရာမှာ ပြောခဲ့တဲ့အတိုင်း ဗုဒ္ဓဘာသာသည် ဘာသာဝင်များရေးထက် ကိုယ်တိုင် သံသရာက လွတ်မြောက်ရေးကို အဓိကထားတဲ့အတွက် သံသရာမှ လွတ်မြောက်တော့မယ့် သောတာပန် ဆိုတာမျိုးထိ

ဖြစ်အောင် ကြိုးစားပြီးမှ သာသနာပြုတယ်ဆိုတဲ့ ကိစ္စမျိုး လုပ်သင့်ပါတယ်။ ရဟန်းတွေနဲ့ ပတ်သက်တဲ့ ကိစ္စကိုတော့ မပြောနိုင်တဲ့အတွက် မပြောတော့ပါဘူး။ သို့သော် ဝိနည်း လုံဖို့နဲ့ မြတ်စွာဘုရား သာသနာပြု စေလွှတ်ရာမှာ လိုက်နာရမှာတွေကို လိုက်နာဖို့ လိုအပ်မယ်လို့ ပြောချင်ပါတယ်။ ဥပဒေအနေနဲ့တော့ တန်းတူသာသနာပြုခွင့် ပေးရမှာ ဖြစ်ပြီး ငွေကြေးနဲ့ ဆွဲဆောင်ပြီး သာသနာပြုတာ၊ ပရဟိတနဲ့ ဆွဲဆောင်ပြီး သာသနာပြုတာ၊ အတင်းအဓမ္မဘာသာတွင်း သွတ်သွင်းတာ တွေကို တားဆီးရမှာ ဖြစ်ပါတယ်။

ဒီစာက ဗုဒ္ဓဘာသာဝင်တွေနဲ့ ဘာသာခြားတွေ ကြားထဲက မုန်းတီးမှုတွေ မရှိဖို့၊ မုန်းတီးမှုတွေဟာ အဓိပ္ပာယ်မရှိကြောင်း ကို အဓိက ရည်ရွယ်ပြီး ရေးတာပါ။ ဗုဒ္ဓဘာသာ ပြန့်ပွားစေချင်သူများကိုလည်း အယူဝါဒရေးရာမှာ ပြိုင်ဘက်ကင်းတဲ့၊ ချစ်ခြင်း မုန်းခြင်း ကင်းတဲ့ သောတာပန် အဖြစ်ကို ဖြစ်အောင် ကြိုးစားပြီးမှသာ သာသနာပြုတဲ့ ကိစ္စကို လုပ်ပါလို့ ပြောလိုရင်းပါ။

## အရိပ်ပြပွဲ

ပရမတ္ထ အနတ္တ၊ ဒီစကားဟာ ကျနော့် ဆရာသမားက ဆုံးမတဲ့ စကားပါ။ သူနဲ့ကျနော်ဟာ ဓမ္မမိတ်ဆွေလို့ပဲ ပြောရပါမယ်။ သူက ကျနော့်ထက် အသက် ၂၀ နီးပါး ငယ်ပါတယ်။ တရားဆွေးနွေးဖက် အားထုတ်ဖက်ကနေ သူလည်း ဆရာကောင်း ရသွားတာနဲ့ ပုထုဇဉ်အနွယ်ကို ဖြတ်ပြီး အရိယာနွယ်ဝင် ဖြစ်သွားပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားအခံလေးတွေ ရှိတာမို့ သူအဆင်ပြေသွားတဲ့အကြောင်း ပြောရင်း အဓိက ကျတဲ့အချက်လေးတွေ ကျနော်ကို ပြောပြပါတယ်။ သူပြောတဲ့ထဲက ကျနော့် အတွက် အရေးကြီးတဲ့ စကားက ရှုဉာဏ်ကိုပါ ရှုဖို့ ကိစ္စပါ။ တဏှာခေါ်တဲ့ လိုချင်မှုမှာ ငါစွဲ ကပ်တတ်သလို ရှုဉာဏ်မှာလည်း ငါသိတာ ဆိုပြီး ငါဉာဏ်တက်လာတာ ဆိုပြီး ငါစွဲ ကပ်တတ်ပါတယ်။ သူ့ရဲ့ ရှုဉာဏ်ကိုပါ ပြန်ရှုဖို့လိုတဲ့ စကားကြောင့် ကျနော်အတွက် အများကြီး အကျိုးရှိပါတယ်။ အဲဒါကြောင့် သူမသိပေမယ့် ကျနော်ကတော့ သူ့ကို ဆရာအဖြစ် သတ်မှတ်ပြီး ကိုယ့်ဟာကိုယ် အရိယာ သာဝကော လုပ်လိုက်ပါတယ်။

ဒီနောက်ပိုင်းမှာတော့ အပေါ်က ပြောခဲ့တဲ့စကား ပရမတ္ထ အနတ္တပဲ ဆိုပြီး ပြောပါတယ်။ ကျနော့်တစ်ခုခုနားလည်လာရင် တခြားသူတွေ နားလည်အောင် ပြန်ပြောပြချင်စိတ် ရှိပါတယ်။ အဲဒါကြောင့်လည်း စာတွေ ရေးဖြစ်နေတာပါ။ ပရမတ္ထ အနတ္တ ဆိုတာကတော့ ပရမတ္ထတရားများဖြစ်တဲ့ စိတ် စေတသိတ် ရုပ် နိဗ္ဗာန်သာ ရှိပြီး

mgyoe.com

mgyoe.com SAMPLE EBOOK

အားလုံးဟာ အနတ္တလို့ ပြောတာပါ။ ဒါကို ဉာဏ်သက်ဝင်နိုင်ရင် စွဲထားတဲ့ အစွဲတွေ အကုန်ပယ်နိုင်ပါလိမ့်မယ်။ ဒီနေရာမှာ အရိပ်ပြပွဲ ဆိုတဲ့ အကြောင်း ပါလာတော့တာပါပဲ။

အရိယာပုဂ္ဂိုလ်များက လွဲရင် ဒီစာကို ဖတ်မိသူအများစုဟာ ပုထုဇဉ်တွေ ဖြစ်မယ်လို့ပဲ ယူဆရမှာပါပဲ။ ကျနော်ပြောမယ့် အရိပ်ပြပွဲဆိုတာ ရှင်အာနန္ဒာ သောတာပန်တည်စေတဲ့ ရှင်ပုဏ္ဏရဲ့ မှန်တရား နဲ့ သဘောတူတူပါပဲ။ ရှင်ပုဏ္ဏာဟောတာကတော့ ငါဆိုတဲ့ အထင်မှားမှု တရားဟာ မှန်ရှေ့သွားရပ်လို့ မြင်ရတဲ့ အရိပ်လိုပါပဲ။ အရိပ်ကို ကိုယ်လို့ ဆိုလို့ မရပါဘူး။ ကိုယ်မပါပဲလည်း အရိပ်ဆိုတာ မဖြစ်ပါဘူး။ အဲလိုပဲ ငါဆိုတဲ့ အထင်မှားမှု ဒိဋ္ဌိဟာ ခန္ဓာငါးပါးပေါ် မှီပြီး ဖြစ်ရတာပါ။ ရုပ်ကို ငါလို့ ထင်ချင်ထင်မယ်။ ဝေဒနာကို ငါလို့ ထင်ချင် ထင်မယ်။ ဝိညာဏ်ကို ငါလို့ ထင်ချင်ထင်မယ်။ သညာကို ငါလို့ ထင်ချင်ထင်မယ်။ သင်္ခါရဆိုတဲ့ စေတနာကို ငါလို့ ထင်ချင် ထင်မယ်။ ခန္ဓာငါးပါး ပေါ် အမှီပြုပြီး ငါဆိုတဲ့ အတွေးပေါ်တာပါပဲ။ ဒါကြောင့် တကယ်ရှိတာက ခန္ဓာငါးပါး။ ခန္ဓာငါးပါးပေါ် မှီပြီးဖြစ်တာက ဒိဋ္ဌိလို့ ပြောတာပါ။ တစ်နည်းအားဖြင့် ဒိဋ္ဌိဟာ အရိပ်ပါပဲ။

ပုထုဇဉ်တွေဟာ အရိပ်ပေါ်မှာ မပြီးနိုင်မစီးနိုင်လည်နေကြတာပါပဲ။ တကယ်တမ်း စဉ်းစားကြည့်ရင် အားလုံးဟာ ခန္ဓာငါးပါး ဖြစ်ပျက်တွေပါ။ ဒီခန္ဓာငါးပါး ဖြစ်ပျက်တွေကိုပဲ ငါ သူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ ထင်ပြီး အရိပ်နဲ့ လုံးလည်ချာလည်လိုက်နေတာပါပဲ။ တကယ့်အရှိ ခန္ဓာငါးပါး သင်္ခါရတရားရဲ့ အဆက်မပြတ် ဖြစ်ပျက်နှိပ်စက်နေမှု၊ ကိလေသာတို့ရဲ့ ပူလောင်မှု တို့ကို မမြင်နိုင်အောင် မောဟက ဖုံးလွှမ်းပြီး တဏှာအကြိုက်ကလေးများဖြစ်ရင် ပြုံးပြုံး ပြုံးပြုံးနဲ့ ပျော်တောင်မှ ပျော်လိုက်ပါသေးတယ်။ အရိယာများအမြင်မှာတော့ စက်ဆုပ်စရာ တရားတွေချည်းပါပဲ။

ကိုယ့်သား ကိုယ့်သမီး ကိုယ့်မိဘ ကိုယ့်ဆွေမျိုး ကိုယ့်ပတ်ဝန်းကျင် ဆိုတာကို သတိထားပြီး ကြည့်လိုက်ပါ။ တကယ်တော့ ဖြစ်ပျက်နေတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေချည်းပဲ မဟုတ်ပါလား။ စကားပြောတယ်ဆိုတာလည်း တကယ်တော့ ရုပ်ဖြစ်ပျက်ပဲ မဟုတ်ပါလား။ လှုပ်ရှားမှုဆိုတာလည်း ရုပ်ဖြစ်ပျက်ပဲ မဟုတ်ပါလား။ စိတ်ဖြစ်ပျက် ဖြစ်တဲ့အခါမှာလည်း ရုပ်ဖြစ်ပျက်ဖြစ်တဲ့ မျက်လုံး အရောင်ပြောင်းသွားတာပဲ မဟုတ် ပါလား။ တကယ်ရှိအမှန်ရှိက ရုပ်နာမ် ဖြစ်ပျက်ပါပဲ။ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် မှာ ခံစားမှု ဝေဒနာလေးဖြစ်မယ်။ ဝေဒနာက္ခန္ဓာပေါ့။ အရင်ကြုံဖူးတာ မြင်ဖူးတာ နံဖူးတာ ကြားဖူးတာ ထိတွေ့ဖူးတာ ကြံစည်ဖူးတာတွေကို မှတ်မိစိတ်လေး ပေါ်လာမယ်။ သညာက္ခန္ဓာပေါ့။ ကြိုက်၏ မကြိုက်၏ သူကတော့ ဘယ်လို ဘယ်လို ပြောမှဖြစ်မယ်။ ပြန်မပြောချင်ဘူး။ အစရှိသဖြင့် လိုချင်မှုတဏှာ ထောင်လွှားမှုမာန ငါသူ

mgyoe.com SAMPLE BOOK

အထင်မှားမှု ဒိဋ္ဌိ ဖြစ်ပါတယ်။ ဝိညာဏက္ခန္ဓာပေါ့ (သူကတော့ ဝေဒနာ ဖြစ်တုန်းကရော သညာ ဖြစ်တုန်းမှာရော ပြုလုပ်မှု ကံ ဖြစ်တဲ့အခါမှာရော ပါမှာပါပဲ)။ ပြောကို ပြောရမယ် လုပ်ကို လုပ်ရမယ် ဆိုတဲ့ စိတ်ကတော့ ဥပါဒါန်ပေါ့။ အဲဒီနောက်တော့ ကာယကံ ဝစီကံ မနောကံ ဖြစ်တော့တာပါပဲ။ သင်္ခါရက္ခန္ဓာပေါ့။ ဒီတော့ ဖြစ်ပျက်နေတာက ခန္ဓာငါးပါး တွေပဲ မဟုတ်ပါလား။ ငါသူ ယောက်ျားမိန်းမ ပုဂ္ဂိုလ် သတ္တဝါ ဆိုတာ ပါမှ မပါတာ။ အဲဒီ ငါသူ အစရှိတဲ့ အထင်ဟာ တကယ် မရှိတဲ့ အရိပ်တွေပါပဲ။

ပုထုဇဥ်ဘဝဟာ တကယ်တော့ အရိပ်ပြပွဲ ကြီးပါပဲ။ မရှိတဲ့ ငါ သူ ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ ဆိုတဲ့ အထင်၊ အရိပ်တွေပေါ်မှုတည်ပြီး မဆုံးနိုင်တဲ့ ချစ်မှု ခင်မှု မုန်းတီးမှု စက်ဆုပ်မှု ရွံ့ရှာမှု ကြည်ညိုမှု လေးစားမှု အစရှိတဲ့ သင်္ခါရတရားတွေဟာ ဒိဋ္ဌိဆိုတဲ့ ကိလေသာ ကြောင့်မဆုံးနိုင်အောင် ဖြစ်နေတော့တာပါပဲ။ သင်္ခါရတရား တိုင်းဟာ အနိစ္စ ဒုက္ခတွေ ဖြစ်တဲ့အပြင် ရုပ်တရား နာမ်တရား သင်္ခါရတရား ရှိနေ ဖြစ်နေသ၍ အိုနာသေ ဒုက္ခကလည်း မလွတ်နိုင်ပါဘူး။ ချစ်ခင်တဲ့သူနဲ့ ကွေကွင်းရခြင်း၊ မချစ်မနှစ်သက် သောသူနဲ့ ပေါင်းဖက်ရခြင်း ဆိုတဲ့ ဒုက္ခကလည်း မလွတ်နိုင်ပါဘူး။ ဒီဒုက္ခတွေဟာ တဏှာ ဖန်တီးထားတာ အမှန် ဖြစ်ပေမယ့်။ အရိပ်ပြပွဲမှာ မျောနေအောင် စွမ်းဆောင်ထားတဲ့ ဒိဋ္ဌိ ရှိနေသ၍ တဏှာကို အပြစ်မြင်နိုင်မှာ မဟုတ်ပါဘူး။

ဒီတော့ ဒီသံသရာက လွတ်ဖို့ ဆိုရင် အရိပ်ပြပွဲကနေထွက်ဖို့ လိုပါတယ်။ အရိပ်ပြပွဲမှာ မျောမနေဖို့ လိုပါတယ်။ ဒီလို ပတ်စာခွာ ဖျာသိမ်းဖို့ အတွက်ကတော့ အားလုံးဟာ ရုပ်နာမ် ပရမတ္ထ တရားတွေသာ ဖြစ်တယ် ဆိုတာနဲ့ တရားမှန်သမျှ အနတ္တ (ငါ သူတစ်ပါး ယောက်ျားမိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ်၊ ပိုင်ဆိုင်မှု မရှိ၊ သူ့သဘော သူဆောင်နေခြင်းသာ) လို့ မြင်ရပါမယ်။ ဒီစာတစ်ပုဒ်ထဲနဲ့တော့ အကျင့်တရားပါ ပါအောင် မရေးနိုင်ပါဘူး။ အကျင့်တရားအတွက်တော့ အရင်စာတွေ ဖတ်ကြည့်ဖို့ တိုက်တွန်း ပါရစေ။ ဒီစာကတော့ အားလုံးဟာ ပရမတ္ထ တရားများ အနတ္တသာလို့ သိဖို့ အတွက်ပါ။ ဒိဋ္ဌိကို ပယ်ခွါပြီး ပရမတ်ဆိုက်အောင် မြင်နိုင်ကြပါစေလို့ ဆန္ဒပြုပါတယ်။

---

mgyoe.com

## အဓိပ္ပာယ်ပျောက်ဆုံးသွားသော စကားလုံးများ

mgyoe.com SAMPLE BOOK

အတ္တဒိဋ္ဌိကို ပယ်ခွာဖို့ ဆိုတာ ကိုယ်က ကြိုးစားရတာမဟုတ်ပါဘူး။ အနိစ္စ ဒုက္ခ အနတ္တ ဆိုတဲ့ သမ္မာဒိဋ္ဌိ အမြင်မှန်ဖြစ်လာချိန်မှာ အမြင်မှား ဆန့်ကျင်ဖက်တရား တွေဟာ သူ့သဘောသူဆောင်ပြီး ပျောက်ကွယ်ကုန်တာပါ။ တရားအားထုတ်တယ်လို့ ပြောစရာမရှိတော့ပါဘူး။ အရာအားလုံးဟာ ဓမ္မတွေ တစ်နည်း တရားတွေ ဖြစ်ပြီး ဒီတရားတွေအားလုံးဟာ သင်္ခါရတရားတွေပါ။ အကြောင်းကြောင့် ဖြစ်တဲ့အကျိုးတရား ဖြစ်ပြီး သူကပဲ အကြောင်းအနေနဲ့ နောက်တရားတစ်ခုကို ဖြစ်စေပြန်ပါတယ်။ ဒီတော့ သင်္ခါရတရား –> သင်္ခါရတရား–> သင်္ခါရတရား။ အားလုံးဟာ သင်္ခါရတရားတွေ ဖြစ်ပျက်နေတာ ဖြစ်ပြီး ရုပ်နာမ် လောကကြီးဟာ တကယ်တော့ သင်္ခါရများသာရှိတဲ့ သင်္ခါရ လောကကြီး ဖြစ်ပါတယ်။ လိုချင်မှု အပါအဝင် အားလုံးဟာ သင်္ခါရတရားများသာ ဖြစ်တဲ့အတွက် ငါ သူ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါမဟုတ် အသက်ဇီဝမရှိ သူ့ သဘောသူဆောင်နေတဲ့ အနတ္တပါ။ အဲဒီလိုဆင်ခြင်မိတဲ့အခါမှာ ရုပ်နာမ်ကို ကြည့်လိုက်ရင် အဆင်း အသံ အနံ့ အရသာ အတွေ့အထိ ကြံတွေးစရာ ဆိုတဲ့ အတိုက်ဓာတ် ခြောက်ပါး ရော၊ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ် ဆိုတဲ့ အခံဓာတ်ခြောက်ပါးရော၊ မြင်စိတ် ကြားစိတ် အနံ့ခံစိတ် အရသာသိစိတ် အထိအတွေ့သိစိတ် အကြံအတွေးဆိုတဲ့ အပွင့်ဓာတ် ခြောက်ပါး ပေါင်း ဓာတ် ၁၈ ပါး ဆိုတာဟာ ငါ သူမပါ ရုပ်နာမ် ဖြစ်ပျက်မို့ အနိစ္စ၊ ဒီ ဓာတ် ၁၈ ပါး တစ်လှည့်စီဖြစ်နေတာသာရှိပြီး ထပ်ခါ ထပ်ခါ ဖြစ်နေတာမို့ စက်ဆုပ်စရာ လည်းကောင်း၊ ဘာမှလည်း အသုံးမကျ သမို့ ဒုက္ခ၊ ဓာတ် ၁၈ ပါးလုံးဟာ ဘယ်သူမှ ပြုလုပ်တာမဟုတ် သူ့သဘောသူဆောင် အကြောင်းကြောင့် ဖြစ်တဲ့ အကျိုး တရားများမို့ သင်္ခါရတရားများ၊ ထို့အတွက် အနတ္တ ဆိုပြီး အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးဟာ ထင်ရှားသည်ထက် ထင်ရှားလာပါတယ်။

ဒီအချိန်မှာ ပညတ် သမုတိသစ္စာ နဲ့ အရိယာ သစ္စာ ဆိုတာတွေဟာ အဓိပ္ပာယ် တွေ ကွဲပြားလာပါတော့တယ်။ ငါ သူ သတ္တဝါ ဆိုတဲ့ စကားလုံးဟာ ပညတ် သက်သက်သာ ဖြစ်ပါတယ်။ ငါ သူ ဆိုတဲ့ စကားလုံးကို အဓိပ္ပာယ်ဖွင့်မယ် ဆိုရင် ပထမ အချက်ကတော့ ကွဲပြားခြားနားမှုကို ညွှန်းဆိုထားပါတယ်။ ဆိုလိုတာက ငါသည် သူနှင့် မတူဆိုတဲ့ သဘောကို ညွှန်းဆိုနေပါတယ်။ ဒါဟာ ပုထုဇဉ်မိုက်တို့ရဲ့ မဟာ အလွဲကြီးပါ။ တကယ်တမ်းတော့ ရုပ်တရားတွေဟာ သဏ္ဌာန် ကွဲကောင်း ကွဲပေမယ့် သဏ္ဌာန်ပညတ် ကို ပယ်လိုက်ရင် မကွဲပြားတဲ့ ရုပ်တရားဘွေပါ။ ဘယ်ရုပ်ပဲ ဖြစ်ဖြစ် ဖောက်ပြန်ပျက်စီး တတ်တဲ့ သဘောရှိတာချည်းပါပဲ။ ဒီလိုပဲ နာမ်ခန္ဓာလေးပါးကလည်း သူ့သဘာဝ

mgyoe.com

SAMPLE BOOK

အတိုင်းသူ ဖြစ်ပျက်နေတာပါပဲ။ လောဘ ဒေါသ မောဟ၊ အလောဘ ဒေါသ အမောဟ ဆိုတဲ့ တရားတွေဟာလည်း ငါ့ဒေါသမို့ တစ်မျိုး သူ့ဒေါသမို့ နောက်တစ်မျိုး မဟုတ်ကြပါဘူး။ အားလုံးဟာ တူညီတဲ့ တရားတွေပါ။ အဲဒီအတွက် လောကကြီး တစ်ခုလုံး ကြည့်လိုက်ရင် မကွာခြားတဲ့ တရားတွေချည်း ဖြစ်ပျက်နေကြတာမို့ ငါ ဆိုတာရော သူဆိုတာရော ဟာ အဓိပ္ပာယ်ပျောက်ဆုံးကုန်ပါတယ်။ ဒုတိယ ငါ သူ ဆိုတဲ့ အဓိပ္ပာယ်က ငါ လုပ်တယ် သူ လုပ်တယ်ဆိုတဲ့ အဓိပ္ပာယ် လို့ပြောရမှာပါ။ အပေါ်မှာ ပြောခဲ့တဲ့အတိုင်း သင်္ခါရလောကကြီးမှာ သင်္ခါရတရားတွေ အကြောင်းအကျိုး ဖြစ်ပျက် နေတာသာ ရှိတာမို့ ပြုလုပ်တယ်ဆိုတာဟာ အသုံးပညတ်သာ ဖြစ်ပြီး တကယ်တော့ သင်္ခါရတရားများ ဖြစ်ပျက်ပါပဲ။ ဓမ္မတွေ ဖြစ်ပြီး ဓမ္မတွေ ပျက်နေတာသာ ရှိတာမို့ ပြုလုပ်တယ်ဆိုတာလည်း မရှိတော့ပါဘူး။ အဲဒီအတွက် ငါ သူ ဆိုတဲ့ စကားဟာ အဓိပ္ပာယ် လုံးလုံး ပျောက်သွားပါတော့တယ်။ သတ္တဝါဆိုတာလည်း ဒီလိုပါပဲ ကွဲပြားခြားနားမှု သဘောရော ပြုလုပ်တယ်ဆိုတဲ့ သဘောရော မရှိတော့တဲ့အတွက် သတ္တဝါ ဆိုတဲ့ စကားလည်း အဓိပ္ပာယ် ပျောက်သွားပါတယ်။ အဲဒီလို ပျောက်သွားတဲ့အတွက် ပြောနိုင် တာက ငါ သူ သတ္တဝါ ဆိုတာသည် ပညတ်အသုံးသက်သက်သာ ဖြစ်ပြီး အဓိပ္ပာယ်နဲ့ တကယ့်အရှိ မကိုက်တဲ့အတွက် သမုတိသစ္စာ မထိုက်ဘူးဆိုတာပါပဲ။

သမုတိသစ္စာထိုက်တဲ့ထဲမှာ ပါတာကတော့ ယောကျ်ားမိန်းမ ဆိုတာ သမုတိသစ္စာ ထိုက်ပါတယ်။ ပုဂ္ဂလပညတ်ကျမ်းမှာ မိဘ အနေနဲ့ ပါပါတယ်။ ဒါကတော့ ယောကျ်ားဘာဝရုပ်ပါတဲ့ ရုပ်နာမ်ကို ယောကျ်ားလို့ ပညတ်ပြီး မိန်းမဘာဝရုပ်ပါတဲ့ ရုပ်နာမ်ကို မိန်းမလို့ ပညတ်တာပါ။ ဒါဟာ စကားလုံး အဓိပ္ပာယ်နောက်မှာ ထူးခြားချက်ပါတဲ့အတွက် သမုတ်အမှန်ဆိုတဲ့ သမုတိသစ္စာ ထိုက်ပါသေးတယ်။ ဒါပေမယ့် သတိထားရမှာက သမုတိသစ္စာကို ဟောထားတဲ့ ကျမ်း ကိုယ်တိုင်ကိုက ပုဂ္ဂလပညတ်ကျမ်း ဖြစ်တဲ့အတွက် ပညတ်ထားခြင်းသာ ဖြစ်တယ် ထူးခြားချက် အဓိပ္ပာယ်ရှိလို့ သမုတ်အမှန်ဖြစ်တယ်လို့ ပြောရမှာပါ။ သမုတိသစ္စာနဲ့ ပတ်သက်လို့တော့ ပုဂ္ဂလပညတ်ကျမ်းမှာသာ အကျယ်လေ့လာပါလို့ ပြောပါရစေ။ အရိယာသစ္စာကတော့ ရုပ်နာမ် ဖြစ်ပျက်ဟာ ၁။ အမြဲဖြစ်နေရတဲ့အတွက် ၂။ အမြဲပျက်နေရတဲ့အတွက် ၃။ နှိပ်စက်တတ်တဲ့သဘောရှိတဲ့အတွက် ၄။ ကိလေသာတို့ရဲ့ ပူလောင်မှုသဘောရှိတဲ့အတွက် ရုပ်တွေနာမ်တွေကိုပါ ပယ်လိုက်ပြီး ဒုက္ခသစ္စာ၊ စက်ဆုပ်စရာ အသုံးမကျတာ အမှန်ပါပဲ။ ဒီဒုက္ခသစ္စာ ဖြစ်ကြောင်းကတော့ သမုဒယသစ္စာ တဏှာပါ။ လွတ်လမ်းကတော့ မဂ္ဂင်ရှစ်ပါး မဂ္ဂသစ္စာပါပဲ။ အသင်္ခတတရား နိစ္စ သုခ အနတ္တ ကတော့ ငြိမ်းအေးရာ အမှန် နိဗ္ဗာန်ပါပဲ။

mgyee.com

## ဒိဋ္ဌိကို ပွားများမှုနှင့် ပယ်သတ်ခြင်း

mgyoe.com

ဒိဋ္ဌိဆိုတာ အယူလို့ အဓိပ္ပာယ်ရပါတယ်။ သမ္မာဒိဋ္ဌိဆို မှန်ကန်သောအယူ မိစ္ဆာဒိဋ္ဌိဆိုမှားယွင်း သောအယူပါ။ ဒါပေမယ့် တဏှာမာနဒိဋ္ဌိမှာပါတဲ့ ဒိဋ္ဌိဆိုပြီး တစ်လုံးထဲ ပြောတာကတော့ ငါ သူ ယောက်ျား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အသက်ဇီဝလို့ ယူဆတဲ့ နိစ္စသညာရော အတ္တသညာရောကို ပေါင်းပြီး ဒိဋ္ဌိလို့ ပြောလိုက်တာပါ။ သက္ကာယဒိဋ္ဌိ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိ သုံးမျိုးစလုံးလည်း ပါပါတယ်။ ချုံလိုက်ရင်တော့ မှားယွင်းသောအမြင်လို့ ပြောရပါမယ်။

ပထမဆုံးကတော့ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ပြီး ဝေဒနာနောက်မှာ ဒိဋ္ဌိ ဖြစ်ကြောင်း အရင်သိဖို့လိုပါတယ်။ စိတ်သည်လောကကိုဆောင်သည်ဆိုတဲ့ အတိုင်း ဒိဋ္ဌိဖြစ်တဲ့ စိတ်ဟာ သတ္တလောကကိုဆောင်ထားပါတယ်။ ခန္ဓာငါးပါး ရုပ်နာမ်တရား တွေကို သတ္တဝါတွေလို့ မြင်ပါတယ်။ အဲဒီလိုအမြင် ရှိနေသ၍ ကာမတဏှာ ဘဝတဏှာ တို့ အားကောင်းကြောင်း အထောက်အပံ့ ဖြစ်ပြီး သံသရာက မလွတ်အောင် တဏှာက ဆွဲထားပါတယ်။ ဒုက္ခတွေ ကြုံရတော့လည်း ဝိဘဝတဏှာ ဆိုတဲ့ အလုံးစုံဘာမှမရှိတော့ မှုမျိုးကို သဘောကျပြီး ဥစ္ဆေဒ ဒိဋ္ဌိဘက် ကူးသွားပြန်တာပါပဲ။ သူလည်း တဏှာပဲမို့ သံသရာက မလွတ်အောင် ဆွဲပြန်တာပါပဲ။ အဲဒီအတွက်ကြောင့် ဒိဋ္ဌိပြုတ်ဖို့ကို ပထမ ဦးစားပေးအနေနဲ့ ကြိုးစားရပါတယ်။

ဒိဋ္ဌိဖြစ်ရခြင်းအကြောင်းက နှလုံးသွင်းမှားကြောင့်ပါ။ တရားနာမှားကြောင့် လည်း ဒိဋ္ဌိ ဖြစ်တတ်ပါတယ်။ ဒိဋ္ဌိဟာ အကြောင်းသိသွားတဲ့အခါမှာ အရမ်းကို လက်တွေ့ ကျကျ ရိုးရှင်းစွာ နားလည်ရလွယ်ပေမယ့် တရားအားထုတ်ခါစ လူအဖို့ ဘယ်လို ဖြုတ် ရမလဲ ဆိုတာကို မသိနိုင်ကြပါဘူး။ တရားဟောတဲ့သူက နားလည်အောင် ဟောပေမယ့် စိတ်က နှစ်စိတ်တစ်ပြိုင်တည်း မဖြစ်ဆိုတဲ့ အတိုင်း ဒိဋ္ဌိဖြစ်တဲ့အချိန်မှာ ငါဆိုတာကြီးက အရမ်းကို သေချာရှိနေသလို ခံစားရတာမို့ ငါမဟုတ်ဘူးဆိုတာကို လက်ခံတဲ့ ဉာဏ်ဖြစ်ဖို့ အင်မတန် ခဲယဉ်းပါတယ်။ ဒီနေရာမှာတင် ကျနော် နှစ်နဲ့ချီ လည်နေခဲ့ဖူးပါတယ်။ မိုးကုတ်ဆရာတော်ကြီးကလည်း ဒိဋ္ဌိအရင်ဖြုတ်ဖို့ဟော ကိုယ်မှာကလည်း ပဋိစ္စသမုပ္ပါဒ် နာလျက်နဲ့ ဘယ်လိုကြောင်းကျိုးဆက်စပ်မှုမျိုးနဲ့ ဒိဋ္ဌိကို ဖြုတ်ရမယ်မသိ။ လှုပ်ရှားသမျှ မြင်သမျှ ကြားသမျှမှာ ဒိဋ္ဌိကဦးစီးနေတာပါပဲ။ အဲဒါကြောင့် ဒိဋ္ဌိနဲ့ပတ်သက်ပြီး နှစ်နဲ့ချီ ကြုံတွေးခဲ့ရပါတယ်။ ဒိဋ္ဌိကို ပြုတ်စေမယ့် နည်းလမ်း သုံးခု ရှိပါတယ်။ ရှေ့မှာရေးခဲ့တဲ့ သက္ကာယဒိဋ္ဌိ ဆိုတဲ့ စာမှာလည်း ဒီသုံးမျိုးပဲ ရေးခဲ့တာပါပဲ။ ဒီစာမှာတော့ နှစ်ခုပဲ ရေးပါ့ မယ်။ အဲဒီနှစ်ခုနဲ့တင်လည်း ဒိဋ္ဌိပြုတ်ဖို့ လုံလောက်ပါတယ်။

mgyoe.com

mgyoe.com

အဲဒါကတော့တော့ ပရမတ်တရားကို မြင်အောင်ကြည့်ပြီး နားလည်အောင် လုပ်ပြီး ဖြစ်ပျက်ကို ရှုတာပါပဲ။ အဲဒါအလွယ်ဆုံးနည်းလမ်းပါပဲ။ ပရမတ်တရားကို မြင်အောင်ကြည့်ဆိုတာကတော့ ကိုယ်သတ္တဝါလို့ ထင်သမျှအားလုံးဟာ စိတ် စေတသိတ် ရုပ်ဆိုတဲ့ မကွာခြားတဲ့ ပရမတ်တရားတွေ ဆိုတာကို သိအောင်လုပ်ဖို့ပါပဲ။ ကိုယ်သိသမျှ ဘုရား က အစ ဒေဝဒတ်အဆုံး အားလုံးဟာ မကွာခြားတဲ့ စိတ် စေတသိတ် ရုပ်တရား တွေပဲ လို့ မြင်အောင်ကြည့်ရပါမယ်။ ဒါမှသာ သူနဲ့ ငါနဲ့ကတော့ မတူဘူး။ ကွဲပြား ခြားနားမှုရှိတယ်ဆိုတဲ့ အထင်ပျောက်သွားဖို့ ပါမယ်။ ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါ ဆိုတာတွေဟာလည်း သဏ္ဌာန်တွေသာ ကွာခြားတာ တကယ်တမ်းတော့ မကွာခြားတဲ့ စိတ် စေတသိတ် ရုပ် ပရမတ်တရားတွေပဲလို့ မြင်လာပါမယ်။ ပညတ်တွေ အကုန်လုံးကို မေ့ပစ်လိုက်ပါ။ ပရမတ်သက်သက်ကို မြင်လာဖို့ လိုပါတယ်။ ဒီပရမတ် တရားတစ်ခုခြင်းစီဟာ သူ့သဘောသူဆောင်နေတာပဲ ဆိုတာကို မြင်အောင်ကြည့်ပါ။

ရုပ်ကိုလည်း မပိုင်သူ့သဘောသူဆောင် အိုနာသေဖက် သွားနေတယ်။ ဖောက်ပြန် ပျက်စီးနေတယ်။ စိတ် စေတသိတ် ဆိုတဲ့ နာမ်ဟာလည်း ဝိညာဏ်ကလည်း သိတတ်တဲ့ သဘောဆောင်ပြီး သိတဲ့အလုပ် လုပ်နေတယ်။ ဝေဒနာကလည်း သုခ ဒုက္ခ ဥပေက္ခာ ဖြစ်နေတယ်။ သညာကလည်း မှတ်သားခြင်း မှတ်မိခြင်း ဖြစ်နေတယ်။ သင်္ခါရကလည်း စေ့ဆော်မှုအမျိုးမျိုး ဖြစ်နေတယ်။ ခန္ဓာငါးပါးစလုံးဟာ သူ့သဘောသူ ဆောင်နေတဲ့ ပရမတ် တရားတွေ ဆိုတာ အရင်သိရပါမယ်။ ခန္ဓာငါးပါးကို ခန္ဓာငါးပါး လို့ပဲ မြင်ပြီး ပုဂ္ဂိုလ်သတ္တဝါ အမြင်ကို စွန့်လိုက်ပါ။

ပြီးရင်တော့ သတိပဋ္ဌာန်လေးပါး ကြိုက်ရာရှုနိုင်ပါတယ်။ စိတ်ကိုရှုရတာတော့ အလွယ်ဆုံးမို့ စိတ်ကို ရှုစေချင်ပါတယ်။ စိတ်က အမြဲ ဖြစ်ပျက်နေတာကို သိအောင် ရှုပါ။ စစခြင်းမှာတော့ ရှေ့တစ်မိနစ်က စိတ်မရှိတော့တာကို မြင်အောင် သတိထားပြီး ဖြစ်ပြီး ပျက်တာပဲလို့ ဆုံးဖြတ်ပါ။ ဒီလိုကနေပြီး အဖြစ်အပျက်ကို စိတ်သထက် စိတ်အောင် ရှုပါ။ တဖြည်းဖြည်းနဲ့ စိတ်ဖြစ်ပျက်တောက်လျှောက် ဆက်နေတာကို သိတဲ့ထိရှုပေးပါ။ နောက်ဆုံးမှာတော့ စိတ်တွေ ပျက်လိုက် အစားထိုးလိုက် တောက်လျှောက်ကြီး ဖြစ်နေ တာပဲ ဆိုတာကို မြင်လာပါလိမ့်မယ်။ ပျက်တာနဲ့ အစားထိုးကြားထဲမှာ အကြားမရှိတဲ့ အတွက် စိတ်ဟာ သူ့သဘောသူဆောင် ဖြစ်ပျက် နေတာပဲ ဆိုတာကို သိလာပြီး ငါ သူ ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာမရှိ ပျက်တာနဲ့ အစားထိုးတာသာ ရှိတယ်ဆိုပြီး နိစ္စသညာ ခေါ်တဲ့ မနေ့က ငါနဲ့ ဒီနေ့ငါ တူတူပဲ။ ခုနက ငါနဲ့ ခုငါနဲ့ တူတူပဲ ဆိုတဲ့ အမြင်ဟာ မှားနေတယ်ဆိုတာ သိလာ ပါမယ်။ တကယ်ဖြစ်နေတာဟာ ငါတွေ သူတွေ ယောကျ်ားတွေ မိန်းမတွေ မဟုတ်ပဲ ရုပ်နာမ် ဖြစ်ပျက်သာ ဆိုတာကို သိလာပါမယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီရုပ်နာမ်ဖြစ်ပျက်ထဲမှာလည်း လိုချင်မှု ဆိုတဲ့ စိတ်ဟာလည်း ငါလိုချင်တာမဟုတ်ပဲ ဝေဒနာကြောင့်ပေါ်လာပြီး ပျက်သွားတဲ့ ဖြစ်ပျက်ထဲက ဖြစ်ပျက်တစ်ခုပဲ။ ဖြစ်ပျက်မှ တစ်ပါး အခြားမရှိ အဲဒီအတွက် ငါသူ ဆိုတာလည်းမရှိ ဆိုပြီး သိလာဖို့ပါပဲ။

ကြည့်ပါများလာတော့ ဒီဖြစ်ပျက်လေးတစ်ခုစီဟာ ဘာအဓိပ္ပာယ်မှ မရှိပဲ ဖြစ်ပျက်နေမှု(အနိစ္စ) သက်သက်သာဖြစ်တဲ့အတွက် စက်ဆုပ်စရာ အသုံးမကျတဲ့ တရား (ဓမ္မ)လေးတွေသက်သက် ဒုက္ခလို့ မြင်လာပါ့မယ်။ ပိုင်ဆိုင်မှုဆိုတာလည်း မရှိ အနတ္တပါ ထင်ရှားလာပါလိမ့်မယ်။ ဒါကတော့ အနိစ္စကနေ ဒုက္ခနဲ့ အနတ္တကိုပါ မြင်လာ စေတဲ့ နည်းပါ။ အဲဒီဖြစ်ပျက်နေတဲ့ ဓမ္မတစ်ခုခြင်းစီဟာ ရှေ့ဖြစ်ပျက်ကြောင့် နောက် ဖြစ်ပျက် ဖြစ်နေတာမို့ သင်္ခါရတရားလို့ ခေါ်ပါတယ်။ အဲဒါကြောင့် သဗ္ဗေသင်္ခါရ အနိစ္စာ၊ သဗ္ဗေသင်္ခါရ ဒုက္ခာ၊ နဲ့ သဗ္ဗေ ဓမ္မာ အနတ္တာ ဆိုပြီးနားလည်သွားဖို့ပါ။ ဖြစ်ပျက်သမျှ အပေါ် အနိစ္စ ဒုက္ခ အနတ္တ တင်ရှုနိုင်ရင်တော့ ဒိဋ္ဌိပြုတ်ဖို့ လုံလောက်ပါပြီ။ ဒိဋ္ဌိ ပြုတ်လာ ပါမယ်လို့ပဲ ပြောပါရစေ။

ဒီနည်းလမ်းဟာ လူတိုင်းအတွက် သင့်တော်ပါတယ်။ ပရမတ်တရားတွေ သူ့ သဘောသူဆောင် ဖြစ်ပျက်နေခြင်းသာ ဆိုတာ သိပြီမြင်ပြီဆိုရင် ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းတဲ့ အမြင်နဲ့ သုညတ ဆိုက်ပါပြီ။ ရှေ့ဆက်ရမယ် နည်းလမ်းရယ်လို့ ပြောစရာ မရှိ ဖြစ်ပျက်ကိုသာ ဆက်ရှုရင်း ငါ သူ ပြုတ်ပြီး သင်္ခါရတရားတွေ ဖြစ်ပျက် နေမှုပေါ်မှာ စက်ဆုပ်လာပါမယ်။ စိတ်ကုန်လာပါမယ်။ လောကကြီး ကြည့်တော့လည်း ပုဂ္ဂိုလ်သတ္တဝါ မရှိ တွယ်တာစရာ ငါ့သား ငါ့သမီး ငါ့မိဘ ဆိုတာတွေလည်း မရှိ။ သင်္ခါတရား ဒုက္ခဖြစ်ပြီး ဒုက္ခပျက်နေတာမှတစ်ပါး အခြားမရှိ ဆိုတာ သိလာပါ လိမ့်မယ်။ အဲဒီအခါမှာတော့ သင်္ခါရဒုက္ခ (တစ်နည်း) ဖြစ်ပျက်တွေကို မုန်းလာပါမယ်။ ရှင်းသထက်ရှင်း မုန်းသထက် မုန်းရင် လွတ်ချင်စိတ် အကြီးအကျယ်ဖြစ်လာပါ့မယ်။ အဲဒီလို လွတ်မြောက်ချင်စိတ် ကနေ ဆက်ရှုရမှာကတော့ အနိစ္စ ဒုက္ခ အနတ္တကိုပဲ ဆက်ရှုရမှာပါပဲ။ ဒီကနေ ရှေ့ကတော့ ကျနော်လည်း အတိအကျမပြောတတ်ပါဘူး။ စာအရတော့ သင်္ခါရပေက္ခာကနေ ဆက်သွား ဖို့ ပါပဲ။ ဒီစာကို ဒီမှာတင်ရပ်ခွင့်ပြုပါ။ နောက်တစ်နည်းဖြစ်တဲ့ အနတ္တကနေ စပြီးသွားတဲ့ နည်းကတော့ ကျနော်ရေးခဲ့ပြီး ဖြစ်တဲ့ သင်္ခါရမှ အနတ္တကို သိမ်းဆည်းခြင်း စာမှာ ဖတ်ကြည့်ဖို့ ပြောပါရစေ။ အဲဒီနည်းကတော့ ဖြစ်ပျက်သမျှ သင်္ခါရတွေကို အကြောင်း အကျိုး သိမ်းဆည်းပြီး အားလုံးဟာ သင်္ခါရမို့ အနတ္တပဲလို့ ဆုံးဖြတ်ချက် ကျစေပါတယ်။ ဒီသုံးနည်းနဲ့ တကယ် အားထုတ်ရင် တကယ်ဒိဋ္ဌိ ကွာသွားမှာမို့ အလေးအနက်ထား ဖတ်ရှုစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

## ဆေးခါးကြီး

သစ္စာတရားဆိုတာ ရှိးရှင်းသလောက် ဟောရ နာရ အင်မတန်ခက်ပါတယ်။ အဓိကကတော့ ဥပါဒါန်လေးပါးရဲ့ဆွဲဆောင်အားက ကြီးလွန်းတော့ သစ္စာထိ ဉာဏ်ပေါက်ဖို့ မလွယ်ပါဘူး။ ဒိဋ္ဌိဆိုတဲ့တရားကလည်း ဂုတ်ခွစီးထားတာမို့ ဒိဋ္ဌိလွတ်ရာ အစရှာမရကြပါဘူး။ ကာမဂုဏ်ခင်တွယ်တဲ့ စိတ်နဲ့ ငါ ငါ့အတ္တ ဆိုတဲ့ အစွဲကလည်း အရာရာကို လိုချင်နေတာပါပဲ။ မမြဲတဲ့ ကိစ္စတွေ မြင်နေလျက်နဲ့ ငါတော့ မြဲသားပဲဆိုတဲ့ အထင်မျိုးက တော်တော့ ရှုးယုံနဲ့မရပါဘူး။ ပွင့်ပွင့်လင်းလင်းပြောရင်တော့ သွက်သွက် ခါအောင်ကို ရှူးနေလို့ပါ။ တရားစအားထုတ်တဲ့ဖက် ရောက်လာတဲ့သူတွေ တော်တော် များများက သူတို့ စိတ်အေးချမ်းဖို့ စိတ်သက်သာရာရဖို့ ဆိုတဲ့ ဦးတည်ချက်တွေ ပါပါတယ်။ တစ်ပြိုင်တည်းမှာပဲ သူတို့လိုချင်တဲ့ဖြေရှင်းနည်းကကြုံနေရတဲ့ ဒုက္ခတွေက ပြေလည်သွားဖို့ လိုချင်တာတွေ ဖြစ်ဖို့ ဆိုတာမျိုးဖြစ်နေတတ်ပါတယ်။

ဒါပေမယ့် တရားတော်ဟာ အဲဒီအလိုတွေ ပြည့်အောင် လုပ်မပေးနိုင်ပါဘူး။ ဗုဒ္ဓဘာသာက အမှန်တရား ဆေးခါးကြီးပဲ တိုက်နိုင်ပါတယ်။ မိဘသေဆုံးလို့ စိတ်ဆင်းရဲနေတဲ့ သူကို ပူပန်မနေနဲ့ မင်းဆွေမျိုးတွေရော သားသမီးတွေရော မင်းရော သေမှာပဲလို့ ပြောရပါတယ်။ လိုချင်မှုတွေ မရတဲ့ ပုဂ္ဂိုလ်ကို လိုချင်မှုဆိုတာ အလကားပဲ ရတယ်ဆိုတာမရှိ ပိုင်တယ်ဆိုတာ မရှိ အားလုံးဟာ သူ့သဘောသူ ဆောင်နေတာလို့ ပြောရပါတယ်။ ဘာလို့လဲဆိုတော့ အဲဒါဟာ အမှန်တရား ဖြစ်ပြီး ဒုက္ခတွေကနေ လွတ်မြောက်စေဖို့က လမ်းစဟာအမှန်တရားကို သိခြင်းဖြစ်နေလို့ပါပဲ။ ဒီလိုအမှန်တရားကို သိခြင်းအားဖြင့်ပဲ နည်းနည်းသိလာလေ နည်းနည်းအေးချမ်းလာလေ ဖြစ်လာမှာပါပဲ။ ဒီလိုအေးချမ်းရဲ့ အကြောင်းကလည်း ဘယ်သူမှ လုပ်ပေးလို့မဟုတ် ပါဘူး။ အစကတည်းက မပိုင်တဲ့ အရာတွေပေါ် စွဲလမ်းမှု သိမ်းပိုက်မှုကြောင့် ပူလောင် နေမှုဟာ စွဲလမ်းမှု သိမ်းပိုက်မှု လျော့ရင်လျော့သလောက် သက်သာရာရသွားတဲ့ သဘောပါ။

ဒီနေရာမှာ ဗုဒ္ဓဘာသာရဲ့ အနှစ်သာရလို့တောင်ပြောလို့ရမယ့် အရာအားလုံးဟာ အကြောင်းကြောင့် အကျိုး ဖြစ်နေခြင်း ဆိုတာကို နားလည်ဖို့ လိုပါတယ်။ လက်ရှိရုပ်နာမ်ကစပြီး လောဘ ဒေါသ မောဟ၊ အလောဘ အဒေါသ အမောဟ စိတ်တွေ အကုန်လုံးဟာ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုးတရားများသာ ဖြစ်ပါတယ်။ အဲဒါတွေ အားလုံးကို သင်္ခါရတရားလို့ ခေါ်ပြီး သင်္ခါရတရားများဟာ အနိစ္စ အမြဲမရှိ၊ ဒုက္ခ စက်ဆုပ်စရာ အသုံးမကျတာ၊ အနတ္တ ငါ သူ မဟုတ် မပိုင်ဆိုင် သူ့သဘောသူဆောင် နေမှုသာ ဖြစ်ပါတယ်။ ဒီလို သင်္ခါရတရားတွေ အဆက်မပြတ် ဖြစ်ပျက်နေမှုဟာ

mgyoe.com

စက်ဆုပ်စရာ အသုံးမကျတာ အမှန် ဒုက္ခသစ္စာပါ။ ဒုက္ခသစ္စာ ဖြစ်ရခြင်း အကြောင်းကတော့ သမုဒယသစ္စာ လိုချင်မှု အမှန် တဏှာ ဆိုတဲ့ တရားကြောင့်ပါ။ သမုဒယသစ္စာ တဏှာကို အမှန်သိမြင်ခြင်း သမ္မာဒိဋ္ဌိ ဦးဆောင်တဲ့ မဂ္ဂင်ရှစ်ပါး အကျင့်နဲ့ ပယ်သတ်လိုက်မှသာ ဒုက္ခသစ္စာချုပ်ငြိမ်းသွားပြီး အေးချမ်းရာအမှန် နိရောဓသစ္စာဆိုတဲ့ အသင်္ခတ နိဗ္ဗာန်ကို ဆိုက်ရောက်နိုင်ပါတယ်။

သစ္စာလေးပါးက အင်မတန်ရှင်းပါတယ်။ သစ္စာလေးပါးမှာ ပိုင်းခြားသိ ထိုးထွင်းသိ ဉာဏ်သက်ဝင်နိုင်ဖို့ကတော့ ငါသူမရှိဆိုတဲ့ အနတ္တကို အမြင်ရှင်းရပါမယ်။ နောက်ဆုံးနိဗ္ဗာန် အသင်္ခတ တရားသည်လည်း သဗ္ဗေ ဓမ္မာ အနတ္တာ ဆိုတဲ့အတိုင်း အနတ္တပါ။ ဒိဋ္ဌိပြုတ်မှသာလျှင် သစ္စာလေးပါးကို မြင်နိုင်ပါတယ်။ သစ္စာလေးပါး သိမှသာလျှင် နိဗ္ဗာန်ကိုမျက်မှောက်ပြုနိုင်ပါမယ်လို့ပဲ ပြောရင်းနိဂုံးချုပ်ပါရစေ။

## သက္ကာယဒိဋ္ဌိ

သက္ကာယဒိဋ္ဌိ ဆိုတာ ထင်ရှားရှိသော ခန္ဓာငါးပါးပေါ်တွင် ငါ သူ ဟု မှားယွင်းစွာ ထင်မြင်ယူဆမှုပင် ဖြစ်သည်။ ထို့ထက်ဆိုရပါမူ ခန္ဓာငါးပါးပေါ်တွင် အမည်တပ်သမျှ ထိုသို့တပ်သောအမည်ကို အမှန်ဟု ယူဆသမျှ သက္ကာယဒိဋ္ဌိ ချည်းသာ ဖြစ်သည်။ ခန္ဓာငါးပါးကို ခန္ဓာငါးပါးဟုသာ မြင်သင့်သည် သို့မှသာ သက္ကာယဒိဋ္ဌိကို ခွါချနိုင်မည် ဖြစ်သည်။ သက္ကာယဒိဋ္ဌိသည် ဒိဋ္ဌိ ၆၂ ပါးတို့၏ အချုပ် ဖြစ်သလို ဒိဋ္ဌိကွာလျှင် ဝိစိကိစ္ဆာပါ ကွာသည့်အတွက် ဝိစိကိစ္ဆာ၏ ရေသောက်မြစ်လည်း ဖြစ်လေသည်။ ထိုသက္ကာယဒိဋ္ဌိကို ပယ်ခွာနိုင်ရန်အတွက် သညာသိ သိရုံနှင့်မရပဲ ကိုယ်တိုင် ထိုးထွင်း သိဖို့ လိုသည်။ ဤစာတွင် သက္ကာယဒိဋ္ဌိကို ဦးတည်၍ ထိုးထွင်းသိနှင့် ဖြုတ်နိုင်အောင် ပွားများရသည့် တရားများကို မိမိဉာဏ်မှီသလောက် တင်ပြလိုပါသည်။

ပထမဆုံးအချက်မှာ ရုပ်နာမ်၊ ခန္ဓာငါးပါးကို ပိုင်းခြား သိခြင်း ဖြစ်သည်။ ပထမ ဦးစွာ ငါမဟုတ် ပုဂ္ဂိုလ်သတ္တဝါမဟုတ် ရုပ်နှင့်နာမ်သာ ဆိုသည်ကို ဦးစွာ သိထားဖို့ လိုပါသည်။ ရုပ်ဆိုသည်မှာ သူ့သဘောကောင်၏ သဘောမျိုးရှိပါသည်။ သိတတ်သော သဘောမရှိ ခံစားတတ်သော သဘောမရှိ အကောင်အထည် မြင်ရပါသည်။ ထိုအရာကို ရုပ်ဟုခေါ်ပါသည်။ နာမ်ဆိုသည်မှာ ရုပ်မှလွဲ၍ အကောင်အထည်လုံးလုံးမရှိသော သိတတ်သော သဘောမှန်သမျှကို နာမ်ဟုခေါ်ပါသည်။ ရုပ်နှင့် နာမ်သာရှိပြီး ငါ သူ ပုဂ္ဂိုလ်သတ္တဝါ မရှိဆိုသည်ကို ဉာဏ်ရှင်းထားဖို့ လိုပါသည်။

mgyoe.com

ထို့နောက် ရုပ်နာမ်ကို ထပ်မံ ခွဲစိတ်ကြည့်ပါက ရုပ်ခန္ဓာတစ်ပါးနှင့် နာမ်ခန္ဓာလေးပါး ရှိသည်ဟု သိရပါမည်။ ရုပ်ခန္ဓာအကြောင်းကတော့ အပေါ်တွင် ရှင်းခဲ့ပါပြီ။ ထိုသို့ လူသေနှင့် နှိုင်းယှဉ်ရသော ရုပ်ကြီးကို ငါသူ ပုဂ္ဂိုလ် သတ္တဝါ သတ်မှတ်၍ မရပါ။ ရုပ်သည် ရုပ်သာဖြစ်ပါသည်။ သူတွင်ဖောက်ပြန်ပျက်ဆီးသည့် သဘောသာရှိပါသည်။

ကျန်နာမ်ခန္ဓာလေးပါးမှာ ဝေဒနာ၊ သညာ၊ ဝိညာဏ် နှင့် သင်္ခါရ တို့ ဖြစ်ပါသည်။ (၁)ဝေဒနာသည် ခံစားမှုသဘောအစုဖြစ်ပါသည်။ ကောင်းမှု မကောင်းမှု အလယ်အလတ်သောမနသ ဒေါမနသ ကို ခံစားပါသည်။ ထိုဝေဒနာကိုလည်း ငါ သူ ပုဂ္ဂိုလ် သတ္တဝါ သတ်မှတ်၍မရပါ။ ခံစားမှုသည် ခံစားမှုသာ ဖြစ်ပါသည်။ (၂) သညာသည် မှတ်သားမှုသဘောဖြစ်ပါသည်။ မိမိ၏ ဆွေမျိုး စသည်တို့ကို တွေ့သောအခါ ခန္ဓာငါးပါးသက်သက်ကို တွေ့ပါလျက် သားပဲ သမီးပဲ ဇနီးပဲ ဟု မြင်ခြင်းမှာ သညာ၏ အစွမ်းဖြစ်ပါသည်။ တွေ့လိုက်သည်နှင့် ပုဂ္ဂိုလ်သတ္တဝါစွဲယူလိုက်မှုသည် သညာမှ ယခင်ကြုံဖူးသည်များကို ဆက်စပ်ပြီး ပုဂ္ဂိုလ်ဖွဲ့ပေးမှု ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေ သညာကို ငါ သူ ပုဂ္ဂိုလ်သတ္တဝါဟု ယူ၍မရပါ။ သညာသည် မှတ်သားတတ်သည့် သဘော မှတ်မိတတ်သည့် သဘောသာရှိပါသည်။ (၃) ဝိညာဏ်သည် သိတတ်သည့် သဘောရှိပါသည်။ ဝေဒနာ သညာ သင်္ခါရသည် စေတသိတ် ဖြစ်ပြီး ဝိညာဏ်သည် စိတ် ဖြစ်ပါသည်။ စေတသိတ်များသည် သူ့ချည်းမဖြစ်နိုင်ပါ စိတ်နှင့် အမြဲ ယှဉ်၍ ဖြစ်ရ ပါသည်။ ပဋ္ဌာန်းတွင်လည်း နာမ်ခန္ဓာလေးပါးသည် တစ်ပေါင်းတည်း ဖြစ်ခြင်း သတ္တိရှိသည်ဟု ဆိုထားပါသည်။ ဝိညာဏ်သည် မြင်သိစိတ် ကြားသိစိတ် နံသိစိတ် အရသာသိစိတ် အတွေ့အထိသိစိတ် အကြံအတွေးသိစိတ်ကို ဖြစ်စေပါသည် ဖြစ်ပြီး ပျက်တတ်သည့် သဘောရှိသည် ဝိညာဏ်ကိုလည်း ငါ သူ ပုဂ္ဂိုလ် သတ္တဝါဟု သတ်မှတ်၍ မရပါ။ သူ့တွင် သိခြင်းသဘောသာ ရှိပါသည်။ (၄) သင်္ခါရမှာ စေ့ဆော်မှု သဘော ဖြစ်ပါသည်။ ကာယကံ ဝစီကံ မနောကံ ကို ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရဟု ခေါ်ပါသည်။ စေ့ဆော်မှု သဘောအစု ဖြစ်ပါသည်။ ၎င်းကိုလည်း ငါ သူ ပုဂ္ဂိုလ် သတ္တဝါဟု သတ်မှတ်မရပါ။ မရမနေ လိုချင်စိတ်ကြောင့် ဖြစ်သော စေ့ဆော်မှုသာ ဖြစ်ပါသည်။

၃၁ ဘုံတွင် ရုပ်ချည်းသက်သက်ရှိသော ဘုံနှင့် နာမ်ချည်းသက်သက်ရှိသော ဘုံမှ လွဲလျှင် ကျန်ဘုံအားလုံးသည် ခန္ဓာငါးပါး အပေါင်းအစုများသာ ဖြစ်ပါသည်။ ငါ သူ ပုဂ္ဂိုလ်သတ္တဝါခေါ်၍မရ ငါသူ ပုဂ္ဂိုလ် သတ္တဝါ မရှိပါ။ ခန္ဓာငါးပါး တစ်ခုစီသည် ငါသူ ပုဂ္ဂိုလ်သတ္တဝါ ခေါ်၍မရသောကြောင့် ၎င်းတို့ အစုအပေါင်းသည်လည်း အစုအပေါင်း သာ ဖြစ်ပါသည်၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါ။ ခန္ဓာငါးပါး၏ သဘာဝများသည်လည်း တူတူသာ ဖြစ်သောကြောင့် ငါ သူ ဟု ခွဲခြားမရပါ။ မကွဲပြားသော ရုပ်တရား နာမ်တရား များသာ